# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၁) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (28-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၅၉)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/ KNLA-PC၊ LDU ၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)တို့၏ ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးစဉ်။



ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

စာမျက်နှာ – ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့်ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ – ၁၉






ရတနာပုံ
၂၀၁၂ ခုနှစ် ဇွန် ၂၈ ရက်
အယ်ဒီတာ့အာဘော်

# ရေကြီးရေလျှံခြင်းနှင့် မုန်တိုင်းအန္တရာယ် သတိပြုကာကွယ်

ယခုအခါ မိုးရာသီကာလရောက်ရှိနေပြီဖြစ်သောကြောင့် နိုင်ငံတစ်ဝန်း နေ့အပူချိန်မြင့်တက်ချိန်တွင် တစ်ခါတစ်ရံ လေထုမငြိမ်သက်မှုများဖြစ်ခြင်း၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းကာ လေပြင်းတိုက်ခြင်း၊ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်ပြက်ခြင်း၊ နေရာကွက်ကျားမိုးရွာခြင်းတို့ကိုဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နှစ်စဉ် မိုးရာသီရောက်လျှင် ရေကြီးရေလျှံမှုအပါအဝင် မုန်တိုင်းတိုက်ခတ်ခြင်းများ ကြုံတွေ့ရလေ့ရှိသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးတွင်းကာလ၌ ရေကြီးရေလျှံခြင်းနှင့် မုန်တိုင်းအန္တရာယ်များ အများဆုံးခံစားကြရသည်။ အဆိုပါ ရာသီဥတုအန္တရာယ်များခံစားရပါက လူတို့၏အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် တိရစ္ဆာန်များ အသက်ဆုံးရှုံးရခြင်း၊ ရေဝင်ရောက်မှုများပြားသဖြင့် စိုက်ပျိုးထားသောသီးနှံပင်များပျက်စီးပြီး လူနှင့်တိရစ္ဆာန်များအတွက် အစားအစာများ အခက်အခဲနှင့်ကြုံတွေ့ရသည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ငန်းဆောင်တာများ လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် စီးပွားရေးများ များစွာထိခိုက်ပျက်စီးရသည်။

ထို့ကြောင့် မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မုန်တိုင်းကျရောက်ခြင်းတို့မှ ကင်းဝေးစေရန် ရုပ်မြင်သံကြား၊ ရေဒီယို၊ နေ့စဉ်ထုတ်သတင်းစာများမှ ထုတ်ပြန်ထားသောသတိပေးချက်များကို အမြဲသတိပြုလိုက်နာရန်နှင့် ရေကြီးရေလျှံမှုဖြစ်လျှင် ဘေးလွတ်ရာကုန်းမြင့်များသို့ အချိန်မီပြောင်းရွှေ့နေထိုင်ရန်၊ အစားအစာများကို ကြိုတင်စုဆောင်းထားရန်၊ သန့်ရှင်းသောသောက်သုံးရေများ အဆင့်သင့်ထားရှိရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် မေ ၁၄ ရက်က အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် ထိခိုက်ပျက်စီးမှုများပြားခဲ့သည်။ ယခုအခါ အဆိုပါနေရာများတွင် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

မိုးရာသီကာလတွင် မြစ်ချောင်းအနီးနေထိုင်သူများ ရေကြီးရေလျှံမှုအန္တရာယ်များ ကြုံတွေ့ရနိုင်သည်။ ရေကြီးရေလျှံမှုကြောင့် အသက်အန္တရာယ်များကြုံတွေ့ရခြင်းနှင့်အတူ စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်စေသည်။ ရေကြီးရေလျှံမှုဖြစ်ပွားပါက အသက်အန္တရာယ်နှင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိခြင်း၊ အသက်ကယ်အင်္ကျီနှင့် အသက်ကယ်ပစ္စည်းများ အသင့်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်ထားရမည်ဖြစ်သည်။ ထို့ပြင် ရေထဲတွင် မလိုအပ်ဘဲရေကူးခြင်း၊ လမ်းလျှောက်ခြင်းများမပြုလုပ်ရန်၊ ရေစိုနေသောလျှပ်စစ်ပစ္စည်းများကိုအသုံးမပြုရန်၊ မြွေနှင့် အဆိပ်ရှိသောသတ္တဝါများ၏အန္တရာယ်များကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ မိုးရာသီကာလတွင်ဖြစ်ပေါ်နိုင်သည့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း စသည့်အန္တရာယ်များကျရောက်လာပါက ကြိုတင်သိရှိ၍ ပြင်ဆင်ဆောင်ရွက်မှုများပြုလုပ်နိုင်ရန်၊ ဘေးအန္တရာယ်မှ ကင်းဝေးစေရန် အချိန်နှင့်တစ်ပြေးညီထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းများ အမြဲမပြတ်နားစွင့်၍ သတိပြုနေထိုင်ခြင်းဖြင့် အဆိုပါအန္တရာယ်များ ကြိုတင်ကာကွယ်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ပဲစီးကွက်အသစ်များ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ပေါက်ဈေးရှိ

**မန္တလေး ဇွန် ၂၇**

မန္တလေးဈေးကွက်အတွင်း ပဲစီးကွက်အသစ်များ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပဲစီးကွက်အသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ထိုသို့ ဈေးကွက်အတွင်း ပဲစီးကွက်အသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုက ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်ဘက်ကလဲ ပဲစီးကွက်ကို ဝယ်ယူတာတွေရှိတယ်။ ပြည်တွင်းဈေးကွက်အတွင်းမှာလဲ အရောင်းအဝယ် ကောင်းနေတာကြောင့် ပဲစီးကွက်တွေ ဈေးကောင်းရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လဒုတိယပတ်က အရောင်းအဝယ်အေးသဖြင့် ပဲစီးကွက်ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၄၅၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့ပေါက်ဈေးအရ ပဲစီးကွက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ပဲစီးကွက်ဝယ်ယူမှုက တော်တော်လေးများတယ်။ ပဲစီးကွက်အသစ်တွေကလဲ အရောင်းအဝယ်ကောင်းတာကြောင့် ဈေးကွက်အတွင်းမှာ ကုန်စည်လက်ကျန်တော်တော်လေးနည်းသွားပြီး ဈေးကောင်းပြန်ရနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# ယခုနှစ်ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရာတွင် ဈေးကောင်းရရှိနေ



**မန္တလေး ဇွန် ၂၇**

ယခုနှစ် ထွက်ရှိလာသည့် ရင်ကွဲသရက်သီးများကို တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဈေးကောင်းရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မြေပြန့်ပိုင်း၌ စိန်တလုံးနှင့် ရွှေဟင်္သာသရက်သီးများ ရာသီကုန်ချိန်ရောက်ရှိနေပြီဖြစ်၍ တရုတ်နိုင်ငံဈေးကွက်သို့ ရင်ကွဲသရက်သီးများကိုသာ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ် သရက်ရာသီတွင် ရင်ကွဲသရက်သီး ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် တရုတ်ငွေ ယွမ် ၇၀ ကျော်သာရရှိခဲ့ကြောင်း၊ ယခုနှစ် သရက်ရာသီတွင် ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် တရုတ်ငွေ ယွမ် ၉၀ ဖြင့် ရောင်းချနေရသည့်အတွက် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"တရုတ်နိုင်ငံဈေးကွက်ကို ရင်ကွဲသရက်သီးတွေ တင်ပို့ရောင်းချနေကြပါတယ်။ ဈေးကောင်းရရှိနေပါတယ်။ ဒီလကစပြီး ရင်ကွဲသရက်သီးက ဈေးကွက်ထဲကို လှိုင်လှိုင်ဝင်ရောက်နေပါပြီ။ ကျန်တဲ့သရက်တွေက ပြတ်သလောက်ဖြစ်သွားပြီ။ ရင်ကွဲသီးပဲ ကျန်ပါတော့တယ်။ ဒီနှစ်မှာ သရက်က အဝယ်သွက်ပါတယ်။ အရည်အသွေးကောင်းရင်တော့ ဈေးကောင်းရကြပါတယ်။ နောက်နှစ်တွေမှာ တောင်သူတွေကိုယ့်ပစ္စည်းကို အရည်အသွေးကောင်းအောင် ဂရုစိုက်ကြဖို့လိုပါတယ်။ ခူးဆွတ်တာကအစ ထုပ်ပိုးမှုစနစ်ကောင်းကောင်း ထုပ်နိုင်ရင် ဈေးကောင်းရပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

တရုတ်နိုင်ငံဈေးကွက်သို့ စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် မယ်သီသရက်သီးတို့ကို နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# ရေလမ်းညွှန်စိုက်ထူခြင်းလုပ်ငန်းများ ယာယီရပ်နားထားသော်လည်း ရေကြောင်းအခြေအနေအရ အရေးပေါ် စိုက်ထူပြသပေးမည်

**မန္တလေး ဇွန် ၂၇**

ဧရာဝတီမြစ် ဗန်းမော်-မန္တလေး-စဉ့်ကူ-ချောက် ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်စိုက်ထူပြသခြင်း လုပ်ငန်းများ ယာယီရပ်နားထားသော်လည်း ရေကြောင်းအခြေအနေအရ အရေးပေါ်စိုက်ထူပြသခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ်ရေလမ်းကြောင်းတစ်လျှောက် ရေယာဉ်များသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် မေလအတွင်းက ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စိုက်ထူပြသပေးခဲ့ကြောင်း၊ ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် ရေလမ်းညွှန်စိုက်ထူပြသခြင်းလုပ်ငန်းများကို ဇွန်လမှစ၍ ယာယီရပ်နားထားကြောင်း သိရသည်။

"အခု ရေများချိန်ဖြစ်တာကြောင့် ရေလမ်းညွှန်လုပ်ငန်းတွေ ယာယီရပ်နားထားပေမဲ့ ရေလမ်းကြောင်းအခြေအနေအရ ကုန်တင်ရေယာဉ်တွေနဲ့ ခရီးသည်တင်ရေယာဉ်တွေ အခက်အခဲဖြစ်နိုင်မဲ့နေရာတွေမှာတော့ အရေးပေါ်အနေနဲ့ ရေလမ်းညွှန်စိုက်ထူပြသတဲ့လုပ်ငန်းတွေကို လုပ်ဆောင်ပေးသွားမှာပါ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေမြင့်တက်လာခြင်းကြောင့် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ကုန်တင်ရေယာဉ်များနှင့် ခရီးသည်တင်ရေယာဉ်များ အဆင်ပြေစွာ သွားလာနေသော်လည်း ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

ယခုအချိန်ကာလသည် မြစ်ရေမြင့်တက်သည့် ကာလဖြစ်သောကြောင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားကြောင်း၊ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော ရေလမ်းညွှန်အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သောကြောင့် ရေယာဉ်များအနေဖြင့် ဂရုစိုက်မောင်းနှင်သွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းတုန်းမြို့နယ် ခွေးတောက်ချိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မင်းတုန်း ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခွေးတောက်ချိုကျေးရွာ၌ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ခွေးတောက်ချိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများ၊ Slab Culvert တစ်စင်း တည်ဆောက်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရန် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

မင်းတုန်းမြို့နယ် ခွေးတောက်ချိုကျေးရွာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၅၈ ဒသမ ၅၅ သန်း အသုံးပြုပြီး အရှည် နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိသော မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း၊ အရှည် ၁၆ ပေ၊ အကျယ် ၁၀ ပေ၊ အမြင့် သုံးပေရှိသော Slab Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို စေတုတ္တရာ ချင်းတိုင်းရင်းသားများဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၁၀ ရက်မှစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# ကြံခင်းမြို့နယ် သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြံခင်း ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် ဝန်ထမ်းများက သဲဖြူကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးသည်။

ကြံခင်းမြို့နယ် သဲဖြူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၈ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၂၆ ဒသမ ၇၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ဝ၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်းငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးထားကြောင်း သိရသည်။ **သံသာ**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ ကြံ ၅၃၀၁၅ ဧကစိုက်ပျိုးပြီးစီး



ယခင်နှစ်က ကြံစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံ ကြံ ၅၃၀၁၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၅၂၂၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၃၀၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မနှစ်က ထီးချိုင့်မြို့နယ်မှာ မိုးသီးနှံ ကြံဧက ၆၅၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာလဲ မိုးသီးနှံ ကြံဧက ၆၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကြံဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပါပြီ။ ဆက်လက်စိုက်နေကြပါတယ်။ ကြံကို မိုးမှာ ပိုစိုက်ပျိုးကြတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ကြံစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်းကြားတွင်ရှိပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇ၊ ဆင်းရွှေလီမျိုးတို့ကိုလည်း စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ယခင်နှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ကြံ ၁၂၅၀၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ကြံ ဧက ၆၅၈၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခင်နှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ကြံ ၅၁၁၇၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ကြံ ၅၃၀၀၅ ဧကစိုက်ပျိုးခဲ့ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ထံမှ သိရသည်။ (၂၀၆)

# မိုးမိတ်မြို့၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်း

**မိုးမိတ် ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေး အခြေခံအင်္ဂလိပ်စကားပြော သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချခဲ့သည့် အခြေခံအင်္ဂလိပ်စကားပြောသင်ခန်းစာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး ရုံးလုပ်ငန်းခွင်များဆောင်ရွက်ရာတွင် လက်တွေ့အသုံးချသွားကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်၊ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အင်္ဂလိပ်စာအခြေခံအဆင့် သင်ခန်းစာများကို ကျွမ်းကျင်ဆရာများက မေ ၇ ရက်မှ ယနေ့ထိ ၂၁ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**တောင်သာ ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် တလိုင်းရပ် ရွာသစ်ကျေးရွာအုပ်စု တလိုင်းရပ်ရွာသစ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဒေါ်စန်းစန်းမြင့်နှင့် ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

တလိုင်းရပ်ရွာသစ်ကျေးရွာတွင် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ပြီးပါက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**



# ဟန်လင်းပျူမြို့ဟောင်းတွင်တွေ့ရသော ရုပ်ကြွများနှင့် ဒွါရပါလရုပ်တု

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း လွန်ခဲ့သည့် နှစ် ၂၀၀၀ ဝန်းကျင်မှစ၍ ထွန်းကားခဲ့သော ပျူယဉ်ကျေးမှုနယ်မြေများအနက် ပြည်မြို့နယ်ရှိ သရေခေတ္တရာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးနှင့် ဝက်လက်မြို့နယ်ရှိ ဟန်လင်းတို့သည် ပျူယဉ်ကျေးမှုအထောက်အထားများ အများဆုံးကြွင်းကျန်နေသည့်မြို့ဟောင်းများဖြစ်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ပျူမြို့ဟောင်းသုံးခုကို ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် ၂၀၁၄ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

**ဟန်လင်းပျူမြို့ဟောင်း**

ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှတောင်ဘက်သို့ ၁၀ မိုင် ငါးဖာလုံနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက်သို့ ခြောက်မိုင်အကွာတွင်တည်ရှိပြီး တည်နေရာမြေပုံအညွှန်းမှာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ်ဖြစ်သည်။

ကမ္ဗည်းကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးစီးသောအဖွဲ့သည် ဟန်လင်းမြို့ဟောင်းကို ပဏာမကွင်းဆင်းလေ့လာခဲ့ပြီး ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလ၌ ကုလားကုန်း၊ ဘုရားကုန်း၊ နန်းတော်ရာ စသည့်နေရာ ၁၀ ခုတွင် ပထမဆုံးစမ်းသပ်တူးဖော်မှုများကို ဆောင်ရွက်ခဲ့သည်။ မစ္စတာချားလ်ဒူရွိုင်ဇယ်က ၁၉၂၉ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တွင် ဟန်လင်းကို ထပ်မံတူးဖော်ခဲ့ပြီးနောက် ခေတ်အဆက်ဆက် ဟန်လင်းကို သုတေသနပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ ဟန်လင်းမြို့ဟောင်းအတွင်း၌ ကုန်း ၄၆ ကုန်းကို တူးဖော်နိုင်ခဲ့သည်။

ဟန်လင်းမြို့ဟောင်းသည် ထောင့်မှန်စတုဂံပုံရှိကာ အရှေ့မှအနောက်သို့ ၁ ဒသမ ၆ ကီလိုမီတာနှင့် တောင်မှမြောက်သို့ ၃ ဒသမ ၂ ကီလိုမီတာ ရှည်လျားပြီး ဧရိယာဟက်တာဧက ၅၀၀ ကျော် ကျယ်ဝန်းသည်။ ဟန်လင်းမြို့ဟောင်း၏ မူလမြို့ရိုးသည် ၁၆ ပေအကျယ်ရှိနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းခဲ့သည်။

တူးဖော်မှုများမဆောင်ရွက်မီနှင့် ဆောင်ရွက်နေစဉ်အတွင်း ဟန်လင်းဒေသမှ ပျူဒင်္ဂါးများ၊ မြေနှင့်ကျောက်ပုတီးစေ့များ၊ အိုးခြမ်းကွဲများ၊ ကျောက်ခေတ်သစ်လက်နက်များ၊ ကြေးမုံနှင့် ရွှေထည်ပစ္စည်းများစသည့် ရှေးဟောင်းယဉ်ကျေးမှုအထောက်အထားများနှင့်ကျောက်စာချပ်များကို တွေ့ရှိခဲ့သည်။ ပျူခေတ်ကာလထက်ရှေးကျသော ကျောက်ခေတ်သစ်၊ ကြေးခေတ်၊ သံခေတ်ဦးဆိုင်ရာ မြှုပ်နှံသင်္ဂြိုဟ်မှုနေရာများကို ၂၀၀၅ ခုနှစ်မှစတင်၍ ဖော်ထုတ်နိုင်ခဲ့ပြီး ရုပ်ကြွင်းများကို မူလတူးဖော်တွေ့ရှိသည့်နေရာ၌ပင် တူးကွက်ပြတိုက်(Site Museum) များ အဖြစ်ပြသထားသည်။

**ဟန်လင်းမှတွေ့ရှိခဲ့သည့် ရုပ်ကြွများ**

ဟန်လင်းမြို့ဟောင်းတူးဖော်မှုများတွင် တွေ့ရှိခဲ့ရသည့် ပျူယဉ်ကျေးမှုအထောက်အထားပစ္စည်းများတွင် ကျောက်ဆစ်ရုပ်ကြွနှင့် မြေမီးဖုတ်ရုပ်ကြွများလည်း ပါဝင်ခဲ့သည်။

စာပေအထောက်အထားအဖြစ် ပဏ္ဍိတ်ဆရာကြီးဦးဘေ ရေးသားပြုစုခဲ့သော ဟန်လင်းမှတ်စု(လက်နှိပ်စက်မူ)တွင် ဟန်လင်းမြို့ဟောင်း၌ တွေ့ရှိခဲ့သည်ဟု အစဉ်အဆက်မှတ်သားခဲ့ကြသော လောကနာထရုပ်တု အကြောင်းပါရှိခဲ့သည်။ ဟန်လင်းမှတ်စုတွင် ဟန်လင်းကြီးမြို့ဟောင်း၏ မြို့ရိုးအတွင်းမှ ရွှေဖြင့်သွန်းလုပ်ထားသည့် လောကနာထရုပ်တုကို လွန်ခဲ့သောနှစ်ပေါင်း ၁၈၀ ခန့်က တွေ့ရှိခဲ့ဖူးကြောင်း၊ အလေးချိန်မှာ ၂၅ ပိဿာခန့်ရှိပြီး ဒူးတစ်ဖက်ကိုလှဲ၍ ကျန်ဒူးတစ်ဖက်ကို ထောင်၍ ထိုင်နေသည့်ပုံဖြစ်ကြောင်း ရေးသားထားသည်။ ၎င်းလောကနာထရွှေရုပ်တုကို ဟန်လင်းကြီးမြို့ဟောင်း တောင်ဘက်မြို့ရိုးမှ မြို့ဟောင်းအတွင်းဘက်သို့ နှစ်ဖာလုံအကွာ၌ရှိသည့် ကြို့ပင်လျှိုဟုခေါ်သော ရေစီးမြောင်းအတွင်းရှိ ကျောက်တိုက်အခန်းငယ်တစ်ခုမှ ရရှိခဲ့သည်ဟုဆိုသည်။

လောကနာထနတ်သားရုပ်တုကို ရွှေရုပ်မှန်းသိလာသူတဖြည်းဖြည်းများလာသဖြင့် အင်းဝမြို့ ဗဒုံမင်းထံ သံတော်ဦးတင်ကြသောအခါ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် မင်းဘဏ္ဍာအဖြစ်သိမ်းပိုက်၍ အင်းဝသို့ ယူဆောင်သွားခဲ့ကြောင်းဆိုကြသည်။

၁၁၄၄ ခုနှစ်သည် ကုန်းဘောင်ဆက် ဆဋ္ဌမမြောက်ဘုရင် ဗဒုံမင်း(၁၁၄၃-၁၁၈၀) နန်းစံနေချိန်ဖြစ်သည်။ သို့သော် ၎င်းအချက်ကို ကုန်းဘောင်ဆက်မဟာရာဇဝင်နှင့် ကုန်းဘောင်ဆက် မြန်မာရာဇဝင်ခွဲသမိုင်းစာအုပ်တို့တွင် ဖော်ပြထားခြင်းမရှိချေ။

ဒေသခံများ၏ နှုတ်ပြောစကားများအရ ဟန်လင်းတွင် ရုပ်တု၊ ရုပ်ကြွများကို ကိုးကွယ်ခဲ့သည့်အစဉ်အလာရှိခဲ့သည်ဟုဆိုသည်။ ဟန်လင်းမြို့ဟောင်းမှ ကျောက်ဆစ်ရုပ်ကြွတစ်ခုကို ၁၉၂၉ ခုနှစ်တွင် ပထမဆုံးတွေ့ရှိခဲ့သည်။ ၎င်းရုပ်ကြွကို ကမ္ဗည်းကျောက်စာဝန် မစ္စတာချားလ်ဒူရွိုင်ဇယ်က ဟန်လင်းမြို့ဟောင်း၌ ရှေးဟောင်းသုတေသနဆိုင်ရာ ကွင်းဆင်းလေ့လာမှု ဆောင်ရွက်စဉ် တွေ့ရှိခဲ့သည်။



ဟန်လင်းမြို့ဟောင်းရှိ ဒွါရပါလရုပ်တုကို တွေ့ရစဉ်။

၁၉၂၉ ခုနှစ်နောက်ပိုင်းတွင် ဟန်လင်းမြို့ဟောင်းမှ ရုပ်တု၊ ရုပ်ကြွများကိုတွေ့ရှိခဲ့ရာတွင် ၁၉၆၅ ခုနှစ်တွင် တူးဖော်မှုကုန်းအမှတ်(၁၀)မှ သဲကျောက်ဖြင့် ထွင်းထုထားသော လူမျက်နှာပုံအပိုင်းအစတစ်ခုကိုလည်းကောင်း၊ ၁၉၉၈-၁၉၉၉ ခုနှစ်တွင် တူးဖော်မှုကုန်းအမှတ်(၂၂)မှ မြေမီးဖုတ်လူမျက်နှာပုံရုပ်ကြွအပိုင်းအစတစ်ခုကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တူးဖော်မှုကုန်းအမှတ်(၃၈)မှ လူပုံ၊ ခြင်္သေ့ပုံ၊ ဆင်ပုံ၊ ကြာပန်းပွင့်ပုံများ ပုံဖော်ထားသည့် မြေမီးဖုတ်ရုပ်ကြွများကိုလည်းကောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တူးဖော်မှုကုန်းအမှတ်(၃၉)မှ ကနုတ်ပန်းပုံစံသဲကျောက်ရုပ်ကြွအပိုင်းအစတစ်ခုကိုလည်းကောင်း ရရှိခဲ့သည်။

ဟန်လင်းမြို့ဟောင်းမှ နောက်ဆုံးတွေ့ရှိခဲ့သည့် ရုပ်တုသည် ကနုတ်ပန်းပုံစံ သဲကျောက်ရုပ်ကြွအပိုင်းအစနှင့်ဆက်စပ်လျက်ရှိသည့် ဒွါရပါလကျောက်ရုပ်ကြွကြီးဖြစ်ကာ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် တူးဖော်မှုကုန်းအမှတ်(၃၉)မှ ရရှိခဲ့သည်။

**ထူးခြားသောရုပ်ကြွတစ်ချပ်**

၁၉၂၉ ခုနှစ်တွင် ကမ္ဗည်းကျောက်စာဝန် မစ္စတာချားလ်ဒူရွိုင်ဇယ်တွေ့ရှိခဲ့သည့် ကျောက်ဆစ်ရုပ်ကြွကို ရဟန်းတော်တစ်ပါးက ကန်သာရွာ၏အရှေ့တောင်ဘက် ကျောက်ဘီလူးထန်းတော၌ ဦးစွာတွေ့ရှိခဲ့သည်။ ၎င်းရုပ်ကြွကို ဟန်လင်းကျေးရွာ ရေပူကုန်း မြသိန်းတန်ကျောင်းဆရာတော်က ၎င်း၏ ကျောင်းဝင်းအတွင်းသို့ ရွှေ့ပြောင်းထားရှိခဲ့သည်။

၎င်းကျောက်ဆစ်ရုပ်ကြွကို မစ္စတာချားလ်ဒူရွိုင်ဇယ်က ယခုဟန်လင်းကျောက်စာရုံနေရာကွင်းပြင်သို့ ပြောင်းရွှေ့ထားရှိခဲ့သည်။ မူလတွေ့ရှိစဉ်က ကျောက်ရုပ်ကြွသည် နှစ်ပိုင်းကျိုးနေခဲ့သော်လည်း ပြန်လည်ဆက်စပ်၍ စိုက်ထူထားခဲ့ရာ ကျောက်ရုပ်ကြွချပ်အရွယ်သည် အလျား သုံးပေ ရှစ်လက်မ၊ အမြင့် လေးပေ ၁၀ လက်မနှင့် ထု ကိုးလက်မဖြစ်သည်။ ယခုအခါတွင် ၎င်းကျောက်ရုပ်ကြွချပ်ကို ဟန်လင်းကျောက်စာရုံတွင် ကျောက်စာအမှတ်(၉)အဖြစ် ပြသထားသည်။

ကျောက်ချပ်၏အထက်ပိုင်းတွင် ဗုဒ္ဓဆင်းတု သို့မဟုတ် ဗောဓိသတ္တရုပ်တု၏ လက်ယာဘက်လက်အဖျားပိုင်းနှင့် ခြေထောက်ပိုင်းသာကျန်ရှိပြီး လက်ကို ဒူးပေါ်မှကျော်၍ ဘေးဘက်သို့ချထားသည်။ လက်ချောင်းများသည် လက်ခလယ်နှင့်လက်မကို ကွေးဝိုက်၍ ထားသည့်ဟန်ဖြစ်ပြီး လက်တင်ထားသောဒူးသည် တင်ပျဉ်ခွေထိုင်နေဟန်မဟုတ်ဘဲ အနည်းငယ်မြှင့်ထားသည့်ပုံဖြစ်သည်။

ကြွင်းကျန်သောအနေအထားအရ ၎င်းရုပ်တုသည် လောကနာထ သို့မဟုတ် ဗောဓိသတ္တအသွင်မျိုးဖြစ်မည်ဟု ပညာရှင်များက ယူဆကြသည်။ ရုပ်ကြွ၏ အောက်ပိုင်းတွင် ရှစ်လက်မအကျယ်ရှိသော ကျောက်သားမျက်နှာပြင်ပေါ်၌ လူ ၅၂ ဦး၏ရုပ်ကြွပုံများကို ထုလုပ်ထားသည်။ ရုပ်ကြွတန်းသုံးခုတွင် အပေါ်ဆုံးတန်း၌ ၁၉ ဦး၊ အလယ်တန်း၌ ၁၈ ဦးနှင့်အောက်ဆုံးတန်း၌ ၁၅ ဦးပါရှိသည်။

လူပုံများသည် မျက်လုံးအိမ်ကြီး၍ ပါးဖောင်းကာ နှာခေါင်းလုံးပြီး ထူထဲကျယ်ပြန့်သောနှုတ်ခမ်းများရှိသည်။ အနည်းငယ်ဆူဖြိုးသောဝမ်းဗိုက်နှင့် ချက်အရာကို ပေါ်လွင်နေသည်။ ထိုသူများအားလုံး၏ဟန်များသည် တင်ပျဉ်ခွေထိုင်၍ လက်အုပ်ချီထားသည့် နမက္ကာရမုဒြာဟန်များဖြစ်ကာ မျက်လွှာချ၍ ရှိခိုးကန်တော့နေကြသည်။ အပေါ်ဆုံးတန်း၏ လက်ဝဲဘက်အစွန်ဆုံးမှရုပ်ကြွမှာ ဦးခေါင်းကိုစောင်း၍ အပေါ်သို့ မော့ကြည့်နေဟန်ဖြစ်သည်။

လူထုပရိသတ်အသွင်သဏ္ဌာန် ပေါ်လွင်စေရန် အတန်းတစ်တန်းစီ၌ပင် ဆင်ယင်ထုံးဖွဲ့မှုပုံစံအမျိုးမျိုးကို ခွဲခြားထုဆစ်ထားသည်။ အပေါ်ဆုံးတန်းတွင် မကိုဋ်သရဖူဆောင်းထားသူ ခြောက်ဦး၊ ပဝါဖြင့် ဆံပင်များကို စုစည်းရစ်ပတ်ထားသူ ၁၂ ဦး၊ ဦးခေါင်းအလယ်တည့်တည့်တွင် ဆံထုံးထုံးထားသူတစ်ဦးပါဝင်ပြီး ၎င်းတို့ထဲတွင် ပုတီးကုံးများဆွဲထားသူ ၁၀ ဦး ပါဝင်သည်။

အလယ်တန်းမှရုပ်ကြွများတွင် မကိုဋ်သရဖူဆောင်းထားသူရှစ်ဦး၊ ပဝါဖြင့် ဆံပင်များကို စုစည်းရစ်ပတ်ထားသူ ကိုးဦး၊ ဦးခေါင်းအလယ်တည့်တည့်တွင် ဆံထုံးထုံးထားသူတစ်ဦးပါဝင်ပြီး ၎င်းတို့ထဲတွင်ပုတီးကုံးများဆွဲထားသူ ခြောက်ဦး ပါဝင်သည်။

အောက်ဆုံးတန်း၌ မကိုဋ်သရဖူဆောင်းထားသူရှစ်ဦး၊ ပဝါဖြင့် ဆံပင်များကို စုစည်းရစ်ပတ်ထားသူ ခြောက်ဦး၊ ဦးခေါင်းအလယ်တည့်တည့်တွင် ဆံထုံးထုံးထားသူတစ်ဦးပါဝင်ပြီး ၎င်းတို့အထဲတွင် ပုတီးကုံးများဆွဲထားသူ ခုနစ်ဦး ပါဝင်သည်။

၎င်းရုပ်ကြွသည် ဟန်ပန်မျိုးစုံပါဝင်သည့် ကျောက်ဆစ်လက်ရာဖြစ်ကာ သုတေသီများ အလွန်စိတ်ဝင်စားကြသည့် ဟန်လင်းကျောက်ဆစ်လက်ရာတစ်ခု ဖြစ်ပေသည်။

**ဒွါရပါလရုပ်တု**

၂၀၁၅-၂၀၁၆ ခုနှစ်တွင် ဟန်လင်းသုတေသနလုပ်ငန်းအဖွဲ့သည် ကုန်းအမှတ် HL-39 ကို တူးဖော်သုတေသနပြုလုပ်ခဲ့ရာ ဟန်လင်းနန်းတော်ရာ၏ အရှေ့ဘက်ဝင်ပေါက်ကို ဖော်ထုတ်တွေ့ရှိခဲ့သည်။ နန်းတော်ဝင်ပေါက်၏ ရှေ့မျက်နှာစာ၌ ကနုတ်ပန်းများ ထွင်းထုပါရှိသည့် အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ ထုတစ်ပေခွဲရှိသည့် သဲကျောက်တုံးကြီးတစ်တုံးကို မှောက်လျက်လဲကျနေသည့် အနေအထားအတိုင်း တွေ့ရှိခဲ့သည်။

၎င်းကျောက်တုံးကြီးသည် အစိတ်စိတ်ကွဲကြေနေသဖြင့် ကျွမ်းကျင်ပညာရှင်အဖွဲ့နှင့် အနုစိတ်တူးဖော်မှုသာ မပျက်မစီးဖော်ထုတ်နိုင်မည်ဖြစ်သောကြောင့် ယာယီအမိုးအကာပြုလုပ်၍ ထိန်းသိမ်းထားရှိခဲ့သည်။ ထိုအချိန်က ကျောက်တုံး၏အောက်ဘက်ကို မည်သည့်အရုပ် သို့မဟုတ် အဆင်တန်ဆာများ ထွင်းထုထားကြောင်းကို မသိရှိရသေးဘဲ ဗိဿနိုးနှင့် သရေခေတ္တရာမြို့ဝင်ပေါက်များ၌တွေ့ရှိရသည့် ဒွါရပါလ(တံခါးစောင့်နတ်ရုပ်)ဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။

၎င်းကျောက်တုံးကြီးသည် ကွဲအက်မှုများလာပြီးနောက် ကျောက်ရုပ်ကြွဖြစ်ကြောင်း ခိုင်မာစွာယူဆနိုင်သဖြင့် အကောင်းအတိုင်းရရှိရန် ဓာတုဗေဒနည်းများဖြင့် ထိန်းသိမ်းပြီး ပြန်လည်ဆက်စပ်မှုလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်ခဲ့သည်။ ရုပ်တုပေါ်လာချိန်တွင် တင်းပုတ်တစ်ခုကိုကိုင်ထားသည့် အမြင့်ကိုးပေခန့်ရှိသည့် ဒွါရပါလရုပ်တုဖြစ်ကြောင်း တွေ့ရှိကြရသည်။ တင်းပုတ်၏အရွယ်သည် ငါးပေရှည်၍ ဖြက် ၁၀ လက်မဖြစ်သည်။ ၎င်းရုပ်တုဦးခေါင်းသည် လက်ဝဲဘက်သို့ အနည်းငယ်စောင်းနေပြီး ဆံကျစ်ခွေများပါရှိသည့်ဆံပင်ကို ဖြန့်ချထားသည်။ ရုပ်တုသည် အံကြိတ်ထားသည့်ဟန်ဖြစ်ကာ အပေါ်သွားငါးချောင်းနှင့် အောက်သွားသုံးချောင်းက ပေါ်လွင်နေသည်။ ဝမ်းဗိုက်ပူကာ ခြေတံလက်တံတိုသည့်ရုပ်တုသည် လက်နှစ်ဖက်ဖြင့် တင်းပုတ်ကိုမြှောက်ပြီး ယာဘက်ပခုံးပေါ်တွင် ထမ်းထားသည်။


ရုပ်တု၏ ခြေချင်းဝတ်နှင့်လက်ကောက်ဝတ်တွင် မြွေတစ်ကောင်စီပါရှိကာ လက်မောင်းနှစ်ဖက်နှင့် လည်တိုင်ကို မြွေကရစ်ပတ်ထားသည်။ လက်ဝဲပခုံးပေါ်တွင် မြွေကပါးပျဉ်းထောင်နေသည်။ နားနှစ်ဖက်တွင် မြွေများကိုနားတောင်းပန်ထားပြီး ရုပ်တုတစ်ခုလုံးတွင် မြွေကိုးကောင်ပါရှိသည်။ ထို့ပြင် လက်ဝဲဘက်နားရွက်ပေါ်တွင် ပွင့်ဖတ်သုံးခုနှင့် ဝတ်ဆံကိုးခုပါရှိသည့်ပန်းတစ်ပွင့်ကိုပန်ထားခြင်းသည် ထူးခြားနေပေသည်။ ပညာရှင်များက ၎င်းရုပ်တုကို အေဒီ ၆ ရာစုဝန်းကျင်တွင်ထုလုပ်ခဲ့ကာ နန်းတော်ပေါက်တွင် စိုက်ထူခဲ့ခြင်းဖြစ်နိုင်ကြောင်း ယူဆခဲ့ကြသည်။

ဟန်လင်းဒွါရပါလရုပ်တုသည် ဟန်လင်းတွင်တွေ့ရှိခဲ့ရသည့် ရုပ်တုရုပ်ကြွများအနက် ထူးခြားသောရုပ်တုတစ်ခုဖြစ်ကာ ဟန်လင်းပျူများ၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် ဖော်ထုတ်ထိန်းသိမ်းထားနိုင်ခဲ့ပေသည်။

**ကိုးကား**

- ရှေးဟောင်းမြန်မာ့မြို့တော်များ (ဦးမြင့်အောင်ပါ လေးဦး)
- ဟန်လင်းမြို့ဟောင်းမှ အသစ်တွေ့အထောက်အထားများ (ဒေါ်နိုင်ဦး)
- ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှတ်တမ်း (ယဉ်ကျေးမှုဝန်ကြီးဌာန)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျိုက်လတ်မြို့နယ်တွင် ရင်ကွဲသရက်သီး အလုံး ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**ကျိုက်လတ် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ရင်ကွဲသရက်သီးအလုံး ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ကျိုက်လတ်မြို့နယ်မှ သရက်သီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ညိုညိုမြင့်က ပြောပြ၍ သိရသည်။



ကျိုက်လတ်မြို့နယ်တွင် ယခုအချိန်သည် ရင်ကွဲသရက်သီးများပေါ်နေဆဲအချိန်ကာလဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလတွင် ရင်ကွဲသရက်သီးအလုံး ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ သာဈေးရရှိခဲ့ပြီး ဇွန် ၁ ရက်မှယနေ့ထိ ရင်ကွဲသရက်သီးအလုံး ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ရင်ကွဲသရက်သီးများ ဈေးကောင်းရရှိလာသည့်အတွက် ဒေသရှိ သရက်စိုက်ပျိုးရေးလုပ်ငန်းရှင်များ ယခင်ကထက် အဆင်ပြေလာကြောင်း သိရသည်။

"ဒီနှစ် သရက်သီးဈေးနှုန်းက အားလုံးအဆင်ပြေတဲ့ ဈေးပါ။ သရက်သီးရာသီကုန်တဲ့အချိန်ထိ ဒီဘက်မှာ ဈေးကောင်းနေမယ်ထင်ပါတယ်။ အခုလဲ အရင်ထက် သရက်သီးအလုံး ၁၀၀ ကို ငွေကျပ် ၁၀၀၀၀ ထိ ဈေးပိုရလာပါတယ်။ ဒီလိုဈေးကောင်းလာတော့ ဒေသက သရက်စိုက်တောင်သူတွေလဲ အဆင်ပြေလာပါတယ်။ အခုပေါက်နေတဲ့ဈေးနဲ့တောင် တချို့သရက်ခြံပိုင်ရှင်တွေက ခူးမရောင်းသေးဘူး။ ဈေးထပ်စောင့်နေကြတယ်။ ရင့်မှည့်လို့ ထားမရတဲ့အသီးတွေကိုပဲ အမိကထားခူးရောင်းနေကြတယ်။ ကျိုက်လတ်မြို့နယ်မှာ သရက်သီးတွေထွက်နေဆဲပါ။ လာမဲ့ဇူလိုင်လကုန်ထိ သရက်သီးထွက်နေအုံးမှာပါ။ ဒေသထွက်သရက်သီးတွေကို ရန်ကုန်ကို အဓိကတင်ပို့ရောင်းချပါတယ်"ဟု ဒေါ်ညိုညိုမြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ရင်ကွဲသရက်သီးများကို ရန်ကုန်မြို့သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ငါးရက်လျှင်တစ်ကြိမ် သရက်သီးအလုံးရေ ၁၀၀၀ မှ ၁၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဒေသတွင် ရင်ကွဲသရက်သီးအပြင် ရွှေဟင်္သာ၊ စိန်တလုံး၊ မချစ်စု စသည့်သရက်သီးများထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လယ်ဝေးမြို့နယ် အောက်ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ကန်သာကျေးရွာအုပ်စု အောက်ချိုင်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရက အောက်ချိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးနှုန်း၊ ကာလသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော အောက်ချိုင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အောက်ချိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# တို့တိုင်းပြည် သာစေဖို့

- တို့တိုင်းပြည်
သာစေဖို့အရေး၊
တိုင်းရင်းဆွေ ပြည်တမွတ်
ညီညွတ်မှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
ယုံကြည်စွာ လက်ချင်းတွဲ
မြဲကြမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
အပြင်သူ သွေးခွဲစကား
ပယ်ရှားမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
သွေးချင်းတွေ မြဲဆုံစည်း
ရင်းနှီးမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
တို့ပြည်သူ တစ်ဦးချင်း
အားနှင်းမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
ခွဲခြားတဲ့ စိတ်ဓာတ်ကို
ပယ်ဖြတ်မှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
မြင်မတူရင် အရှိတိုင်း
ညှိနှိုင်းမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
ငါတို့တွေ တစ်ဦးချင်းအားနဲ့
ကြွားစေမှုလေး။

- တို့တိုင်းပြည်
သာစေဖို့အရေး၊
ပြည်သူတွေ တစ်စိတ်တစ်ဝမ်း
မျှော်မှန်းမှုလေး။

**လွမ်းလေးကို(သရက်)**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# နိုင်ငံတကာ သတင်းများ

## ဒေါ်လာတစ်ဘီလီယံကျော် ချေးငွေသဘောတူညီချက် ဖိလစ်ပိုင်နှင့်ကမ္ဘာ့ဘဏ် လက်မှတ်ရေးထိုး

**မနီလာ ဇွန် ၂၇**

ငွေကြေးပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄ ဘီလီယံထိရှိသော ချေးငွေသဘောတူညီချက်လေးရပ်ကို ဖိလစ်ပိုင်နိုင်ငံက ကမ္ဘာ့ဘဏ်နှင့် လက်မှတ်ရေးထိုးထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘဏ်မှ ဖိလစ်ပိုင်နိုင်ငံရယူမည့်ချေးငွေများထဲတွင် သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ရာသီဥတုထိန်းသိမ်းရေး မူဝါဒ အပြောင်းအလဲများဖော်ဆောင်ရေး အသုံးစရိတ် အမေရိကန်ဒေါ်လာ သန်း ၇၅၀လည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးနှင့်လုပ်ငန်းဖွံ့ဖြိုးရေး စီမံချက်များအတွက် အမေရိကန်ဒေါ်လာ ၂၇၆ သန်းနှင့် ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ သန်း ၁၁၀တို့လည်း ကမ္ဘာ့ဘဏ်ချေးငွေ သဘောတူညီချက်များတွင် ပါဝင်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီးဌာနက ဇွန် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် နှစ်ပေါင်းများစွာဝယ်ယူထားသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားရေးဖွံ့ဖြိုးမှု တွန်းအားတစ်ရပ်အဖြစ်သို့ ပြောင်းလဲရန် ကြိုးစားလျက်ရှိသည်။

လယ်ယာ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုနှုန်းမြှင့်တင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကလည်း ကတိပြုထားသည်။

ပြီးခဲ့သည့် နှစ်များအတွင်း ဖိလစ်ပိုင်၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ထုတ်လုပ်မှုတန်ဖိုးသည် ပြည်တွင်းစုစုပေါင်းကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၁၀ ပုံ တစ်ပုံခန့်သာရှိခဲ့ကြောင်း သိရသည်။

KKO

## ဘော်လ်တစ်ပင်လယ်၌ ရုရှားတိုက်လေယာဉ်များ နည်းပျူဟာမြောက် စစ်ရေးလေ့ကျင့်မှုပြုလုပ်

**မော်စကို ဇွန် ၂၇**

ရုရှားရေတပ် ဘော်လ်တစ်ရေတပ်အုပ်စုမှ ဂျက်တိုက်လေယာဉ်များသည် ဘော်လ်တစ်ပင်လယ်ဒေသ နည်းပျူဟာမြောက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အထူးစစ်ဆင်ရေးများ အသင့်အနေအထားရှိ၊ မရှိကို ဆန်းစစ်ရေးအတွက် ဘော်လ်တစ်ရေတပ်အုပ်စုမှ အက်စ်ယူ-၂၇ ဂျက်တိုက်လေယာဉ်များသည် ဘော်လ်တစ်ပင်လယ်ဒေသ၌ နည်းပျူဟာမြောက် လေ့ကျင့်မှုများပြုလုပ်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါနည်းပျူဟာမြောက် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့်အချိန်ကာလကိုရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားထားခြင်း မရှိခဲ့ကြောင်း သိရသည်။

ပင်လယ်နက်ဒေသ၌ ဗြိတိန်စစ်လေယာဉ်တစ်စင်းကို ရုရှားတိုက်လေယာဉ်များ ကြားဖြတ်ဟန့်တားခဲ့ပြီး တစ်ရက်အကြာတွင် ဘော်လ်တစ်ပင်လယ်ဒေသ၌ ရုရှားတိုက်လေယာဉ်များ စစ်ရေးလေ့ကျင့်မှုသတင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

ရုရှားတိုက်လေယာဉ်များအနေဖြင့် ကာလင်နင်ဂရက်ဒေသကို အချိန်ပြည့် တိုက်ပွဲဝင်တာဝန်များဖြင့် ကာကွယ်ပေးနေကြောင်းရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ကာလင်နင်ဂရက်သည် ပိုလန်နှင့်လစ်သူယေးနီးယားနိုင်ငံတို့ကြားရှိနေသော ရုရှားပိုင်ဘော်လ်တစ်ကမ်းခြေဒေသ ဖြစ်ကြောင်း သိရသည်။

KKO



## လေယာဉ်ပျက်ကျမှုတွင် ပျောက်ဆုံးခဲ့သည့် ကလေးများအား ရှာဖွေပေးခဲ့သူများကို ကိုလံဘီယာသမ္မတ ဆုတံဆိပ်များပေးအပ်



**ဘိုဂိုတာ ဇွန် ၂၇**

လေယာဉ် ပျက်ကျပြီးနောက် အမေဇုန် သစ်တောအတွင်း ရက်ပေါင်းများစွာ ပျောက်ဆုံးနေခဲ့သည့်ကလေးလေးဦးကို ပြန်လည်ရှာဖွေပေးနိုင်ခဲ့သော ဌာနေတိုင်းရင်းသားနှင့် ကိုလံဘီယာစစ်ဘက် ကယ်ဆယ်ရေးအဖွဲ့ဝင် ၈၆ ဦးကို ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုက ဇွန် ၂၆ ရက်တွင် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယခုနှစ် မေ ၁ ရက်တွင် ဖြစ်ပွားခဲ့သည့် လေယာဉ်ပျက်ကျမှုအတွင်း ပျောက်ဆုံးခဲ့သော ကလေးလေးဦးကို လေယာဉ်ပျက်ကျခဲ့ပြီး ရက်သတ္တပါတ်ကျော်အကြာ ယခုလအစောပိုင်းတွင် အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြသည်။

အကြီးဆုံး ၁၃ နှစ်မှ အငယ်ဆုံး တစ်နှစ်ထိပါဝင်သော ၎င်းကလေးလေးဦးတို့ကို ကိုလံဘီယာစစ်ဘက်မှတပ်ဖွဲ့ဝင်များနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုဝင်များ ပူးပေါင်းရှာဖွေနိုင်ခဲ့ခြင်းဖြစ်သည်။

ကလေးလေးဦးအား ရှာဖွေပေးခဲ့သည့်အတွက် ကိုလံဘီယာသမ္မတက ဂုဏ်ပြုဘွဲ့တံဆိပ်များပေးအပ်ခဲ့ရာတွင် ရှာဖွေကယ်ဆယ်ရေးသမားများနှင့်အတူ ဝီလ်ဆင်အမည်ရှိ ရှာဖွေကယ်ဆယ်ရေးခွေးတစ်ကောင်ကိုပါ ပေးအပ်ခဲ့သည်။

သို့သော် အဆိုပါခွေးမှာ ရှာဖွေရေးလုပ်ငန်းစဉ်အတွင်း အမေဇုန်တောတွင်း၌ ပျောက်ဆုံးခဲ့ရကြောင်း သိရသည်။ KKO

## ပုဂ္ဂလိကပညာရေးအတွက် အလွန်အကျွံငွေသုံးစွဲမှုများကို ထိန်းချုပ်ရေးလုပ်ငန်းအစီအစဉ် တောင်ကိုရီးယားကြေညာ

**ဆိုးလ် ဇွန် ၂၇**

ပုဂ္ဂလိကပညာရေး၌ ငွေအသုံးအစွဲမြင့်မားမှုကို ကန့်သတ်မည့်လုပ်ငန်းအစီအစဉ်များအား တောင်ကိုရီးယားအစိုးရက ဇွန် ၂၆ ရက်တွင်ကြေညာထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပုဂ္ဂလိက ပညာရေးအတွက် ငွေကြေး အသုံးအစွဲလွန်ကဲမှုကို တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း ကျဆင်းရခြင်း၏ အဓိက နောက်ခံအကြောင်းအရင်းတစ်ရပ်အဖြစ် တောင်ကိုရီးယားတာဝန်ရှိသူများက ယူဆထားသည်။

ကျောင်းသားဦးရေ ကျဆင်းလာသော်လည်း တောင်ကိုရီးယားနိုင်ငံသားများသည် ၂၀၂၂ ခုနှစ်အတွင်း ပုဂ္ဂလိကပညာရေးအတွက် ဝမ်ငွေ ၂၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၇ဘီလီယံ)ထိ သုံးစွဲခဲ့ကြကြောင်း တောင်ကိုရီးယားအစိုးရ စာရင်းဇယားများဗျူရိုနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ပူးတွဲအစီရင်ခံစာ၏ အဆိုအရ သိရသည်။

ပုဂ္ဂလိက ပညာရေးနယ်ပယ်အပေါ် အလွန်အကျွံအားကိုးမှီခိုနေကြမှုကြောင့် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်၌ ကလေးတစ်ဦးရယူရေးအတွက် ကုန်ကျစရိတ်အကြီးမားဆုံးနိုင်ငံအဖြစ်သို့ ရောက်ခဲ့ရကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက သုံးသပ်ထားသည်။

ပုဂ္ဂလိက ပညာရေးအတွက် ငွေကြေး အလွန်အကျွံသုံးစွဲမှုများကို ထိန်းချုပ်ရေးအတွက် ပုဂ္ဂလိကစာသင်ကျောင်းများ၏ မူမမှန်သည့် လုပ်ဆောင်ချက်များပို၍ စောင့်ကြည့်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားပညာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။



လက်ရှိအချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်၌ ကလေးမွေးဖွားမှုနှုန်း အနိမ့်ဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

KKO

## ၂၀၄၅ ခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက် တစ်ရက်စည်ပေါင်း သန်း ၁၁၀ ထိ မြင့်တက်လာနိုင်ဟုဆို

**ကွာလာလမ်ပူ ဇွန် ၂၇**

တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံလိုအပ်ချက်သည် ၂၀၄၅ ခုနှစ်အရောက်တွင် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း သန်း ၁၁၀ထိ မြင့်တက်လာနိုင်ကြောင်း ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံများအသင်း(အိုပက်)၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကြိုတင်မြင်နိုင်သောအနာဂတ်ကာလအတိုင်းအတာ တစ်ရပ်ထိ ရေနံစိမ်းနေရာ၌ အစားထိုးဝင်ရောက်နိုင်မည့် စွမ်းအင်အရင်းအမြစ်သစ် ရှိလိမ့်ဦးမည်မဟုတ်ကြောင်း အိုပက်အတွင်းရေးမှူးချုပ် ဟိုင်သမ်အယ်လ်ဂါအစ်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သော အာရှစွမ်းအင်ညီလာခံ၌ သုံးသပ်ခဲ့သည်။

ထို့ပြင် ကမ္ဘာ့ရေနံဝယ်လိုအားသည် ၂၀၄၅ ခုနှစ်အရောက်တွင် ၂၆ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်ပြီး တစ်ရက်လျှင် စည်ပေါင်း သန်း ၁၁၀ ထိရှိလာနိုင်ကြောင်း ၎င်းက ခန့်မှန်းခဲ့သည်။

အိုပက် အတွင်းရေးမှူးချုပ်၏ ခန့်မှန်းချက်သည် နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အီးအေ)၏ ခန့်မှန်းချက်နှင့် ကွဲလွဲနေကြောင်း သိရသည်။


ကမ္ဘာ့ ရေနံဝယ်လိုအားသည် ၂၀၂၂ ခုနှစ်အတွင်းမှစ၍ ခြောက်ရာခိုင်နှုန်းမြင့်တက်လာမည်ဖြစ်ပြီး ၂၀၂၈ခုနှစ်အရောက်တွင် တစ်ရက်လျှင် စည်ပေါင်း သန်း ၁၀၅ ဒသမ ၇ သန်းထိ ရှိလာနိုင်ကြောင်း အိုင်အီးအေက ခန့်မှန်းထားသည်။

သို့သော် ကမ္ဘာ့စီးပွားရေး ပိုမိုကျယ်ပြန့်လာသည်နှင့်အမျှ ယနေ့ကာလမှစ၍ ၂၀၃၀ ပြည့်နှစ်ထိတိုင် လူပေါင်း သန်း ၅၀၀တို့က မြို့ကြီးများသို့ ရွှေ့ပြောင်းထွက်ခွာကြဖွယ်ရှိရာ ကမ္ဘာ့ရေနံလိုအပ်ချက်မှာ ပို၍သာမြင့်မားလာနိုင်သည်ဟု အိုပက် အတွင်းရေးမှူးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏ MAVEN အာကာသယာဉ်က အင်္ဂါဂြိုဟ်ကို ခရမ်းလွန်ရောင်ခြည်ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့



**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ MAVEN အမည်ရှိ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို ခရမ်းလွန်ရောင်ခြည်ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

MAVEN အာကာသယာဉ်က ရိုက်ကူးခဲ့သော ခရမ်းလွန်ရောင်ခြည်ဓာတ်ပုံများထဲတွင် အင်္ဂါဂြိုဟ်ရာသီဥတု အပြောင်းအလဲကိုတွေ့မြင်နိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ကို ခရမ်းလွန်ရောင်ခြည် အလင်းများဖြင့် လေ့လာပါက သိပ္ပံပညာရှင်များအနေဖြင့် ၎င်းဂြိုဟ်၏လေထုလွှာနှင့် မြေမျက်နှာသွင်ပြင်လက္ခဏာများကို ထင်ထင်ရှားရှားလေ့လာနိုင်မည်ဖြစ်သည်။

MAVEN အာကာသယာဉ်သည် အဆိုပါဓာတ်ပုံများကို နေပတ်လမ်း၏ တစ်ဖက်တစ်ချက်ဆီသို့ အင်္ဂါဂြိုဟ်ရောက်နေချိန်များတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်လေထုလွှာဓာတ်ငွေ့များကို လေ့လာနိုင်ရေးအတွက် MAVEN အာကာသယာဉ်ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလက လွှတ်တင်ခဲ့သည်။

MAVEN အာကာသယာဉ်သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် အင်္ဂါဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ကာဗွန်ဒြပ်ပေါင်းပုံစံသစ်တစ်မျိုးကို အာကာသဟင်းလင်းပြင်အတွင်း ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကာဗွန်ဒြပ်ပေါင်းပုံစံသစ်တစ်မျိုးကို အာကာသဟင်းလင်းပြင်အတွင်း ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇွန် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

မီသိုင်းကေးရှင်း(CH3+)အမည်ရှိ အဆိုပါကာဗွန်ဒြပ်ပေါင်းကို ကမ္ဘာမြေနှင့် အလင်းနှစ် ၁၃၅၀ အကွာတွင် တည်ရှိသောကြယ်စနစ်တစ်ခုအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီသိုင်းကေးရှင်း ကာဗွန်ဒြပ်ပေါင်းသည် သီအိုရီသဘောအရ အခြားမော်လီကျူးအများအပြားနှင့် အလွယ်တကူ ဓာတ်ပြုနိုင်မှုကြောင့် အရေးကြီးသော ဒြပ်ပေါင်းတစ်မျိုးအဖြစ် သတ်မှတ်ခံထားရသော ကာဗွန်ဒြပ်ပေါင်းဖြစ်သည်။



ကာဗွန်ဒြပ်ပေါင်းများသည် သက်ရှိအားလုံးအတွက် ဇီဝအခြေခံများကို ဖန်တီးပေးသောဒြပ်ပေါင်းလည်းဖြစ်သည်။

မီသိုင်းကေးရှင်း ကာဗွန်ဒြပ်ပေါင်းများ တွေ့ရှိထားရာ ကြယ်စနစ်သည် အနီးအနားရှိကြယ်များမှ ခရမ်းလွန်ရောင်ခြည်များ ရိုက်ခတ်မှုကြောင့် ဖွဲ့စည်းရှုပ်ထွေးသော ဇီဝမော်လီကျူးအများစု ပျက်စီးသွားတတ်သည့် အာကာသနယ်မြေဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ၎င်းကြယ်စနစ်အတွင်း မီသိုင်းကေးရှင်းကာဗွန်ဒြပ်ပေါင်းများ တွေ့ရှိခဲ့ရမှုမှာ အံ့အားသင့်ဖွယ်ကောင်းသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။ KKO

## ကမ္ဘာမြေကို တစ်နာရီလျှင် မိုင် ၂၀၀၀ အမြန်နှုန်းဖြင့် ဖြတ်သန်းသည့် ဂြိုဟ်သိမ်တစ်စင်းကို အီတလီသိပ္ပံပညာရှင်များ စူးစမ်းလေ့လာနိုင်ခဲ့

**ရောမ ဇွန် ၂၇**

ကမ္ဘာမြေကို တစ်နာရီလျှင် မိုင် ၂၀၀၀ အမြန်နှုန်းဖြင့်ဖြတ်သန်းသွားသည့် ဂြိုဟ်သိမ်တစ်စင်းကို အီတလီသိပ္ပံပညာရှင်များက စူးစမ်းလေ့လာနိုင်ခဲ့ကြောင်း Space. com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

2023 MU 2 အမည်ရှိအဆိုပါ ဂြိုဟ်သိမ်သည် ဇွန် ၂၅ ရက်က အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် အသံ၏မြန်နှုန်းထက် နှစ်ဆခွဲပိုမြင့်မားသည့် အမြန်နှုန်းဖြင့် ကမ္ဘာကို ကျော်ဖြတ်သွားသည့်တိုင် အီတလီသိပ္ပံပညာရှင်များက ၎င်းဂြိုဟ်သိမ်၏သဘာဝကို လေ့လာနိုင်ခဲ့သည်။

2023 MU 2 ဂြိုဟ်သိမ်၏ အရွယ်အစားသည် အချင်း ၁၃ ဒသမ ၅ ပေနှင့် အချင်း ၃၀ ဒသမ ၁ ပေကြားရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

အီတလီသိပ္ပံပညာရှင်များသည် အဆိုပါဂြိုဟ်သိမ်ကို စက္ကန့် ၆၀ ကြာမျှ ဓာတ်ပုံရိုက်ကူး လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

ဓာတ်ပုံရိုက်ကူးခဲ့သည့် အချိန်ကာလတွင် 2023 MU 2 ဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁၃၅၀၀၀ အကွာတွင် တည်ရှိနေကြောင်း သိရသည်။

2023 MU 2 ဂြိုဟ်သိမ်ကို ဇွန် ၁၆ ရက်က စတင်တွေ့ရှိခဲ့ပြီး ကမ္ဘာမြေအတွက် အန္တရာယ်မရှိကြောင်း နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂက ဇွန် ၂၂ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## အရက်သေစာအလွန်အကျွံသောက်သုံးမှုကြောင့် အယ်ဇိုင်းမားရောဂါဝင်လာမှုအရှိန် မြန်လာနိုင်

**ရောမ ဇွန် ၂၇**

အရက်သေစာ အလွန်အကျွံ သောက်သုံးမှုကြောင့် အယ်ဇိုင်းမားရောဂါဝင်လာမှုအရှိန် မြန်ဆန်လာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

အီတလီနိုင်ငံ ဘိုလော့နာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာချက်အရ မျိုးဗီဇအရ အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်မှုနှင့် အရက်သေစာ အလွန်အကျွံ သောက်သုံးမှုတို့ ပေါင်းစည်းချိန်တွင် အယ်ဇိုင်းမားရောဂါဝင်လာမှုအရှိန်မြန်ဆန်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အီတလီ သုတေသနပညာရှင်များသည် ကြွက်များဖြင့်လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အီတလီ သုတေသနပညာရှင်များသည် မျိုးဗီဇအရ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေရှိသော ကြွက်များကို အယ်လ်ကိုဟောဓာတ် အကြိမ်ကြိမ်ပေး၍ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာမှုမှ ထွက်ပေါ်လာသော ရလဒ်များအရ စမ်းသပ်မှုတွင် ပါဝင်သော ကြွက်များ၌ အယ်ဇိုင်းမားရောဂါ ဝင်လာမှုအရှိန် မြန်လာသည်ကိုတွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

မိမိတို့၏ တွေ့ရှိချက်အရ လူသားများသည်လည်း အရက်သေစာ အလွန်အကျွံသုံးစွဲပါက အယ်ဇိုင်းမားရောဂါ ဝင်လာမှုအရှိန် မြန်လာနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

KKO

## ပျက်စီးနေသောအရိုးနုများကို ကုစားရာတွင် ပရိုတင်းအရည်ပျစ်တစ်မျိုးက အထောက်အကူပေးဖွယ်ရှိ

**အော့တာဝါ ဇွန် ၂၇**

ဇီဝပြိုကွဲမှုဖြစ်စဉ်ဖြင့် အလိုအလျောက် ပျောက်ကွယ်သွားနိုင်သော ပရိုတင်းအရည်ပျစ်တစ်မျိုးသည် ပျက်စီးနေသည့်အရိုးနုများကို ပြင်ဆင်ကုစားရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင် သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဇီဝသဘောအရ ပြိုကွဲသွားတတ်သော ပရိုတင်းအရည်ပျစ်တစ်မျိုးသည် ဒူးနှင့်တင်ပါးဆုံအရိုးများ လှုပ်ရှားမှုအတွက် အရေးပါသည့် အရိုးနုများပျက်စီးမှုကိုကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း ကနေဒါနှင့်တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။


အရိုးနုများသည် အရိုးဆက်များ ချောချောမွေ့မွေ့ လှုပ်ရှားနိုင်ရေးအတွက် အရေးကြီးသည့်အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြသည်။

အရိုးနုများပျက်စီးခဲ့ပါက အရိုးဆက်များ နာကျင်ကိုက်ခဲမှု၊ ချောချောမွေ့မွေ့လှုပ်ရှားနိုင်စွမ်း ကျဆင်းမှုတို့ ပေါ်လာတတ်ပြီး အရိုးဆက်ရောင်ရမ်းနာရောဂါ ဖြစ်နိုင်ခြေမြင့်မားလာတတ်သည်။

အရိုးနုများသည် ပျက်စီးမှုများကို ကိုယ်တိုင်ကုစားနိုင်စွမ်းမရှိမှုကြောင့် ပျက်စီးနေသည့်အရိုးနုများကို ကုစားပြုပြင်ရေးမှာ ဆေးပညာလောကအတွက် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်နှင့်ကနေဒါ သုတေသနပညာရှင်များသည် ပရိုတင်းအရည်ပျစ်ကို နည်းပညာသစ်တစ်ရပ်အဖြစ် မာကျောလာစေရန် ဖန်တီးနိုင်ခဲ့ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# မက္ကာဘီတဲလ်အဗစ်အသင်းက တိုက်စစ်မှူးဟောင်း ရော်ဘီကိန်းကို နည်းပြခန့်အပ်

**ဂျေရုဆလင် ဇွန် ၂၇**

အစ္စရေးကလပ် မက္ကာဘီတဲလ်အဗစ်အသင်းက အိုင်ယာလန် တိုက်စစ်မှူးဟောင်း ရော်ဘီကိန်းကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူးဟောင်း ရော်ဘီကိန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက လိဒ်အသင်းနည်းပြ ဆမ်အလာဒိုက် လက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဘောလုံးရာသီပြီးဆုံးချိန်တွင် လိဒ်အသင်းသည် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရသဖြင့် လိဒ်အသင်းမှ ထွက်ခွာခဲ့ပြီး အစ္စရေးကလပ် မက္ကာဘီတဲလ်အဗစ်အသင်းကို နည်းပြချုပ်အဖြစ် တာဝန်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မက္ကာဘီတဲလ်အဗစ် ပိုင်ရှင် ဂိုလ်ဟာက "ရော်ဘီဟာကျွန်တော်တို့အသင်းအတွက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကောင်းဆုံးတွေကို ယူဆောင်လာသူဖြစ်ပါတယ်။ သူကစားခဲ့တဲ့ အသင်းတွေမှာလဲ သူ့ရဲ့နိုင်လိုစိတ် ပြင်းပြပြီး အောင်မြင်မှုရဖို့သာ အဓိကထားတာကို တွေ့ရမှာပါ။ ဒါကြောင့် သူလိုအရည်အသွေးကောင်းတွေရှိတဲ့ နည်းပြကိုခေါ်ယူနိုင်ခဲ့လို့ ဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

မက္ကာဘီတဲလ်အဗစ် အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးဇယားအဆင့် (၃) တွင် ရပ်တည်နိုင်ခဲ့ပြီး ယူရိုပါကွန်ဖရင့်လိဂ်ခြေစစ်ပွဲ ကစားခွင့်ရရှိထားကြောင်း သိရသည်။

ရော်ဘီကိန်းသည် အိုင်ယာလန်အသင်းနှင့် ပြိုင်ပွဲစုံပွဲပေါင်း ၁၄၆ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၆၈ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်ပြီး ဥရောပ ထိပ်သီးကလပ် အင်တာမီလန်၊ စပါး၊ လီဗာပူး၊ ဝက်စ်ဟမ်းအသင်းစသည့် ကလပ်အသင်းများတွင် ကစားခဲ့ရာသွင်းဂိုး ၃၀၀ ကျော် သွင်းယူ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား ဘက်စ်ကွက်၏နေရာတွင် အစားထိုးရန်အတွက် ဗီလာရီးရဲလ်ကွင်းလယ်ကစားသမား ပါရီဂျိုကို ခေါ်ယူရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်း ခံစစ်ကစားသမား လီဗရာမန်တိုကို စတာလင်ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးနေသော်လည်း အသင်းတာဝန်ရှိသူများက စတာလင်ပေါင်သန်း ၃၀ နီးပါးအလိုရှိနေကြောင်း သိရသည်။
- မေဂျာလိဂ်ကလပ် မင်နီဆိုဒါအသင်းက နော့ဝှစ်ချ်အသင်း ကစားသမား ပူကီကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။
- စီးရီးဘီကလပ် ဆမ့်ဒိုးရီးယားအသင်းက အီတလီကွင်းလယ်ကစားသမားဟောင်း ပီယာလိုကို နည်းပြအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။ ML

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင်ဖူ့ဆယ်အသင်းနည်းပြ ချာရာဝမ်ကို တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို




**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာ့လက်ရွေးစင် ဖူ့ဆယ်အသင်းနည်းပြ ထိုင်းလူမျိုးချာရာဝမ်ကို နောက်ထပ် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ဇွန် ၂၆ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နည်းပြချာရာဝမ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး အသင်းကို ပြီးခဲ့သည့် အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် စတုတ္ထနေရာရရှိအောင် စွမ်းဆောင်နိုင်ခဲ့သကဲ့သို့ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း စတုတ္ထနေရာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က နည်းပြချာရာဝမ်ကို လာမည့် ၂၀၂၄ ခုနှစ် မေ ၃၁ ရက်ထိ တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပြီး ၎င်းအနေဖြင့် မြန်မာ့လက်ရွေးစင်ဖူ့ဆယ်အသင်းအပြင် ယူ-၁၈ ဖူ့ဆယ်အသင်းကိုလည်း ပူးတွဲတာဝန်ယူကိုင်တွယ်သွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူ့ဆယ်အသင်းသည် ယခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့် AFC Futsal Asian Cup 2024 တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲ အုပ်စု (E) တွင် တာဂျစ်ကစ္စတန်အသင်း၊ ပါလက်စတိုင်းအသင်း၊ အိန္ဒိယအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေပြီး လက်ရှိတွင် ပဏာမကစားသမားများဖြင့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း သိရသည်။ STA

# ဗလင်စီယာအသင်းက ကွင်းလယ်ကစားသမား မူဆာကို ရောင်းချမည်ဖြစ်ကြောင်း ကြေညာ

**ရောမ ဇွန် ၂၇**

ဗလင်စီယာ အသင်းသည် နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ကစားသမားအများအပြားရောင်းချရန်စီစဉ်လျက်ရှိပြီး ကွင်းလယ်ကစားသမား မူဆာကိုလည်း အရောင်းစာရင်းတင်သွင်း၍ ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ရရှိပါက ရောင်းချမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ ရှိ ကွင်းလယ်ကစားသမား မူဆာသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဗလင်စီယာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ ပွဲပါဝင်ခဲ့ရာတွင် ပုံစံကောင်းပြသနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ဘဏ္ဍာရေး လိုအပ်ချက်ကြောင့် ရောင်းချရန် ဆုံးဖြတ်ခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လူငယ်ကစားသမား မူဆာကို အေစီမီလန်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေသော်လည်း အေစီမီလန်အသင်းက လက်ဦးမှုရရှိရန် ကြိုးပမ်းနေပြီး ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့မည့် ကွင်းလယ်ကစားသမား တိုနယ်လီ၏နေရာတွင် အစားထိုးရန်စီစဉ်နေကာ ဗလင်စီယာအသင်းက တောင်းဆိုသည့် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သေချာလျက်ရှိသည်။

အေစီမီလန် အသင်းသည် ကနဦးက ကွင်းလယ်ပိုင်းအတွက် ချဲလ်ဆီးအသင်း ကစားသမား လော့တပ်ချိခ်ကို ခေါ်ယူရန် ဆွေးနွေးခဲ့ရာ ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၃၀ အလိုရှိနေသောကြောင့် ဘဏ္ဍာရေး အကျပ်အတည်းရှိနေသည့်အတွက် ယူရိုသန်း ၂၀ သာ ပေးချေရမည့် မူဆာကိုသာခေါ်ယူရန် ပစ်မှတ်ထားခဲ့ပြီး ၎င်းအနေဖြင့် အီတလီနိုင်ငံသား ပက်စပို့စ်ကိုင်ဆောင်ထားသောကြောင့် ကစားသမားမှတ်ပုံတင်ရာတွင် အခက်အခဲရှိမည်မဟုတ်ဘဲ လာမည့် ဇူလိုင်လတွင် ကျင်းပမည့် ရာသီအကြိုခြေစွမ်းပွဲစဉ်သို့လည်း ခေါ်ဆောင်နိုင်မည်ဖြစ်၍ ဗလင်စီယာအသင်းနှင့်ဆွေးနွေးမှုများ ထပ်မံပြုလုပ်နေကြောင်း သိရသည်။ ML

# ဗင်နီစီးယက်စ်ကို စာချုပ်ဖျက်သိမ်းကြေး ယူရိုတစ်ဘီလီယံဖြင့် ကာလရှည်သက်တမ်းတိုးခဲ့ဟု ရီးရဲလ်ထုတ်ပြန်

**မက်ဒရစ် ဇွန် ၂၇**

ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြသနေသည့် တိုက်စစ်မှူး ဗင်နီစီးယက်စ်ကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ယခုအခါ စာချုပ်ဖျက်သိမ်းကြေး ယူရိုတစ်ဘီလီယံအပါအဝင် ငါးနှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် အသင်းနှင့် ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် ကစားသမား၏ စွမ်းဆောင်ရည်ကောင်းများကြောင့် ဥရောပထိပ်သီးကလပ်များ၏ ခေါ်ယူမှုမှ တားဆီးရန် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလကတည်းက စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရယူခဲ့ပြီး ယခုအခါစာချုပ်ဖျက်သိမ်းကြေး ယူရိုတစ်ဘီလီယံနှင့် ငါးနှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဗင်နီစီးယက်စ်တို့၏ သက်တမ်းတိုးစာချုပ်တွင် ကစားသမားအနေဖြင့် ခြေစွမ်းပြသနိုင်ပါက အပိုဆုကြေးထပ်မံရရှိမည့်အပြင် ၎င်းအနေဖြင့် ဘော်လွန်းဒီအော်ဆုရရှိပါကလည်း ဆုကြေးငွေ အမြောက်အမြား ရရှိမည့် သဘောတူညီချက်ပါဝင်ပြီး ဗင်နီးစီးယက်စ်သည် ယခုနှစ် ဘော်လွန်းဒီအော်ဆု ကစားသမားစာရင်းတွင်လည်း ထိပ်ဆုံး ၁၀ ဦး၌ ပါဝင်နေပြီး အဆင့် (၈) တွင် ရပ်တည်လျက်ရှိနေသည်။



လက်ရှိတွင် ရီးရဲလ်မက်ဒရစ် အသင်းသည် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ကွင်းလယ်ကစားသမား မိုဒရစ်၊ တိုနီခရူးစ်၊ တိုက်စစ်မှူး ဘာရာဟင်ဒီယက်ဇ်၊ ခံစစ်ကစားသမား နာချို၊ ကွင်းလယ်ကစားသမား စီဘယ်လော့နှင့် တိုက်စစ်မှူး ဗင်နီစီးယက်စ်တို့ကို စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲ၏ ခြေစွမ်းအဆိုးရွားဆုံး ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်တိုက်စစ်မှူးမာနေး သတ်မှတ်ခံရ



**ဘာလင် ဇွန် ၂၇**

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် ခြေစွမ်းအဆိုးရွားဆုံးသော ကစားသမားအဖြစ် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား မာနေးသတ်မှတ်ခံခဲ့ရကြောင်း Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ မာနေးသည် လီဗာပူးအသင်းတွင်ကစားခဲ့စဉ်က ပရီးမီးယားလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊အက်ဖ်အေဖလားနှင့်ကွာရာဘောင်းဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့ကာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ တိုက်စစ်ကစားသမားအဖြစ်ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

သို့သော် မာနေးသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက လီဗာပူးအသင်းမှ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၃၅ သန်းဖြင့် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင်ပင် ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်ခဲ့ရပြီးနောက် အသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါဖလားဆွတ်ခူးနိုင်ခဲ့သော်လည်း ခြေစွမ်းပိုင်းအဆိုးရွားဆုံးသော ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ဂျာမန်အခြေစိုက် အားကစားမဂ္ဂဇင်းဖြစ်သည့် Kicker က ၂၀၂၂-၂၀၂၃ ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတွင် ခြေစွမ်းပိုင်း အဆိုးရွားဆုံးသော ကစားသမားကို ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲဝင် ကစားသမားများထံမှ ဆန္ဒမဲကောက်ယူ သတ်မှတ်ခဲ့ရာတွင် မာနေးသည် ဆန္ဒမဲ ၄၁ ဒသမ ၇ ရာခိုင်နှုန်းထိ ရရှိခဲ့ပြီး ခြေစွမ်းပိုင်းအဆိုးရွားဆုံးသော ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရပြီး အကောင်းဆုံး ကစားသမားအဖြစ် ဖရန့်ဖတ်အသင်းမှ မူအာနီက သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

STA

# WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံ ဂျိုရှာဖရန်ကို လက်ဝှေ့လောကမှ အနားယူ

**မန်နီလာ ဇွန် ၂၇**

WBA စူပါဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်ကို ၂၀၂၀ ပြည့်နှစ်မှ စတင်ထိန်းသိမ်းလာနိုင်ခဲ့သည့် ဖိလစ်ပိုင်လက်ဝှေ့သမား ဂျိုရှာဖရန်ကိုသည် လက်ဝှေ့လောကမှအနားယူသွားခဲ့ပြီးနောက် WBA အဖွဲ့ချုပ်က ဂျိုရှာဖရန်ကို၏ ဆုံးဖြတ်ချက်အပေါ်၌လည်း ဝမ်းနည်းမိကြောင်း ထုတ်ပြန်သွားခဲ့သလို လက်ဝှေ့လောကမဟုတ်သည့် လောကတွင်လည်း အောင်မြင်စွာကျင်လည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးခဲ့သည်ဟု Boxing News သတင်းဌာနက ယနေ့ တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ် အရွယ်သာရှိသေးသည့် ဂျိုရှာဖရန်ကိုသည် ပြီးခဲ့သော ဇွန် ၂၄ ရက်က ဂျပန်လက်ဝှေ့သမား ကာဇူတိုနှင့် ဂျပန်နိုင်ငံတိုကျိုမြို့တွင် WBA စူပါဖလိုင်းဝိတ်တန်းချန်ပီယံ စိန်ခေါ်ပွဲ ထိုးသတ်ခဲ့ရာ ကာဇူတိုက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ပထမတစ်ကြိမ် စိန်ခေါ်ပွဲစဉ်အဖြစ် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ထိုးသတ်ခဲ့ရာတွင် အနိုင်အရှုံးရလဒ်ထွက်ပေါ်ခဲ့ခြင်းမရှိဘဲ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

မကြေပွဲစဉ်တွင် ကာဇူတိုသည် ပထမတစ်ကြိမ် စိန်ခေါ်ပွဲစဉ်က ပုံစံမျိုးမဟုတ်ဘဲ ပိုမိုကောင်းမွန်သည့် လက်စွမ်းမျိုးဖြင့် ထိုးသတ်နိုင်ခဲ့ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့သည်။

ဂျိုရှာဖရန်ကိုသည် ကမ္ဘာ့ချန်ပီယံခါးပတ်အား လက်လွှတ်ခဲ့ရပြီးနောက် ဇွန် ၂၆ ရက်တွင် လက်ဝှေ့သမားဘဝမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

AZL

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ပထမဆုံးအကြိမ် လွဲချော်နိုင်ကြောင်း လီဝက်စ်ဝုဒ် ထုတ်ပြန်




**စိန့်အန်ဒရူး ဇွန် ၂၇**

စကော့တလန်နိုင်ငံ စိန့်အန်ဒရူးမြို့တွင် ဇူလိုင်လ ဒုတိယပတ်၌ စတင်ကျင်းပသွားမည့် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် လွဲချော်ဖွယ်ရှိနေကြောင်း အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား လီဝက်စ်ဝုဒ်က ထုတ်ပြန်ခဲ့သည်ဟု Planet Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လီဝက်စ်ဝုဒ်သည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲဖြင့် တစ်ကြိမ်တစ်ခါမှ လွဲချော်ခဲ့ဖူးခြင်းမရှိဘဲ ယခုတစ်ကြိမ် ပါဝင်နိုင်ခြင်းမရှိပါက နှစ်ပေါင်း ၂၈ နှစ်အတွင်း ပထမဆုံးအကြိမ် လွဲချော်မည်ဖြစ်သည်။

လီဝက်စ်ဝုဒ်သည် PGA Tour ၏အရေးယူမှုဖြင့် ရင်ဆိုင်ခဲ့ရသူဖြစ်ပြီးစံချိန်တင်ဒဏ်ကြေးငွေအဖြစ် ယူရို ၈၀၀၀၀၀ ထိ ပေးဆောင်ခဲ့ရသည်။

သို့သော်လည်း လီဝက်စ်ဝုဒ်ဘက်က The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ရသည့် အကြောင်းအရင်းကိုမူ တရားဝင် ထုတ်ပြန်သွားခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

လီဝက်စ်ဝုဒ်သည် PGA Tour ၏ အဖွဲ့ဝင်ကစားသမားအဖြစ်မှ နုတ်ထွက်ထားသူ တစ်ဦးဖြစ်ပြီး PGA Tourနှင့် LIV Golf အဖွဲ့ချုပ်တို့ကြား ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိထားပြီဖြစ်သည့်အတွက် PGA Tour များတွင် LIV Golf အဖွဲ့မှကစားသမားများ လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်ခွင့်ရပြီဖြစ်သည်။

သို့သော်လည်း လီဝက်စ်ဝုဒ်က PGA Tour မှ ၎င်းအပေါ်ချမှတ်ခဲ့သော ပြစ်ဒဏ်နှင့်ပတ်သက်ပြီး မကျေမနပ်ဖြစ်နေကာ PGA Tour မှ နုတ်ထွက်ထားသော ကစားသမားတစ်ဦးအပေါ် ဒဏ်ရိုက်ခြင်းမှာလည်း မျှတမှုမရှိသည်ဟု တုံ့ပြန်ထားကြောင်း သိရသည်။ AZL

# စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် ကမ္ဘာ့အဆင့် (၁) နေရာသို့ တက်ရောက်

**မက်ဒရစ် ဇွန် ၂၇**

စပိန် တင်းနစ်ကစားသမား အယ်ကာရက်ဇ်သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ရရှိလာသည့် ရမှတ်များမှာ ကမ္ဘာ့အဆင့် (၁)နေရာတွင် ရပ်တည်နေသည့် ဂျိုကိုဗစ်၏ရမှတ်အား ကျော်ဖြတ်သွားနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်လည်ရယူသွားနိုင်ခဲ့ကြောင်း Tribune သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၀ အရွယ်သာရှိသေးသည့် အယ်ကာရက်ဇ်သည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ မစတင်မီ ကမ္ဘာ့အဆင့် (၁) နေရာကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်သလို ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) ကစားသမားအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သည်။

ယခုနှစ်အတွင်း ကမ္ဘာ့အဆင့် (၁) တင်းနစ်ကစားသမားနေရာသည် ခြောက်ကြိမ်ထိ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်း ကမ္ဘာ့အဆင့် (၁) နေရာ ပြောင်းလဲမှု အကြိမ်ရေအများဆုံးဖြစ်ခဲ့သည်။

အယ်ကာရက်ဇ်က "ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ဂျိုကိုဗစ်ကပဲ ဗိုလ်စွဲဖို့ ရေပန်းစားတဲ့ ကစားသမားအဖြစ် ရပ်တည်နေပါလိမ့်မယ်။ ဒီကိစ္စကတော့ ရှင်းပါတယ်။ ဘယ်သူ့ကိုမေးမေး ဂျိုကိုဗစ်ကပဲ ဗိုလ်စွဲလိမ့်မယ်လို့ ဖြေလိမ့်မယ်။ ကျွန်တော်လဲ ဂျိုကိုဗစ်ဗိုလ်စွဲနိုင်တယ်လို့ပဲ ထင်တယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ဂျိုကိုဗစ်ရဲ့အဆင့်မျိုးရောက်အောင် အကောင်းဆုံး ကြိုးစားသွားမှာပါ။ ကျွန်တော့်အနေနဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ ဂျိုကိုဗစ်နဲ့တွေ့ဆုံဖြစ်ခဲ့ရင် အနိုင်ယူနိုင်အောင် ဒါမှမဟုတ် ဗိုလ်လုပွဲစဉ်လောက်ထိ တက်နိုင်အောင် ကြိုးစားသွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




# မန်စီးတီးအသင်းက ဒီကလန်ရိုက်အတွက် စတာလင်ပေါင် သန်း ၉၀ ဖြင့် ကမ်းလှမ်းမှုကို ဝက်စ်ဟမ်းအသင်းပယ်ချ

**လန်ဒန် ဇွန် ၂၇**

မန်စီးတီးအသင်းက ဒီကလန်ရိုက်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၉၀ ဖြင့် တရားဝင် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက ပယ်ချခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဒီကလန်ရိုက်သည် လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲမှ အကောင်းဆုံး ကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်လျက်ရှိနေသူဖြစ်ပြီး လက်ရှိ ကစားသမား အပြောင်းအရွှေ့ ကာလတွင် ဝက်စ်ဟမ်းအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့်အတွက် မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ အပြင် အပိုဆုကြေး ၁၀ သန်း စုစုပေါင်းသန်း ၉၀ ဖြင့် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဒီကလန်ရိုက်ကို မန်စီးတီးအသင်းက အာဆင်နယ်အသင်းအပြင် အာဆင်နယ်အသင်းကလည်း အစောပိုင်းကတည်းက နှစ်ကြိမ် ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ပထမအကြိမ်က စတာလင်ပေါင် သန်း ၆၀ နှင့် ဒုတိယအကြိမ်က စတာလင်ပေါင် ၇၅ သန်းအပြင် အပိုဆုကြေးစတာလင်ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဝက်စ်ဟမ်းအသင်းက နှစ်ကြိမ်စလုံးကို ပယ်ချခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင်လည်း မန်စီးတီးအသင်းက အာဆင်နယ်အသင်း ကမ်းလှမ်းခဲ့သည့် ပြောင်းရွှေ့ကြေးအတိုင်း စတာလင်ပေါင် သန်း ၈၀ တစ်လုံးတစ်ခဲတည်း ပေးချေမည့် ကမ်းလှမ်းချက်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းကဒီကလန်ရိုက်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၁၀၀ အနည်းဆုံးအလိုရှိနေကြောင်း သိရသည်။

STA

# သခင်ဘသောင်း၏ 'ပန်းသာမစာအု'

ပုသိမ်အောင်သန်းဦး

ဓာတ်ဆရာ ဆရာချိန်သည် ဦးပန်းမောင်နှင့်တွေ့တိုင်း မြို့စားမင်းဟု နှုတ်ဆက်လေ့ရှိသည်။ ဤသည်မှာ ဦးပန်းမောင်အတွက် ဆန်းနေ၏။ သူသည် အသက် ၆၀ ကျော်လာသည်ထိ သူဆင်းရဲဘဝတွင် ရုန်းကန်နေရသူဖြစ်သည်။

ဓာတ်ဆရာ ဆရာချိန်သည် ရာဇဝင်ကိုလိုက်စားသူဖြစ်သည်။ မှတ်စုစာအုပ်ဖြင့် ရေးမှတ်တတ်သူဖြစ်သည်။ ထို့ကြောင့် မှတ်စုဆရာချိန်ဟူ၍လည်း လူအများက ခေါ်ကြသည်။ ဆရာချိန်သည် မြို့စားအဆက်အနွယ်အကြောင်း အတော်အတန်မှတ်ထား၏။ ဦးပန်းမောင်သည် ပန်းသာမြို့စားဖြစ်ကြောင်း ပြော၏။

သို့ဖြင့် ဦးပန်းမောင်သည် သူ့မယား ဒေါ်ဘုမကိုလည်း သတင်းစကားဆို၏။ သို့ဖြင့် ဒေါ်ဘုမသည် ငါတို့ကား နွယ်နွယ်ရရမဟုတ် ပန်းသာမြို့စားအနွယ်များဖြစ်ကြောင်း သိရ၏။ သမီးချော မစာအုကိုလည်း မြောက်ကုန်းက ပန်းသာခင်လေးထံ ပို့ရန်မြင်၏။ ပန်းသာခင်လေးမှာ မိမိတို့အမျိုးအနွယ်ထဲက ဖြစ်မည်ဟု တွေး၏။ ဆွေမျိုးစပ်ကြည့်သင့်သည်ဟုလည်း သဘောရ၏။ ဤသို့ဖြင့် သမီးမစာအုကို မြောက်ကုန်းက သူဌေးပန်းသာခင်လေးထံ လွှတ်လိုက်၏။

ဤတွင် ပန်းသာခင်လေး၏သား ပန်းသာမောင်မောင်နှင့်ဆုံ၏။ စာအုသည် ပန်းသာမောင်မောင်ကို တွေ့စကပင် သဘောမကျ။ သို့သော် ပန်းသာမောင်မောင်က ချစ်ရေးဆို၏။ အချစ်ကို အဓမ္မရယူ၏။ မစာအု အပျိုရည်ကိုဖျက်၏။ မစာအုမှာ ပန်းသာမောင်မောင်ကို မချစ်သဖြင့် ထွက်ပြေးလာခဲ့သည်။ ပေပင်ကုန်းရွာတွင် ပန်းသာမောင်မောင်၏ ရင်သွေးကို ဖွားမြင်စေ၏။ သို့သော် ပန်းသာမောင်မောင်၏ ရင်သွေးသည် လူ့လောကရောက်ပြီး မကြာမီကွယ်လွန်သွားလေသည်။ မကြာမီ မစာအုသည် ရှားပင်စုရွာရှိ ဦးထွန်းဘော်-ဒေါ်အေးမယ်တို့၏ယာတွင် ဝင်၍ အလုပ်လုပ်၏။ သို့ဖြင့် အလုပ်လုပ်ဖော် ငွေခင်၊ ရွှေမှုန်၊ နန်းစိန်တို့နှင့် ခင်မင်လာလေ၏။ ထိုသူများကြားတွင် မြို့မှအလုပ်သင်အဖြစ် လာရောက်သင်တန်းတက်လေ့လာနေသူ သူဌေးသား ကိုဒေဝကိုလည်း တွေ့ရ၏။ ကိုဒေဝကို မစာအုသဘောကျ၏။ သို့သော် မိမိမှာ အပျိုစင်မဟုတ်သဖြင့် မရောနှောခဲ့ပေ။ သို့သော် ကိုဒေဝက အခြားအပျိုစင်များကြားမှ မိမိကို သဘောကျနေကြောင်း ရိပ်မိ၏။ နောက်ဆုံး ကိုဒေဝနှင့်မစာအုတို့ လက်ထပ်လိုက်ကြသည်။

မင်္ဂလာဦးညတွင်ပင် မစာအုက သူနှင့်ပန်းသာမောင်မောင်တို့အဖြစ်အပျက်ကို ပြောပြမိသည်။ ဤတွင် ကိုဒေဝ စိတ်မချမ်းမသာဖြစ်ရသည်။ သို့ဖြင့် မစာအုအား ငွေအနည်းငယ်ပေးခဲ့ကာ ဂျာဗားကျွန်းတွင် အလုပ်သွားလုပ်ဦးမည်ဟုဆိုကာ ထွက်ခွာသွားလေ၏။

မစာအုသည် ကိုဒေဝကို မိမိလင်သားအဖြစ်သာ သတ်မှတ်ထား၏။ မိမိနှင့်ခေတ္တခွဲကာနေရသည်ဟုသာ မှတ်ယူ၏။ ကိုဒေဝပေးခဲ့သော ငွေများကို သူ့မိဘများထံ ထောက်ပံ့၏။ မိဘများကလည်း သမီး လင်ကောင်းရရှိပြီဟုမှတ်ယူကာ ထောက်ပံ့မှုများကို လိုလား၏။ သို့သော် မစာအုသည် နောင်တွင် အခြေအနေအရ ထောက်ပံ့မှုအားနည်းလာ၏။

ဤတွင် ကိုဒေဝမှာထားသည့် ယောက္ခမများရှိရာမြို့သို့ သွားခဲ့သည်။ ယောက္ခမများကိုမတွေ့။ သူညီနှင့်ကိုဒေဝနှင့် စေ့စပ်ခဲ့သူ မခင်သူကိုသာ တွေ့ရ၏။ သူတို့ထံမှ နှစ်လိုကြည်ဖြူသည့်စကားများ မကြားရသောကြောင့် ပြန်ခဲ့သည်။

ဤတွင် ပန်းသာမောင်မောင်နှင့် ပြန်ဆုံ၏။ ပန်းသာမောင်မောင်မှာ သူ့မိခင်ကွယ်လွန်ပြီးနောက် ဘုရားတရားများကို ဆောင်ရွက်နေရာ မစာအုကို တွေ့ရသည်နှင့် တရားဓမ္မကိုပစ်ကာ မစာအုနောက်လိုက်ပြန်၏။ မစာအုက အမျိုးမျိုးရှောင်၏။ မရ။ ပန်းသာမောင်မောင်က မစာအုထံ အထပ်ထပ်လာ၏။ မစာအုက မိမိမှာ လင်ယောက်ျားရှိနေပြီဖြစ်ကြောင်း ပြောပြ၏။ ပန်းသာမောင်မောင် လက်မခံ။ ထိုအချိန်တွင် မစာအုဖခင် ဦးပန်းမောင် ကွယ်လွန်၏။ မစာအု ပေပင်ကုန်းရွာသို့သွား၏။ အိမ်ရှင်က သူ့ဝင်းထဲမှ နှင်ထုတ်သောအခါ မစာအုတို့ နေစရာကင်းမဲ့တော့သည်။ ဤတွင် ပန်းသာမောင်မောင် ရောက်လာပြီး သူနေသော မြောက်ကုန်းရွာသို့ လိုက်ခဲ့ရန်ခေါ်၏။

> ❖ ပန်းသာမောင်မောင်မှာ သူ့မိခင်ကွယ်လွန်ပြီးနောက် ဘုရားတရားများကိုဆောင်ရွက်နေရာ မစာအုကိုတွေ့ရသည်နှင့်တရားဓမ္မကို ပစ်ကာ မစာအုနောက်လိုက်ပြန်၏။ မစာအုက အမျိုးမျိုးရှောင်၏။ မရ။ ပန်းသာမောင်မောင်က မစာအုထံ အထပ်ထပ်လာ၏။ မစာအုက မိမိမှာ လင်ယောက်ျားရှိနေပြီဖြစ်ကြောင်း ပြောပြ၏။ ပန်းသာမောင်မောင် လက်မခံ။ ထိုအချိန်တွင် မစာအုဖခင် ဦးပန်းမောင် ကွယ်လွန်၏။ မစာအု ပေပင်ကုန်းရွာသို့သွား၏။ အိမ်ရှင်က သူ့ဝင်းထဲမှ နှင်ထုတ်သောအခါ မစာအုတို့ နေစရာကင်းမဲ့တော့သည်။ ❖

မစာအုက သူဒုက္ခရောက်နေကြောင်း ကိုဒေဝထံ စာရေး၏။ သူ့သူငယ်ချင်းများကလည်း ကိုဒေဝကို အမြန်ပြန်လာရန် စာရေးကြ၏။ သို့သော် ကိုဒေဝကား ရောက်မလာ။

နောက်ဆုံး မစာအုမှာ ပန်းသာမောင်မောင်၏ မြောက်ကုန်းရွာအိမ်သို့ ရောက်ခဲ့ရလေသည်။ ကိုဒေဝ ပြန်ရောက်သောအခါ မစာအုသည် ပန်းသာမောင်မောင်၏ဇနီး ပန်းသာခင်ခင်ဖြစ်၍ နေပေပြီ။ မစာအုသည် ကိုဒေဝကို ပြန်တွေ့သောအခါ ရင်ထဲကမချိပေ။ သူသည် ကိုဒေဝကိုသာချစ်ပြီး ပန်းသာမောင်မောင်ကို မချစ်ပေ။ သူ့အချစ် ဆုံးရှုံးရသည်မှာ ပန်းသာမောင်မောင်ကြောင့်ဟု ခံယူထားသည်။ နောက်ဆုံးတွင် မစာအုသည် ပန်းသာမောင်မောင်ကိုသတ်ပြီး ကိုဒေဝနောက်သို့ လိုက်ခဲ့လေသည်။

ကိုဒေဝသည် ယခုတစ်ကြိမ်တွင် မစာအုကို ကယ်တင်ရမည်ဟုဆုံးဖြတ်ကာ ဘေးလွတ်ရာသို့ ခေါ်ယူရှောင်ပြေးလေသည်။ သို့သော် ရာဇဝတ်ဘေး ပြေးမလွတ်ဆိုသည့်အတိုင်း မစာအု အဖမ်းခံရကာ နရသိန်ထောင်သို့ အပို့ခံရသည်။ ထို့နောက် မစာအုသည် ပန်းသာမောင်မောင်ကို သတ်မှုဖြင့် ကြိုးပေးအသတ်ခံရလေသည်။

ပန်းသာမစာအုသည် အင်္ဂလိပ်စာရေးဆရာ သောမတ်ဟာဒီ၏ "တက်စ်အော့သဒီအာဗာဗီး" ဝတ္ထုကိုမှီးပြီးရေးသားခဲ့သော ဝတ္ထုဖြစ်သည်။ ဟာဒီ၏ဝတ္ထုများသည် ကံတရားကိုအခြေခံပြီး ဆန်းကြယ်မှုကို ဖွဲ့ဆိုထားသည့် ဝတ္ထုများဖြစ်သည်။

"ပန်းသာမစာအု"သည် နဂါးနီစာအုပ်အသင်းက ပထမဆုံးထုတ်ဝေသော ဝတ္ထုစာအုပ်ဖြစ်သည်။ စာရေးသူသည် နိုင်ငံရေးပုဒ်မဖြင့် ထောင်ကျနေစဉ် ထောင်ထဲတွင်ရေးသော ဝတ္ထုဖြစ်သည်။ မူလအမည်မှာ "ပန်းသာမခါအုံ"ဖြစ်သည်။ အညာကျေးတောသူတစ်ဦး၏အမည်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပုံနှိပ်ထုတ်ဝေသောအခါ "ပန်းသာမစာအု" ဖြစ်လာသည်။

၁၉၅၁ ခုနှစ်တွင် ဒုတိယအကြိမ်ထုတ်ဝေသည်။ ထိုနှစ်မှာပင် တက္ကသိုလ်ဝင်တန်း(ပင်ရင်းမြန်မာစာ ဘာသာရပ်)အတွက် ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းခြင်းခံရသည်။ ဆရာသခင်ဘသောင်းသည် ရိုးမတောင်ခြေဒေသတစ်ဝိုက် တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လယ်ဝေးမြို့တို့တွင် ကြီးပြင်းခဲ့သဖြင့် ထိုဒေသရှိ ဓလေ့စရိုက် ယဉ်ကျေးမှုများကို ကျွမ်းသည်။ ထို့ကြောင့် အင်္ဂလိပ်ဝတ္ထုသည် မြန်မာအငွေ့အသက်များဖြင့် ပြည့်လျှံနေသည့် မြန်မာဝတ္ထုတစ်ပုဒ်ဖြစ်လာသည်။

"ပန်းသာမစာအု"သည် အမှီးဝတ္ထုဟုဆိုရလင့်ကစား ထိုကာလဝတ္ထုဇာတ်ကို သရုပ်ဖော်ရာ၌ထူးခြားသောဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ ပေပင်ကုန်းရွာထိပ်က လက်ပံပင်ကြီးကို သရုပ်ဖော်တင်ပြရာတွင် ရသဂုဏ်မြောက်စွာ ရေးသားနိုင်သည်ကို တွေ့ရသည်။ စာရေးဆရာ၏ အရေးအသားကောင်းမှုများကြောင့် အမှီးဝတ္ထုဟုပင် မထင်မှတ်ကြပေ။

ဆရာကြီးသခင်ဘသောင်းကို ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ ဖခင်မှာ သိပေါမင်းလက်ထက် တာဝန်ထမ်းဆောင်ခဲ့သော တောင်တွင်းကြီးစစ်ကဲ ဦးမြစ်ဖြစ်သည်။ မိခင်မှာ နတ်မောက်မြို့နယ် ဖုန်ကုန်းရွာသူ ဒေါ်လေးခင်ဖြစ်သည်။ သခင်ဘသောင်းသည် ဖုန်ကုန်းရွာတွင် ဖွားမြင်ခဲ့သည်။

ဂန္ထလောက က ကြီးမှူးကျင်းပသော ဘာသာပြန်ပြိုင်ပွဲ၌ ခြောက်ကြိမ်တွင် ငါးကြိမ် ပထမဆုရခဲ့သည်။ ၁၉၂၈-၁၉၂၉ ခုနှစ်တွင် ကမ္ဘာ့ရာဇဝင်ချုပ်ကို ဘာသာပြန်ဆိုခဲ့ရာ ဝေလမင်းသားဆုကို ရရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် နည်းပြဆရာအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၂၈ ခုနှစ်မှစပြီး သခင်အမည်ကို စ၍သုံးခဲ့သည်။ တို့ဗမာစာတန်းကို ရေးသားပြီး တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

သခင်ဘသောင်းသည် "ပန်းသာမစာအု"ဝတ္ထုအပြင် ဆရာဝန်ပါပဲ ပြဇာတ်၊ အဖေ့အမွေပြဇာတ်၊ တိုင်းပြည့်ရန်သူပြဇာတ်၊ တစ်ထောင့်တစ်ညပုံပြင်များ သုံးတွဲ၊ ခြေလေချောင်းတော်လှန်ရေး၊ သူခိုးအာမက်၊ မျက်မမြင်တိုင်းပြည်၊ ဒေးဗစ်ကော်ဖာဖီး၊ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်၊ အာကာသသိပ္ပံ၊ ဒီမိုကရေစီဆိုတာဘာလဲ၊ မြန်မာစာ မြင့်စေချင်လွန်းလို့၊ ဗိုလ်တင်းပုတ် ပြည်ဝင် ဝတ္ထုများကိုလည်း ရေးသားခဲ့သည်။

## ရေတာရှည်မြို့နယ် ကျေးရွာနှစ်ရွာ၌ လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ရေတာရှည် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သပြေတန်းကျေးရွာနှင့် အောင်ချမ်းသာကျေးရွာတို့၌ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော့မောင်မောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ သပြေတန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု၊ အောင်ချမ်းသာကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလထက်စော၍ပြီးစီးရေး၊ သတ်မှတ်အတိုင်း အတာပြည့်မီရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးမှာကြားသည်။


ရေတာရှည်မြို့နယ် သပြေတန်းကျေးရွာ၌ အရှည် ၃၂၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၉၃ ဒသမ ၈၂၇ သန်းဖြင့် Uni Empire ကုမ္ပဏီက လည်းကောင်း၊ အောင်ချမ်းသာကျေးရွာ၌ အရှည် ၃၀၀၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၃၄ ဒသမ ၂၉ သန်းဖြင့် မျိုးခေတ်ကျော်ကုမ္ပဏီက လည်းကောင်း ဇွန် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း တောင်ငူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးကပြောပြ၍ သိရသည်။

ကိုညီ

# ကျောက်တံတားမြို့နယ် Royal 36 Art Studio & Gallery တွင် ပဉ္စင်္ဂံအွန်လိုင်းပန်းချီပြပွဲကို ဇူလိုင် ၁ ရက်မှ ၅ ရက်ထိ ပြသသွားမည်



**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Royal 36 Art Studio & Gallery တွင် ပဉ္စင်္ဂံအွန်လိုင်းပန်းချီပြပွဲကို ဇူလိုင် ၁ ရက်မှ ဇူလိုင် ၅ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ပန်းချီ မောင်ကျော်စိုးက ပြောပြခဲ့ သိရသည်။

အဆိုပါ ပဉ္စင်္ဂံအွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီ သန်းဆွေသစ်၊ ပန်းချီ ကျော်ကျော်၊ ပန်းချီ ရဲထွန်း၊ ပန်းချီဆရာမ မြင့်မြင့်ဦးနှင့် ပန်းချီဆရာမ သန္တာမြင့်တို့၏ လက်ရာစုံ ပန်းချီကား ၂၅ ကားကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီကျောင်းဆင်း ပန်းချီဆရာ၊ ဆရာမ ငါးယောက်ရဲ့ ပန်းချီလက်ရာတွေကို ပြသပေးမှာဖြစ်ပါတယ်။ ပဉ္စင်္ဂံဆိုတဲ့အတိုင်း ပန်းချီဆရာ၊ ဆရာမငါးယောက် ရေးဆွဲထားတဲ့ အကြောင်းအရာတူတဲ့ ပန်းချီကားတွေကို ပန်းချီချစ်သူတွေ ယှဉ်ပြိုင်ခံစားနိုင်အောင် အသေအချာ သီးသန့်ရွေးချယ်ပြသမှာဖြစ်ပါတယ်။ အကြောင်းအရာတူတွေပေါ်မှာ ပန်းချီဆရာတစ်ယောက်ချင်းရဲ့ ရေးဆွဲပုံ၊အမြင်နဲ့ ရှုထောင့်တွေကို မြင်ရမှာပါ"ဟု Royal 36 Art Studio & Gallery ပြခန်းတာဝန်ခံ ပန်းချီ မောင်ကျော်စိုးက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊(၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး စျေးနှုန်းမှာ ငွေကျပ် ခုနစ်သိန်းမှ ငွေကျပ် သိန်း ၃၀ ထိရှိကြောင်း သိရသည်။

ASH

# Rise of the Beasts ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၃၄၁ သန်းရှိလာ

**နယူးယောက် ဇွန် ၂၇**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Transformers: Rise of the Beasts ဇာတ်ကား၏ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၄၁ သန်းထိ ရှိလာပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

Transformers: Rise of the Beasts ဇာတ်ကားစုစုပေါင်းဝင်ငွေ၏ထက်ဝက်ခန့်မှာ မြောက်အမေရိက ရုပ်ရှင်စျေးကွက်မှ ရယူနိုင်ခဲ့သော ပြည်တွင်းဝင်ငွေဖြစ်သည်။

အဆိုပါဇာတ်ကားသည် အမေရိကန်နိုင်ငံနှင့် ကနေဒါစျေးကွက်များ၌ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂၂ သန်းထိရရှိထားကြောင်း၊ Paramount ရုပ်ရှင်ကုမ္ပဏီသည်Transformers: Rise of the Beasts ဇာတ်ကားကို ဇွန် ၉ ရက်တွင် ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ စတီဗင်ကာပယ်ဂျူနီယာက ရိုက်ကူးပေးခဲ့ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျိုဟီဟာရီးနှင့် ဂျို့ပီတာတို့က ရေးသားပေးထားကြောင်း သိရသည်။

Transformers: Rise of the Beasts ဇာတ်ကားတွင် မင်းသား အန်တိုနီရာမို့နှင့် မင်းသမီး ဒေါမနစ်ဖစ်ဘက်တို့က လူသားသရုပ်ဆောင်များအဖြစ် ပါဝင်ထားကြောင်း သိရသည်။

KKO



# သရုပ်ဆောင် မိုးဟေကိုက နေပြည်တော်ရှိ စမတောင်ဥယျာဉ်တော်တွင် နဂါးရုံဘုရား၊ ရုပ်တော်မူဆင်းတုတော်တစ်ဆူနှင့် ကျောင်းဆောင်လှူဒါန်း

**ရန်ကုန် ဇွန် ၂၇**

သရုပ်ဆောင် မိုးဟေကိုက ကွယ်လွန်သူ မိဘနှစ်ပါးအားရည်စူး၍ နေပြည်တော်ရှိ စမတောင်ဥယျာဉ်တော်တွင် နဂါးရုံဘုရား၊ ရုပ်တော်မူဆင်းတုတော်တစ်ဆူနှင့် ကျောင်းဆောင်တစ်ဆောင်ကို ဇွန် ၂၆ ရက်က အဆိုပါ စမတောင်ဥယျာဉ်တော်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

သရုပ်ဆောင် မိုးဟေကိုက နေပြည်တော် စမတောင်ဥယျာဉ်တော်အတွင်း နဂါးရုံဘုရားတစ်ဆူနှင့် မဟာသမယသုတ်ရွတ်ဖတ်ရန် အဆောင်တစ်ဆောင်၊ ရုပ်တော်မူ ဆင်းတုတော်တစ်ဆူ လှူဒါန်းခြင်းနှင့် စမတောင်ဥယျာဉ်သို့ လာရောက်ကြသူများကို စတုဒိသာကျွေးမွေးလှူဒါန်းခြင်းပြုလုပ်ကြောင်း၊ လှူဒါန်းမှုအစုစုအတွက် ငွေကျပ် သိန်း ၃၀၀ ခန့်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ မိုးရဲ့မွေးနေ့



ကုသိုလ်အဖြစ် ကွယ်လွန်သွားတဲ့ ဖေဖေနဲ့မေမေအား ရည်စူးအလှူအနေနဲ့ စမတောင်မှာ လှူဖြစ်ပါတယ်။ မိဘနှစ်ပါးစလုံး မိုးဘဝထဲထွက်ခွာသွားခဲ့တာ အခုဆို မေမေကွယ်လွန်ခဲ့တာ နှစ်နှစ်ပြည့်ပြီး ဖေဖေ ကွယ်လွန်ခဲ့တာကတော့ ခုနစ်လပြည့်သွားခဲ့ပါပြီ။ ဒါကြောင့် အခုလို မိုးမွေးနေ့မှာ မိဘနှစ်ပါးကို အကြောင်းပြုပြီး ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်အစုစုကို ခုနစ်ရက်သားသမီး ပရိသတ်တွေအားလုံးလဲ မိုးနဲ့အတူ သာဓုခေါ်ဆိုနိုင်ကြစေဖို့အတွက် မျှဝေပေးလိုက်ပါတယ်"ဟု သရုပ်ဆောင် မိုးဟေကိုက ပြောပြသည်။

ယခုအခါ သရုပ်ဆောင် မိုးဟေကိုသည် မဟာအပလီကေးရှင်းမှ ဇွန် ၆ ရက်ကစတင်ကာ ထုတ်လွှင့်လျက်ရှိသည့် အမုန်းရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Red Notice-2 ဇာတ်ကား ရိုက်ကူးရန်ပြင်ဆင်မှုများ ပြုလုပ်နေ

**နယူးယောက် ဇွန် ၂၇**

Red Notice-2ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန်အတွက် Netflix ရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

Red Notice-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ပြင်ဆင်နေမှုကို ကမ္ဘာကျော်အက်ရှင်မင်းသမီး ဂဲလ်ဂဒေါ့က အတည်ပြုထားခြင်းဖြစ်သည်။

မိမိအနေဖြင့် Red Notice-2 ဇာတ်ကား၏ ဝတ္ထုဇာတ်ညွှန်းကိုပင် ဖတ်ရှုထားပြီးဖြစ်ကြောင်း ဂဲလ်ဂဒေါ့က ပြောကြားခဲ့သည်။

မင်းသမီး ဂဲလ်ဂဒေါ့သည် Netflix ၏ Red Notice (2021)၌ မင်းသား ဒွေးန်ဂျွန်ဆင်၊ရိုင်ယန်ရေးနိုးတို့နှင့်အတူ သရုပ်ဆောင်ခဲ့သူဖြစ်ပြီး မင်းသမီး ဂဲလ်ဂဒေါ့၏အဆိုအရ Netflix သည် Red Notice-2ကို မကြာမီကာလအတွင်း ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Red Notice-2 ဇာတ်ကားအား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Netflix ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




# ဤမြေကို သက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲကို မန္တလေးမြို့တွင် ရိုက်ကူးနေ

**ရန်ကုန် ဇွန် ၂၇**

Channel K ရုပ်သံလိုင်းတွင် ထုတ်လွှင့်မည့် ဤမြေကို သက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၂၅ ရက်မှစတင်၍ မန္တလေးမြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသည့် သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)က ပြောပြ၍ သိရသည်။

ဤမြေကို သက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းဇာတ်ညွှန်းကို ငြိမ်းမင်းက ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ညီညီငြိမ်းမင်းက ပုံဖော်ရိုက်ကူးလျက်ရှိရာ အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၂၀) ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ ရိုက်ကူးပြီးသွားရင် Channel K ရုပ်သံလိုင်းကနေ ထုတ်လွှင့်မယ်လို့ သိရတယ်။ ဇာတ်လမ်းကတော့ ကျေးလက်က တောင်သူဦးကြီးတွေရဲ့ဘဝကို နောက်ခံထားတဲ့ ဒရာမာဇာတ်လမ်းပါပဲ။ ကျွန်တော်က ကိုယ့်မွေးရပ်မြေမှာ ပြန်လာပြီးတော့ သရုပ်ဆောင်ရတဲ့အတွက် အလွန်အမင်း ဝမ်းသာပါတယ်။ ကန်တော့ပွဲကလဲ မဟာမုနိရုပ်ရှင်တော်(မန္တလေး)မှာပေးတော့ ပိုပြီးပျော်တာပေါ့"ဟု သရုပ်ဆောင် ဇော်ဝင်းနိုင်(မန်း)က ပြောပြသည်။

ဤမြေကို သက်သေတည်၍ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထွန်းထွန်း၊ မေမီကိုကို၊ ကြယ်စင်သွန်းတို့အပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ထူးသာ၊ မျိုးမျိုးခိုင်၊ ဝင်းမင်းသန်း၊ ဇော်ဝင်းနိုင်(မန်း) စသည့်အနုပညာရှင်များကလည်း အားဖြည့်ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Govt. plans to distribute electricity with renewable energy at Thilawa SEZ in 2023-2024 FY



An aerial view of Thilawa Special Economic Zone.

**Yangon June 27**

Implementation will be carried out to provide electricity generated using solar energy at Thilawa Special Economic Zone starting from 2023-2024 FY, according to annual reports from Myanmar Thilawa SEZ Holdings Public Co. Ltd.-MTSH in 2021-2022 FY and 2022-2023 FY.

The MTSH is one of the most traded public companies on the Yangon Stock Exchange (YSX).

Due to the COVID-19 outbreak that has been going on for three years now, there have been no leases or sales of land and factories in the Thilawa SEZ, and only with the businesses which are already operating before the COVID-19 pandemic.

Now that the COVID-19 outbreak has been controlled to a certain extent, domestic and foreign investors who want to invest in the SEZ have inquired about the lease and sale of land and factories in the zone.

In addition, it is reported that the Thilawa Special Economic Zone Management Committee has been carrying out market promotion programs to have more investment in the zone. 336

# Authorities plan to carry out steel box girder installation works in Thanlwin (Takaw) new bridge construction project in 2023-2024 FY

**Kunhing June 27**


Steel box girder installation works will be carried out in Thanlwin (Takaw) new bridge construction project in 2023-2024 FY, according to reports of the Ministry of Construction on June 24.

The new bridge is a reinforced concrete bridge that crosses the Thanlwin River on Meiktila-Taunggyi-Kengtung-Tachilek road.

The estimated cost of the new bridge project is 26,350 million kyats, and since April 1, 2018, the bridge special team (12), the construction team (3) under the Ministry of Construction has been responsible for the construction according to the fiscal year. It is being built 70 feet away from the old Thanlwin (Takaw) bridge.

The upper body of the bridge is made of steel frames, and the length of the bridge is 1,151.631 feet, the width of the roadway is 27 feet and 10 inches, and there are 5 feet and 9 inches wide for a sidewalk on each side. The bearing capacity of the bridge is 75 tons.

336


A new Thanlwin (Takaw) bridge under construction.

# Ten import items comprise oil products, textile, iron and steel construction materials in June

**Nay Pyi Taw June 27**

The Ministry of Commerce stated that a large volume of oil products, textile, iron and steel construction materials among 10 export items were imported in June 2023.

Myanmar imports four groups of goods such as investment goods, industrial goods, personal goods and CMP products.

In April and May 2023, businesspersons imported oil products, textile products, iron and steel construction materials, medicines, plastic raw materials, machines and machinery, palm oil, electronic equipment, fertilizers and chemicals.

Among them, oil products, textile products, iron and steel construction materials were imported as the largest volume.

In this regard, they bought in US$514.915 million worth of oil products, textile products worth US$115.532 million and iron and steel construction materials valued at US$84.903 million.

In April and May this year, they imported US$50.636 million worth of medicines, US$49.748 million worth of plastic raw materials, US$48.135 million worth of machines and machinery, US$42.493 million worth of palm oil, US$34.378 million worth of electronic equipment, US$31.994 million worth of fertilizer, and US$29.11 million worth of chemicals. 336

# West Bank: US 'troubled' by Israeli settlement expansion plans

**Washington June 27**

The Israeli government has advanced plans for some 5,700 new homes in the occupied West Bank.

The announcement comes despite US pressure to stop settlement expansion, which it sees as an obstacle to peace with the Palestinians.

A US spokesperson said Washington was "deeply troubled" by the development.

Four Israeli settlers were shot dead by Palestinians last week, prompting days of settler violence.

Violence between Palestinians and Israelis has flared since Israel's Prime Minister Benjamin Netanyahu was re-elected last year.

His nationalist-religious coalition has vowed to extend its presence in the West Bank.

According to the Israeli anti-settlement group Peace Now, the last six months have seen more than 13,000 settlement homes advanced in the territory - about three times as many as in the whole of last year.

"The Israeli government is pushing us at an unprecedented pace towards the full annexation of the West Bank," the organisation said in a statement. BBC

# Climate change: Deforestation surges despite pledges

**Zürich June 27**

An area of tropical forest the size of Switzerland was lost last year as tree losses surged, according to new research.

It means that a political pledge to end deforestation made at COP26 by world leaders is well off track.

Some 11 football pitches of forest were lost every minute in 2022, with Brazil dominating the destruction.

But a sharp reduction in forest loss in Indonesia shows that reversing this trend is achievable.

One of the key moments at the COP26 climate meeting in 2021 saw over 100 world leaders sign the Glasgow Declaration on forests, where they committed to work collectively to "halt and reverse forest loss and land degradation by 2030".

In total, leaders from countries covering around 85% of global forests signed up. This included former Brazilian president Jair Bolsonaro, who had relaxed the enforcement of environmental laws to allow development in the Amazon rainforest.

The Glasgow pact was agreed after a previous agreement signed in 2014 failed to stem the relentless loss of trees.

Now a new analysis carried out by Global Forest Watch shows that the new promise made in Glasgow is not being kept.

Losses of tropical primary (old-growth) forest are seen as particularly critical for global warming and biodiversity. BBC



# Myanmar's gas, garment and corn go abroad in largest amounts in export sector in May this fiscal year



Passenger buses waiting to be filled at a gas station.

**Nay Pyi Taw June 27**

Myanmar exported gas, garment and corn most in its export sector in May of the current 2023-2024 financial year, according to Myanmar Trade Promotion Organization.

In May, goods were exported in seven major export categories—agriculture produce, animal products, marine products, mineral products, forest products, finished industrial goods and other products.

In that month, 10 kinds of products in those categories were most exported. They were gas worth US$272.440 million, garment worth US$269.839 million, corn worth US$69.393 million, pigeon pea worth US$45.281 million, mung bean worth US$36.399 million, broken rice worth US$20.589 million, raw rubber worth US$20.41 million and rice respectively. 336

# Rakhine State to get new social security offices, clinics this fiscal year

**Sittway June 27**

A state and township level social security offices and clinics will be built in Sittway of Rakhine State in the current 2023-2024 financial year, according to sources released by the Ministry of Labour on 24 June.

Those social security offices and clinics will be built of reinforced concrete measuring 60 feet by 54 feet by 26 feet. They will be two-storey buildings. The project will include water and electricity supply facilities, sanitation pipes, septic tanks and apron 7 drain work, tube wells, and concrete roads.

For project implementation, tenders will be invited to private businesspeople. Open tender forms and documents are available at the Rakhine State Social Security Board Office as of 19 June. Tender proposals are to be submitted by 18 July. For further information, dial 043-2022975 or 09-259193204.



A social security board office in Myeik Township.

The Social Security Board under the Ministry of Labour is opening hospitals and clinics for the workers across Myanmar who belong to social security services to provide them with healthcare. There are now three workers' hospitals, 96 township clinics, 58 clinics in partnership with other companies, one traditional medical clinic and three mobile clinics in 116 townships. 336

# Govt to provide social pension to more than 200,000 older persons twice a year

**Nay Pyi Taw June 27**

The Department of Social Welfare stated that the government will provide social pension to more than 200,000 older persons across the nation twice a year.

The department issues social pension to the older persons of more than 90 years of age as from 2017-18 financial year. But the agewise term for social pension was changed to 85 years and above of older persons as from 2018-19 financial year, and K10,000 per month for them was issued once every three months.

In 2023-24 financial year, the department will present K30,000 for three months and issuance of the social penson will be undertaken twice a year, said assistant director U Aye Min of Yangon Region Social Welfare Department.

"Previously, we provided K10,000 per month for them, and it was issued once every three months. Now, we will deliver it twice a year. We have received the budget for social pension," he explained.

The department spends some K6 billion on issuance of social pensions for more than 200,000 older persons across the nation.

Hence, the older persons wishing to apply for the social pensions have to send their application attached to citizenship scrutiny card of households registration Form 66-D at the region/state/district and township Social Welfare Department. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar trades with 104 trade partner countries till end of May 2023

**Nay Pyi Taw June 27**

Myanmar initiates trading with 104 trade partner countries in April and May 2023, especially with China, Tajikistan, Singapore, Malaysia and Indonesia, according to the Ministry of Commerce.

Myanmar has been connecting with 238 trade partner countries in international trade measures.

In this regard, Myanmar exported US$2,079.80 million worth of goods and US$3,243.127 million worth of products, totalling US$5m322.929 million of total trade volume. Within two months, Myanmar mostly promoted trade with China, Tajikistan, Singapore, Malaysia and Indonesia.

By so doing, Myanmar traded with China for US$509.989 million worth of export goods and US$1,040.496 million worth of import goods, totalling US$1,550.458 million, followed by US$944.563 million with Tajikistan, US$794.265 million with Singapore, US$257.726 million with Malaysia, and US$246.97 million with Indonesia.

In 2022-23 financial year, Myanmar connects with 167 trade partner countries, especially with China, Thailand, Singapore, Malaysia, India and Indonesia. 336


Photo shows the imported iron beams.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တူရကီထုတ် ANKA-3 MALE ဒရုန်းအသစ် ပထမဆုံးစမ်းသပ်ပျံသန်းရန်ပြင်ဆင်




တူရကီနိုင်ငံသည် ပြည်တွင်းထုတ် ANKA-3 MALE အလယ်အလတ် အမြင့်ပျံလေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်သောဒရုန်းအသစ်ကို နှစ်ပတ်အတွင်း ပထမဆုံးစမ်းသပ်ပျံသန်းရန် ပြင်ဆင်နေကြောင်း တူရကီနိုင်ငံ လေကြောင်း အာကာသစက်မှုလုပ်ငန်း (TAI) မှ ကိုယ်စားလှယ်တစ်ဦးက ဇွန် ၂၃ ရက်က Army Recognition သတင်းဌာနတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ANKA-3 MALE ဒရုန်းသည် တူရကီနိုင်ငံ၏ ဒရုန်းနည်းပညာတွင် နောက်ဆုံးပေါ် တိုးတက်မှုကိုကိုယ်စားပြုလျက်ရှိပြီး အမျိုးမျိုးသောစစ်ဘက်ဆိုင်ရာ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

TAI က တီထွင်ထုတ်လုပ်ထားသည့် ဒရုန်းသည် Delta-Wing တောင်ပံဒီဇိုင်းဖြင့် ထူးခြားသောလေခွင်းစွမ်းအားနှင့်တည်ငြိမ်စွာ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။

လာမည့် ပျံသန်းစမ်းသပ်မှုသည် ANKA-3 MALE ၏ စွမ်းဆောင်ရည်များကို အကဲဖြတ်ရာတွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ပြီး လက်တွေ့အခြေအနေများတွင် တိုက်ပွဲဝင်အသင့် ဖြန့်ကြက်အသုံးပြုလာနိုင်ရေး အဆင်သင့်ဖြစ်မှုကို သေချာစေမည်ဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုတွင် စနစ်ပိုင်းဆိုင်ရာ အင်ဂျင်နီယာများနှင့် နည်းပညာရှင်များသည် ဒရုန်းပျံသန်းမှုဆိုင်ရာ ဝိသေသလက္ခဏာများ၊ တွန်းကန်အားစနစ်များ၊ အာရုံခံစွမ်းရည်များနှင့် လက်တွေ့အခြေအနေများအောက်တွင် အလုံးစုံစွမ်းဆောင်ရည်ကို အကဲဖြတ်ဆန်းစစ်နိုင်စေမည်ဖြစ်သည်။ ANKA-3 MALE သည် ကင်းထောက်မစ်ရှင်များ၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးများအပါအဝင် စစ်ဆင်ရေးလိုအပ်ချက်များစွာကို ဖြည့်ဆည်းပေးနိုင်ရန် အသုံးပြုနိုင်ဖွယ်ရှိသည်။

အဆင့်မြင့်နည်းပညာများနှင့် ထိရောက်သော ဂျက်အင်ဂျင်များ တပ်ဆင်အသုံးပြုထားသောကြောင့် အဆိုပါဒရုန်းသည် ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် တူရကီနိုင်ငံ၏ ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေမှုကို ပေါ်လွင်စေသည်။

စမ်းသပ်ရက် နီးလာသည်နှင့်အမျှ စစ်ဘက်ဝါသနာရှင်များ၊ စစ်ရေးလေ့လာအကဲခတ် ကျွမ်းကျင်သူများနှင့် စက်မှုလုပ်ငန်းရှင်များကြားတွင် ANKA-3 MALE ဒရုန်း၏ လုပ်ဆောင်ချက်ကို ကြည့်ရှုလေ့လာလိုစိတ် ပြင်းပြလျက်ရှိနေကြသည်။ ပျံသန်းစမ်းသပ်မှု၏ ရလဒ်သည် ဒရုန်း၏ အလားအလာအတွက် အဖိုးတန်သော သတင်းအချက်အလက်များရရှိလာမည်ဖြစ်ပြီး အနာဂတ်စစ်နည်းဗျူဟာများနှင့် စစ်ဘက်-စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှုအတွက် ဆုံးဖြတ်ချက်များအပေါ် လွှမ်းမိုးလာနိုင်မည်ဖြစ်သည်။

ANKA-3 MALE ဒရုန်းသည် ၎င်းတို့၏ အဆင့်မြင့်နည်းပညာဆိုင်ရာ အရေးပါသော မှတ်တိုင်တစ်ခုကိုကိုယ်စားပြုပြီး ကမ္ဘာလုံးဆိုင်ရာ လေကြောင်းနှင့် အာကာသလုပ်ငန်းတွင် တူရကီနိုင်ငံ၏ ရပ်တည်ချက်ကို ပိုမိုခိုင်မာစေသည်။

ပထမဆုံးသော ပျံသန်းစမ်းသပ်မှုကို အောင်မြင်စွာလုပ်ဆောင်ခြင်းသည် TAI အတွက် ထူးထူးခြားခြားအောင်မြင်မှုတစ်ခုဖြစ်ပြီး ဒရုန်းများကို ဦးဆောင်ထုတ်လုပ်သူအဖြစ် ဂုဏ်သတင်းကိုမြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

နိုင်ငံတကာလေကြောင်း အသိုက်အဝန်းသည် လာမည့် ANKA-3 MALE ဒရုန်း ပျံသန်းစမ်းသပ်မှုကို စိတ်အားထက်သန်စွာ စောင့်မျှော်နေကြပြီဖြစ်သည်။

ANKA-3 MALE သည် Turkish Aerospace Industries (TAI) က တီထွင်ထုတ်လုပ်ထားသော နောက်ဆုံးပေါ် ဒရုန်းအမျိုးအစားဖြစ်သည်။ ANKA နှင့် ANKA II ဒရုန်းဟာရင်းများဟူ၍ ကနဦးထွက်ပေါ်ခဲ့ပြီးဖြစ်သည်။ ANKA-3 MALE ၏ ထင်ရှားသောအင်္ဂါရပ်များထဲမှတစ်ခုမှာ ရေဒါမှမြင်နိုင်စွမ်းနည်းပါးခြင်းဖြစ်ပြီး ကိုယ်ပျောက်ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ၎င်းတွင် မြန်နှုန်းမြင့်စွမ်းရည်လည်းပါရှိပြီး ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် လျင်မြန်စွာ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။

ANKA-3 MALE ဒရုန်းသည်မြင့်မားသောဝန်တင်နိုင်စွမ်းကို ပိုင်ဆိုင်ထားပြီး ပစ္စည်းကိရိယာများ၊ လက်နက်များ သို့မဟုတ် ထောက်လှမ်းရေးစနစ်များ အစရှိသည့် Payload အမျိုးမျိုးကို အလေးချိန် ကီလိုဂရမ် ၁၂၀၀ ထိ တင်ဆောင်နိုင်စွမ်းရှိကြောင်း၊ ၎င်းတွင် ဂြိုဟ်တုထိန်းချုပ်မှုမှတစ်ဆင့် ထောက်လှမ်းမြင်နိုင်စွမ်းရှိသော LOS/BLOS ဆက်သွယ်ရေးစွမ်းရည်များ အသုံးပြုထားသည်။

ဒရုန်းသည် အမြင့်ပေ ၃၀၀၀၀ (၉၁၄၄ မီတာ)၊ အလျင်နှုန်း 30 knots တစ်နာရီလျှင် ၃၄ ဒသမ ၅ မိုင်တို့ဖြင့် လေထဲတွင် ၁၀ နာရီကြာ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်စွမ်းရှိသည်။

**First flight test of new Turkish ANKA-3 MALE UAV drone Imminent! ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံက တင့်ကားဖျက် Kamikaze ဒရုန်းတီထွင်ရန် Nexter ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

ပြင်သစ်နိုင်ငံ ကာကွယ်ရေးတီထွင်ထုတ်လုပ်မှုအေဂျင်စီ (AID) သည် Loitering Munition အမျိုးအစား တင့်ကားဖျက် Kamikaze ဒရုန်းတီထွင်ထုတ်လုပ်နိုင်ရန်အတွက် Nexter ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ဇွန် ၂၃ ရက်က The Defense Post တွင် ဖော်ပြထားသည်။

Larinae (Seagull) ဟု အမည်ပေးထားသည့် အဆိုပါတင့်ဖျက် တိုက်ခိုက်ရေး Loitering Munition ပရောဂျက်အောက်တွင် အကွာအဝေးအားဖြင့် အလယ်အလတ် ပျံသန်းစစ်ဆင်နိုင်သော တိုက်ခိုက်ရေးဒရုန်း၏ ကနဦးသရုပ်ပြသမှုကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြုလုပ်နိုင်ရန် မျှော်မှန်းထားသည်။

EOS Technologies System လုပ်ငန်းစုနှင့် Nexter ထုတ် Core-generating Charge နည်းပညာနှင့် TRAAK လုပ်ငန်းစုမှ ထုတ်လုပ်ထားသည့် GPS စနစ် မပါဝင်သည့်လမ်းကြောင်းပြစနစ်တို့ အသုံးပြုထားသည့်အတွက် ရန်သူလေပိုင်နက်အတွင်း ယုံကြည်စိတ်ချမှုမြင့်မားစွာ စစ်ဆင်နိုင်စေမည်ဖြစ်သည်။

Loitering Munition အမျိုးအစား Kamikaze တင့်ကားဖျက်ဒရုန်းများသည် အနည်းဆုံးအကွာအဝေး ကီလိုမီတာ ၈၀ (မိုင် ၅၀)ထိ အလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်ကာ လေထဲတွင်တစ်ဆက်တစ်စပ်တည်း ၃ နာရီကြာ ပျံသန်းနေနိုင်မည်ဖြစ်သည်။

၎င်း၏ပစ်မခဲယမ်းတွင် အသုံးပြုထားသည့် Core-Generating Charge Technology နည်းပညာသည် တင့်ကား၏ Active Defense ကာကွယ်ရေးစနစ်များကို တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ပြီး သံချပ်ကာအတွင်းပိုင်းထိ ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။

စနစ်တွင် တပ်ဆင်အသုံးပြုထားသော Optronic အာရုံခံကိရိယာသည် နေ့အချိန်တွင် အကွာအဝေး ၁၅ ကီလိုမီတာ (၉ ဒသမ ၃ မိုင်)နှင့် ညအချိန်တွင် အကွာအဝေး ၃ ကီလိုမီတာ (၁ ဒသမ ၉ မိုင်)ထိ ပစ်မှတ်များကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိမည်ဖြစ်သည်။

အဆင့်မြင့် Telemetry စနစ်သည် အော်ပရေတာနှင့် ကောင်းစွာချိတ်ဆက်လုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး Optronic Ball အာရုံခံကိရိယာသည် မြေပြင်အနေအထားကို အဆက်မပြတ်စောင့်ကြည့်ထောက်လှမ်းနိုင်မည်ဖြစ်သည်။

ဒေါင်လိုက်အတက်အဆင်းပြုလုပ်နိုင်သည့် စနစ်တစ်ရပ်ဖြစ်ပြီး ဘေးကင်းလုံခြုံစွာ



လက်နက်ခဲယမ်းများ တပ်ဆင်ခြင်း၊ ဖြုတ်သိမ်းခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကာ ပစ်မှတ်ပျောက်ဆုံးသွား၍ဖြစ်စေ၊ ရည်မှန်းချက် ပယ်ဖျက်မိန့်ရ၍ဖြစ်စေ မိမိတပ်ဖွဲ့များထံ ပြန်လည်ပျံသန်းဆင်းသက်လာပါက Kamikaze ဒရုန်းကို ပြန်လည်အသုံးပြုနိုင်မည်ဖြစ်သည်။

"ပြင်သစ်သမ္မတရဲ့မိန့်ခွန်း၊ ကာကွယ်ရေးဝန်ကြီးနဲ့ စစ်ဦးစီးချုပ်တို့ရဲ့ မိန့်ခွန်းတွေကို ကြည့်မယ်ဆိုရင် ပြင်သစ်နိုင်ငံဟာ အဝေးထိန်း ပစ်လွှတ်တိုက်ခိုက်နိုင်တဲ့ လက်နက်ခဲယမ်းတွေကို အမီလိုက်ထုတ်နိုင်ရုံမကဘဲ စစ်ဆင်ရေးအတွက်ပါကြိုတင်တစ်ပြေး ထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီအတွက် EOS – Nexter – TRAAK လုပ်ငန်းစုတွေဟာ ပြင်သစ်နိုင်ငံထုတ် စစ်ရေးစွမ်းအားသစ်ကို စမ်းသပ်ဖို့အတွက် ၁၈ လတာ ကာလအတွင်း ကနဦးရှေ့ပြေးပုံစံထုတ်လုပ်သွားနိုင်ဖို့ မျှော်မှန်းလုပ်ဆောင်နေပါတယ်"ဟု Nexter ကုမ္ပဏီကထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

**France Taps Nexter to Develop Anti-Tank Kamikaze Drone ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးဧက ၂၅၀၀၀ စိုက်ပျိုးသွားမည်


မိုးစပါးစိုက်ရန် လယ်ယာမြေထွန်ယက်နေမှုကို တွေ့ရစဉ်။

**ကျုံပျော် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးဧက ၂၅၀၀၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးလျာထားဧက ၂၅၀၀၀ ကို ဇူလိုင်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုးစပါးများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက လယ်ယာမြေများထိ ကွင်းဆင်းကာ တောင်သူအသိပညာပေးလုပ်ငန်းများကို စပါးများမစိုက်မီကြိုတင် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"အခုနှစ် ကျုံပျော်မြို့နယ်မှာ ကန်ထရိုက်လယ်ယာစနစ်နဲ့ မိုးစပါးလျာထားဧက ၂၅၀၀၀ စိုက်ပျိုးမှာဖြစ်ပါတယ်။ ကန်ထရိုက်လယ်ယာစနစ်နဲ့ မိုးစပါးတွေစိုက်ပျိုးတဲ့အခါ ဆောလျင်စွာပြီးစီးရေး၊ လျာထားချက်ပြည့်မီစေရေး၊ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေး စပါးစိုက်ပျိုးရာမှာ လိုအပ်တာတွေကိုကြိုတင်ဆောင်ရွက်ပေးထားပါတယ်။ ကန်ထရိုက် လယ်ယာစနစ်ဆိုတာက ကုမ္ပဏီတစ်ခုနဲ့ ကျွန်တော်တို့တောင်သူတွေနဲ့ ပူးပေါင်းလုပ်ဆောင်တာပါ"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးဧက၂၅၀၀၀ တွင် ပခမ်းရွှေဝါ၊ GW-11၊ မော်ဘီ -၂၊ ဆင်းသုခ၊ မော်ဘီ-၃ စသည့်စပါးအမျိုးအစားများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများစနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပေါင်းစပ် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ကွမ်းလုံမြို့နယ် တုံကျက်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စစ်ဆေး

**ကွမ်းလုံ ဇွန် ၂၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တုံကျက်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဇော်နှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ စာရင်းဇယားများ စနစ်တကျ ရေးဆွဲထားခြင်းရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များနှင့် သက်ဆိုင်ရာ အသင်းသား၊ အသင်းသူများက



လုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ကွမ်းလုံမြို့နယ် ဖြိန်းရဲကျေးရွာအုပ်စု တုံကျက်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို ငွေကျပ် သိန်း ၂၁၀ ထုတ်ချေးပေးထားကြောင်း ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# ပေါင်မြို့နယ် တောင်ပိုင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပေါင် ဇွန် ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်ပိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖူးပွင့်ခိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် ပါရှိသော ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်များနှင့် ရပိုင်ခွင့်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို တောင်ပိုင်း၊ သာယာကုန်း၊ ရင်းငြိမ်(တောင်)၊ ညောင်ကုန်းစု၊ သဲကုန်းနှင့် မြလေးချောင်ကျေးရွာတို့၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။ **သုတ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ရွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၀၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၉၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း လေဘေးသင့်ပြည်သူများကို ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။



ဗိုလ်မှူးချုပ်ခင်ဇော် မင်းပြားမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက လှူဒါန်းသည့် ဆွမ်းဆန်တော်များနှင့် စားသောက်ဖွယ်ရာများကို သာသနာ့နွယ်ဝင် သီလရှင်များအား ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများ အဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှူဒေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆေးကုသမှုခံယူရာမှ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သည့် နဂါးကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေး အခြေအနေများ မေးမြန်းလျှောက်ထားကာ နဝကမ္မလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် စေတီတောင်ရပ်ကွက်ရှိ စွန့်ပစ်အမှိုက်ပုံကြီးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများက ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ငလပွေ့ရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သော နေလှန်းဆားကြမ်းမှအိမ်သုံးအိုင်အိုဒင်းဆားထုတ်လုပ်သည့် ကြံတိုင်းအောင်ဆားကြိတ်စက်လုပ်ငန်းသို့သွားရောက်၍ ဆားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လေ့လာကြည့်ရှုအားပေးသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်သို့ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဂန္ဓမာကျေးရွာ၌ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူများကို နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ကျေးရွာရှစ်ရွာမှ လေဘေးသင့်ပြည်သူများကို ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် အမှတ်(၃)ရပ်ကွက်ရှိ မြို့လယ်ရေမြောင်းကို မြို့သန့်ရှင်းသာယာလှပစေရေး၊ မိုးရာသီကာလ ရေမြောင်းများရေပြည့်ရေလျှံမှုများ မဖြစ်စေရန်နှင့်ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့်ရေမြောင်းများတူးဖော်ဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ရခိုင်ပြည်နယ် သံတွဲမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်စိုးနိုင်ဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည့် မိုးစပါးစိုက်ကေပြည့်မီရေးနှင့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရခိုင်ပြည်နယ် ရသေ့တောင်မြို့သို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်ရင်တန်းရပ်ကွက်ရှိ အလိုတော်ပြည့်ကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ခင်ဇော်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မင်းပြားမြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီကလှူဒါန်းသည့် ဆွမ်းဆန်တော်များနှင့် စားသောက်ဖွယ်ရာများကို သီလရှင်ကျောင်းတိုက် အသီးသီးတွင် သီတင်းသုံး ဆောက်တည်နေကြသည့် သာသနာ့နွယ်ဝင် သီလရှင် ၃၃ ပါးအား အလယ်ပိုင်းရပ်ကွက်ရှိ ဓမ္မိကာရုံပရိယတ္တိစာသင်ကျောင်းတိုက်၌ သွားရောက်ဆက်ကပ်လှူဒါန်းသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့သို့ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင် သစ်တောဦးစီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို စိုက်ပျိုးပင်များဖြန့်ဝေပေးသည်။ ယင်းနောက်သစ်ပင်များစုပေါင်းစိုက်ပျိုးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။ ၎င်းနောက် မြို့မတောင်ရပ်ကွက်၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကိုသွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်




**နေပြည်တော် ဇွန် ၂၇**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊စေတနာရှင်အလှူရှင်များက လှူဒါန်းသည့်စားသောက်ဖွယ်ရာများ၊ကူညီထောက်ပံ့ရေးပစ္စည်းများ၊

**သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ဆန်၊ ကြက်သွန်နီ၊ ငါးခြောက်ကြော်၊ ငါးသေတ္တာစသည့် စားသောက်ဖွယ်ရာပစ္စည်းများစုစုပေါင်းတန်ချိန် ၃ ဒသမ ၃၈၂ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၃၉ ဒသမ ၆တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်း ၃၄၂၂ ဦးတို့ကိုပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့်လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်၊ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၇**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ မြို့သူကြီးကျေးရွာ၌ မောင်တောခရိုင်သစ်တောဦးစီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ မြို့ယုကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ စံပြရပ်ကွက်ရှိ ဒေသခံပြည်သူများကို စံပြစာတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။



မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ သက်မာရ်အောင်စေတီတော်အတွင်း၌ လဲကျနေသာ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် မြို့ယုကျေးရွာရှိ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမဘေးဝဲယာရှိ သစ်ပင်သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ပေးပြီး နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ လက်ဝဲဒက်ပြင်ရှည်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကူညီဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သက်မာရ်အောင် စေတီတော်အတွင်း၌ အမှိုက်များရှင်းလင်းခြင်းနှင့် လဲကျနေသာ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်ထည့်သွင်းခြင်းပြုလုပ်

**နေပြည်တော် ဇွန် ၂၇**

ကမ်းခြေစောင့် တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိတ်ထည့်သွင်းခြင်းကို သန်လျင်တပ်နယ်အတွင်းရှိ ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၌ ဇွန် ၂၄ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် အုန်းပင်၊ အုန်းမွှေးပင်၊ နှစ်ရှည်ပင်များနှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၅၀၅ ပင်တို့ကို စိုက်ပျိုးခဲ့ကြပြီး ငါးမျိုးစိတ်ထည့်သွင်းခြင်းအနေဖြင့် တီလားပီးယားငါးသားပေါက်အကောင်ရေ ၁၁၀၀၀ နှင့် ငါးပြေမငါးသားပေါက်အကောင်ရေ ၁၅၀၀၀၀ တို့ကို အသီးသီးထည့်သွင်းခဲ့ကြကြောင်း သတင်းရရှိသည်။



ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကိုဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၂၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့်ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့်တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊မှျစ်စားတော်ပဲဘူး၊ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊မြန်မာစီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထို့သို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



# ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက ဆက်လက်ကပြသီဆိုဖျော်ဖြေ



ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊ စစ်သမီးများက ကပြသီဆိုဖျော်ဖြေစဉ်။

**နေပြည်တော် ဇွန် ၂၇**

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ပလက်ဝမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ကီမိုခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်၊စစ်သမီးများက အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်၊စစ်သမီးများက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းအဆို၊အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာသီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။ ထိုသို့သီဆိုကပြဖျော်ဖြေသော စစ်သည်၊ စစ်သမီးများကို နယ်မြေခံတပ်မှ တာဝန်ရှိသူတို့က ဆုငွေများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အမ်းခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်



အမ်းခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်စဉ်။

**နေပြည်တော် ဇွန် ၂၇**

အမ်းခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် အမ်းမြို့ ကံကော်တစ်ထောင် ဘုရားဝင်းအတွင်း၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများကတက်ရောက်လာကြသူများကို ပျိုးပင်များပေးအပ်သည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ပျဉ်းကတိုးပင် ၁၂၀၊ ပိတောက်ပင် ၅၀၊ မဟော်ဂနီပင် ၇၀၊ ရေတမာပင် ၅၀၊ မန်ကျည်းရှားပင် ၁၇၀၊ ကုက္ကိုပင် ၅၀၊ ကံ့ကော်ပင် ၂၀ နှင့် သက်န်းပင် ၇၀ စုစုပေါင်း အပင် ၆၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

၎င်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# သီပေါမြို့နယ်ရှိ ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို စစ်ဆေး

**သီပေါ ဇွန် ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တုံဆင့်ကျေးရွာအုပ်စု ကျောင်းပြိန်းကျေးရွာနှင့် နောင်အန်ကျေးရွာအုပ်စု နောင်အန်ကျေးရွာတို့တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျဆောင်ရွက်ရန် ကျေးရွာများမှ တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သီပေါမြို့နယ် တုံဆင့်ကျေးရွာအုပ်စု ကျောင်းပြိန်းကျေးရွာနှင့် နောင်အန်ကျေးရွာအုပ်စု နောင်အန်ကျေးရွာတို့တွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းသည် အရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ ဒု ခြောက်လက်မတို့စီဖြစ်ပြီး တစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ သန်းစီဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများကို ဇွန် ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိ ၅၀ ရာခိုင်နှုန်းစီ ပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက ကျေးရွာများတွင် လမ်းပန်း ဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် ရာသီမရွေး သွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

**❖ မြန်မာနေရှင်နယ်လိဂ်မှ**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲစကတည်းက ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၂၇ မိနစ်တွင် ဆိုင်လာနှင့် ပွဲချိန် ၉၃ မိနစ်တွင် ရန်ကျော်ထွေးတို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကစားခဲ့သည့် ရှေ့ဝတီယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ပွဲစတည်းက ရှေ့ဝတီယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၁ မိနစ်၊ ၄၄ မိနစ်နှင့် ၅၇ မိနစ်တို့တွင် ညီညီအောင်ကလည်းကောင်း၊ ပွဲချိန် ၂၄ မိနစ်တွင် ရွှေကိုကလည်းကောင်း၊ပွဲချိန် ၈၇ မိနစ်တွင် အောင်သီဟကလည်းကောင်း ရှေ့ဝတီယူနိုက်တက်အသင်းအတွက် ဂိုးများသွင်းယူနိုင်ခဲ့ပြီး ကချင်ယူနိုက်တက်အသင်း၏ သွင်းဂိုးများကို ပွဲချိန် လေးမိနစ်တွင် ထူးမြတ်ခန့်ကလည်းကောင်း၊ ပွဲချိန် ၃၆ မိနစ်တွင် ကျော်ဝင်းသိန်းကလည်းကောင်း၊ ပွဲချိန် ၆၈ မိနစ်တွင် ဇော်မွန်းအောင်ကလည်းကောင်း ကချင်ယူနိုက်တက်အသင်းအတွက် ဂိုးများသွင်းယူနိုင်ခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ရှေ့ဝတီယူနိုက်တက်အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၅၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ကော့ကရိတ်မြို့၊သိမ်ဖြူစရပ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူတစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိခဲ့သည်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ၂၈-၆-၂၀၂၃ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ခေါ်ပြတိုက်လုယက်မှုများကျူးလွန်ခဲ့သည့် တွံတေးမြို့ပြဖြောက်ကျားအမည်ခံ PDF အကြမ်းဖက်အဖွဲ့ ဒုတိယခေါင်းဆောင်နှင့် အဖွဲ့ဝင်များကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့ကို ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**နေပြည်တော် ဇွန် ၂၇**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြစ်ကြီးနားတပ်နယ်ရှိ တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ နယ်မြေခံ တပ်မတော်ဆေးရုံမှ ပါရဂူများ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် သူနာပြုများက တပ်ရင်း၊ တပ်ဖွဲ့များရှိ ကလေးငယ် ၇၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် တစ်ဦးတို့ကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ပိုလီယိုကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးနှင့် ဂျပန်ဦးနှောက် အမြေးရောင်ငါးမျိုးစပ် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် တပ်မတော်သားမိသားစုဝင် အသက် နှစ်လမှ နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့အား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ကြည့်ရှုအားပေးစဉ်။

တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်တို့အတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၇**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး မိုးပျံပူဖောင်းကို သေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ရှစ်သင်းနှင့် အမျိုးသမီးအသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၄ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်စဉ်။

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး ဒိုင်းဆုရရှိသော ပြင်ဦးလွင်တပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၇**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက်ဆုရရှိကြသူများနှင့် တစ်ဦးချင်းဆုရရှိသူများကို တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ဒိုင်းဆုရရှိသော ပြင်ဦးလွင်တပ်နယ်အသင်းနှင့် ဒိုင်အဖွဲ့ဝင်များကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများကို အသီးသီးချီးမြှင့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၂၇**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ကလောတပ်နယ်ရှိ နယ်မြေခံတပ်မဌာနချုပ်အသင်းနှင့် ဟိုပုံးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ကလောတပ်နယ်ရှိ နယ်မြေခံ တပ်မဌာနချုပ်အသင်းတို့ကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသည့် ကလောတပ်နယ်ရှိ နယ်မြေခံတပ်မဌာနချုပ်အသင်းကို တာဝန်ရှိသူတစ်ဦးက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# ဇွန် ၂၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိ

**နေပြည်တော် ဇွန် ၂၇**

ဇွန် ၂၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၆၄၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၂၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၃၄၆ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၂၇၂ ဦး |

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အမေရိကန်နိုင်ငံ အင်ဒီးယားနားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီး



**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်နိုင်ငံ အင်ဒီးယားနားပြည်နယ် ဂျွန်ဆင်ကောင်တီရှိ အင်ဒီယာနာပိုလစ်မြို့တောင်ဘက်ဒေသများတွင် ဇွန် ၂၅ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံများပျက်စီးခဲ့ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ Accu Weather သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

အင်ဒီယာနာပိုလစ်မြို့တောင်ဘက် ၁၅ မိုင်အကွာရှိ အင်တာစတိတ် ၆၉ အဝေးပြေးလမ်းမကြီးနှင့် အမှတ်(၁၄၄)အဝေးပြေးလမ်းမကြီးတို့ ဆုံရာအနီးတွင် ဇွန် ၂၅ ရက် ညနေပိုင်းက လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ အဆောက်အအုံများပျက်စီးခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း ဂျွန်ဆင်ကောင်တီရှိ အရေးပေါ်စီမံခန့်ခွဲရေးဌာနက သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုအရှိန်ကြောင့် ဂရင်းဝုဒ်မြို့တွင် အဆောက်အအုံနံရံများပြိုကျခြင်း၊ သစ်ပင်များပြိုလဲခြင်းကြောင့် အိမ်ခေါင်မိုးပျက်စီးခြင်းများ ဖြစ်ပွားခဲ့ပြီး လူနေအိမ် ၇၅ လုံး အလယ်အလတ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး ပထမပိုင်းလုပ်ငန်းများပြီးဆုံးချိန်ထိ လူထိခိုက်ဒဏ်ရာရရှိမှု မရှိသေးကြောင်း သိရသည်။

ပြည်နယ်အတွင်း စပင်ဆာမြို့၊ ရှယ်ရီဒန်မြို့နှင့် အချို့ဒေသများတွင်လည်း အဆိုပါနေ့တွင် တင်းနစ်ဘောလုံးအရွယ်အစားခန့်ရှိသော မိုးသီးများရွာသွန်းခဲ့ပြီး နေအိမ်တချို့ပျက်စီးခဲ့ကြောင်း သိရသည်။

ဇွန် ၂၆ ရက်တွင် ပြင်းထန်သော ရာသီဥတုအခြေအနေများသည် ပြည်နယ်အရှေ့တောင်ဘက်ရှိ ကန်တပ်ကီပြည်နယ်နှင့် အီလီနွိုက်ပြည်နယ်တို့သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး အဆိုပါလမ်းကြောင်းတစ်လျှောက်တွင် မိုးသီးကြွေကျခြင်းများဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ AZH

# အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စုတွင် တောမီးထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိ

**ကဘူးလ် ဇွန် ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ ကူနာစီရင်စု ဒါရာအီးပိချ်ခရိုင်တွင် ဇွန် ၂၆ ရက်အစောပိုင်းမှစ၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ကူနာစီရင်စု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ANI သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဇွန် ၂၄ ရက်က ဆန်ဒါရီခရိုင်နှင့် ကရန်ဂူလ်ခရိုင်တို့တွင် တောမီးစတင်လောင်ကျွမ်းခဲ့ပြီး ဇွန် ၂၆ ရက်တွင် ဒါရာအီးပိချ်ခရိုင်သို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ ဒါရာအီးပိချ်ခရိုင်တွင် လောင်ကျွမ်းနေသည့်တောမီးမှာ တောင်တန်းတွင်လောင်ကျွမ်းနေခြင်း ဖြစ်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မြေပြင်မှ မီးသတ်ကားများဖြင့် တောမီးကို သွားရောက်ငြိမ်းရန် ခက်ခဲသည့်အခြေအနေဖြင့်ရင်ဆိုင်နေရပြီး လေကြောင်းအကူအညီကို ရယူသွားရဖွယ်ရှိနေကြောင်း သိရသည်။

"ဒါရာအီးပိချ်ခရိုင်မှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒီတောမီးလောင်ကျွမ်းမှုဟာ ပြီးခဲ့တဲ့ ဇွန် ၂၄ ရက်က ဆန်ဒါရီခရိုင်နဲ့ ကရန်ဂူလ်ခရိုင်မှာ လောင်ကျွမ်းခဲ့တဲ့ တောမီးကနေ ကူးစက်လောင်ကျွမ်းခဲ့တာ ဖြစ်ပါတယ်။ ဒါရာအီးပိချ်ခရိုင်မှာ လောင်ကျွမ်းနေတဲ့ တောမီးကိုထိန်းချုပ်နိုင်ဖို့က ခက်ခဲနေပါတယ်။ တောင်တန်းမှာ လောင်ကျွမ်းနေတာဖြစ်တဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေအနေနဲ့ မီးသတ်ကားတွေအသုံးပြုပြီး မြေပြင်ကနေငြိမ်းသတ်ဖို့က မဖြစ်နိုင်တဲ့အခြေအနေပါ။ လေကြောင်းအကူအညီရယူဖို့ စီစဉ်နေတယ်ဆိုပေမဲ့လဲ ရဟတ်ယာဉ်အသုံးပြုလို့ မရတဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒေသခံတွေ အင်အားရာနဲ့ချီပြီးတော့ တောမီးကိုမြေပြင်ကနေထိန်းချုပ်နိုင်ဖို့ ပူးပေါင်းပါဝင်ပေးနေပါတယ်။ တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ဖို့ ခက်ခဲနေတဲ့အတွက် စောင့်ကြည့်သွားရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ကူနာစီရင်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အာဆာနူလာက ပြောကြားခဲ့သည်။

**ခိုင်းဆက်**



# ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့တွင် လေထုညစ်ညမ်းမှုသတိပေးချက်ထုတ်ပြန်

**အော့တာဝါ ဇွန် ၂၇**

ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင် ဇွန် ၂၅ ရက်မှစ၍ လေထုညစ်ညမ်းမှု ဖြစ်ပေါ်နေကြောင်း ကနေဒါလေထုသန့်စင်မှုစစ်ဆေးရေးအဖွဲ့အစည်းဖြစ်သည့် IQAir က ထုတ်ပြန်ခဲ့သည်ဟု RTL သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုပမာဏမှာ မွန်ထရီရယ်လ်မြို့တွင်ဖြစ်ပေါ်ခဲ့သော လေထုညစ်ညမ်းမှုများအနက် အဆိုးရွားဆုံးသော လေထုညစ်ညမ်းမှုဖြစ်ကြောင်း IQAir အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် လေထုညစ်ညမ်းမှုပမာဏကို ရောက်နေသည့်အတွက်ကြောင့် ဒေသခံများ မလိုအပ်ဘဲ အပြင်သို့သွားလာခြင်းမပြုရန်လည်း ကွီဘက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ကွီဘက်ပြည်နယ် တောမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့တွေ နေရာအနှံ့ကို ပျံ့နှံ့ရောက်ရှိနေပါတယ်။ မီးခိုးငွေ့တွေကြောင့် မြင်ကွင်းမရှိတော့ဘဲ မြူနှင်းတွေဆိုင်းသလိုဖြစ်နေတယ်။ မော်တော်ယာဉ်တွေ မောင်းနှင်အသုံးပြုရတာ အန္တရာယ်များသလို လေထုညစ်ညမ်းမှုလဲ ဆိုးဆိုးရွားရွားဖြစ်ပေါ်နေတဲ့အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါတယ်။ လေထုညစ်ညမ်းမှု အန္တရာယ်ရှိတဲ့အဆင့် သတ်မှတ်ထားတဲ့အတွက်ကြောင့် ဒေသခံတွေအနေနဲ့ မလိုအပ်ဘဲ အပြင်ကို လှုပ်ရှားသွားလာတာတွေ မလုပ်ဖို့ သတိပေးအပ်ပါတယ်။ မဖြစ်မနေ သွားရမယ်ဆိုရင်လဲ Mask တပ်သွားဖို့နဲ့ လေထုညစ်ညမ်းမှုအန္တရာယ်ကို ကာကွယ်ကြဖို့ တိုက်တွန်းအပ်ပါတယ်"ဟု ကနေဒါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသည့်အကြောင်းရင်းမှာ ကွီဘက်ပြည်နယ်တွင် နေရာပေါင်း ၁၁၄ နေရာထိ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး တောမီးမှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း IQAir အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့ကြောင်း၊ ကွီဘက်ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာနကလည်း လေထုညစ်ညမ်းမှုပမာဏမှာ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ပမာဏဖြစ်သည့်အတွက် အပြင်သို့ လှုပ်ရှားသွားလာမှုကို ဆင်ခြင်ရန်နှင့်မဖြစ်မနေအပြင်သို့ သွားလာရမည်ဆိုပါက Mask များ တပ်ဆင်သွားရန်လည်း ညွှန်ကြားထားကြောင်း သိရသည်။ **ခိုင်းဆက်**

# အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ရေကြီးမှုကြောင့် မန်ဒီခရိုင်အဝေးပြေးလမ်းပေါ်၌ ခရီးသည်ဦးရေ ၂၀၀ ကျော် သောင်တင်လျက်ရှိ

**နယူးဒေလီ ဇွန် ၂၇**

အိန္ဒိယနိုင်ငံ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် ဇွန် ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မန်ဒီခရိုင် ဘာဂီပူးဒေသ အဝေးပြေးလမ်းပေါ်၌ ခရီးသည်ဦးရေ ၂၀၀ ကျော် သောင်တင်လျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့က ဇွန် ၂၅ ရက်တွင် ပြောကြားခဲ့သည်ဟု ND TV သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြထားသည်။

မန်ဒီခရိုင် ဘာဂီပူးဒေသတွင် ဇွန် ၂၅ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ခရီးသွားဒေသတစ်ခုဖြစ်သော ပရာရှာရေကန်အနီးရှိ ဘက်ဂီတံတားတွင် မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့ပြီး ခရီးသွားဦးရေ ၂၀၀ ကျော် သောင်တင်လျက်ရှိကြောင်း ခရိုင်ရဲတပ်ဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

မြစ်ရေလျှံတက်မှုသည် လျော့ကျခြင်းမရှိသောကြောင့် ပရာဆာရေကန်မှ ပြန်လာသောခရီးသည်များနှင့် ကျောင်းသားများအပါအဝင် ခရီးသည်များနှင့် ယာဉ်များအတွက် ဘေးကင်းသောနေရာကို စီစဉ်ပေးခဲ့ပြီး ညအိပ်အခြေပြုရန်နေရာများ စီစဉ်ပေးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုများကြောင့် မန်ဒီ- ပန်ဒိုဲ အမျိုးသားအဝေးပြေးလမ်းမကြီးပေါ်ရှိ အချို့နေရာများတွင် မြေပြိုကျမှုများဖြစ်ပွားလျက်ရှိရာ အဆိုပါအဝေးပြေးလမ်းမကြီးကို ပြန်လည်ဖွင့်လှစ်ရန် အချိန်ယူရဦးမည်ဖြစ်ကြောင်း၊ အခြားမြေပြိုကျမှုဖြစ်ပွားခဲ့သော မန်ဒီ-ကူလူကားလမ်းပေါ်ရှိ အပျက်အစီးများကိုမူ ညတွင်းချင်းရှင်းလင်းမှုများဆောင်ရွက်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိ အဝေးပြေးလမ်းများပေါ်တွင် ခရီးသွားလာနေသော ခရီးသည်များအနေဖြင့် အနီးစပ်ဆုံးမြို့များသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြရန်နှင့် တောင်နံရံများ ပြိုကျနိုင်သဖြင့် အဝေးပြေးလမ်းများပေါ်မှအမြန်ဆုံးထွက်ခွာရန် ခရိုင်ရဲတပ်ဖွဲ့က သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။ AZH

# တရုတ်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ရေမလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ပေကျင်း ဇွန် ၂၇**

တရုတ်နိုင်ငံတွင် အပူချိန်မြင့်တက်လျက်ရှိနေပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် သောက်သုံးရေမလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု CGTN သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေထုအရင်းအမြစ်ခန်းခြောက်လာသည့်အတွက် တရုတ်နိုင်ငံတွင် စိုက်ပျိုးမြေဧက သုံးသန်းကျော်ထိ ရေမလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အခက်အခဲများဖြစ်ပေါ်နေကြောင်း တရုတ်ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ရေမလုံလောက်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများမှာ တရုတ်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းနယ်မြေများဖြစ်ပြီး မွန်ဂိုလီးယားကုန်းတွင်းပိုင်းဧရိယာများလည်း ပါဝင်နေကြောင်း၊ ၎င်းနယ်မြေများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေသည့် နယ်မြေများဖြစ်ကြပြီး ရေမလုံလောက်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအပြင် ကျွဲနွားမွေးမြူရေးလုပ်ငန်းများလည်း အခက်အခဲများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။


တရုတ် ရေထုအရင်းအမြစ်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သောက်သုံးရေ မလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် ကျွဲ၊ နွားတိရစ္ဆာန် ကောင်ရေ ၇၆၀၀၀၀ ကျော်ထိရှိနေပြီး ဒေသခံလူဦးရေ ၂၀၀၀၀၀ ကျော်ထိ သောက်သုံးရေ မလုံလောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးခေါင်ပြီး ရေမလုံလောက်မှုပြဿနာ အဆိုးရွားဆုံးဖြစ်ပေါ်နေသောနယ်မြေများမှာ ဟာဘေးပြည်နယ် မြောက်ဘက်ပိုင်းနှင့် လျောင်နင်းပြည်နယ် အရှေ့မြောက်ဘက်ပိုင်းနယ်မြေများဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင်လည်း စံချိန်တင်အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး ဟာဘေးပြည်နယ်၊ ဟီနန်ပြည်နယ်၊ ရှန်ဒုံပြည်နယ်၊ မွန်ဂိုလီးယားကုန်းတွင်းပိုင်းနှင့် တီယန်ဂျင်းပြည်နယ်တို့တွင် အပူချိန်မြင့်တက်မှု အနီရောင်အဆင့်အဖြစ် သတ်မှတ်ထားကြောင်း တရုတ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။ **ခိုင်းဆက်**

0w Kv d @

# အဖေပေးသည့်စိတ်ဓာတ်ခွန်အား

မေခြူးသွယ်(တွံ့တေးမြေ)




(၁)

အဖေသည် နာမ်စားတစ်ခုဖြစ်သော်လည်း ထိုနာမ်စားက မေသူ့ဘဝအတွက် လွန်စွာလေးနက်လွန်းပြီး နက်ရှိုင်းလှသည်။ အဖေသည် မေသူ့ဘဝအတွက် မီးအိမ်ရှင်ဖြစ်သလို အလင်းပြကြယ်လည်း ဖြစ်ခဲ့သည်။ မေသူ သတ္တမတန်းစာမေးပွဲကို မွေးရပ်ဇာတိမြေဖြစ်သော ကော့မှူးမြို့နယ် အောင်ဇမ္ဗူပရဟိတ စာသင်တိုက်တွင် ဖြေဆိုခဲ့သည်။ သတ္တမတန်းစာမေးပွဲဖြေဆိုပြီးချိန်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့၌ မိဘများနေထိုင်သဖြင့် မေသူတစ်ယောက် မိဘများရှိရာ နောင်ချိုမြို့သို့ ရောက်ခဲ့လေသည်။ မေသူ၏ဖခင် ဦးထွန်းထွန်းသည် ဆောက်လုပ်ရေးသမားတစ်ယောက်ဖြစ်သည့်အတွက် ထိုအချိန်က သဖန်းကိုင်းကျေးရွာတွင် အိမ်ငှားနေထိုင်ပြီး နောင်ချိုမြို့၏ ဆောက်လုပ်ရေးအလုပ်တစ်ခုတွင် လုပ်ကိုင်နေသူတစ်ယောက်ဖြစ်သည်။ ကျောင်းဖွင့်ရာသီ ပြန်ရောက်လေတော့ ဦးထွန်းထွန်းသည် မေသူ့ကို နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပြောင်းရွှေ့စာသင်ကြားစေသည်။ မေသူသည် အဋ္ဌမတန်းကို နောင်ချိုမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်လက်သင်ယူခဲ့လေသည်။

(၂)

မေသူကျောင်းတက်၍ နှစ်နှစ်ပြည့်သည့်အချိန်တွင် ဦးထွန်းထွန်းသည် ယခင်အလုပ်လုပ်ခဲ့သော ရတနာရွှေစင်ဆောက်လုပ်ရေးကုမ္ပဏီက ပြန်လည်ခေါ်သဖြင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်သို့ စာသင်ကျောင်းဆောက်လုပ်ရန် သွားခဲ့လေသည်။ ထိုသို့သွားပြီး တစ်လအကြာတွင် ဦးထွန်းထွန်းတစ်ယောက် အပြင်းဖျားပြီး အိမ်ပြန်ရောက်လာခဲ့သည်။ ထိုနေ့က အိမ်ဘေးတွင်ရှိသော တောင်ကျချောင်းလေးတွင် မေသူရေခပ်၍ ရေပြည့်နေချိန်ဖြစ်သည်။ တက္ကစီကားတစ်စီး အိမ်ရှေ့ကို ထိုးရပ်လာလေသည်။

"အမေရေ ဘယ်သူလာတာလဲ မသိဘူး"

အဖေ့ကို လှမ်းအော်ပြောနေစဉ် ကားပေါ်မှ အားအင်ချည့်နဲ့စွာ ဆင်းလာသောအဖေ့ကို မေသူ တွေ့လိုက်ရလေသည်။ အဖေ့ကို တွေ့သည်နှင့် လက်ထဲတွင် ကိုင်ထားသောရေပုံးကို ပစ်ချကာ အဖေရှိရာပြေးခဲ့ပြီး မေသူအဖေ့ကို ဖက်လိုက်မိသည်။

"ဟင် အဖေ နေမကောင်းဘူးလား"

ပူဆွေးနေသော ဦးထွန်းထွန်း၏ ခန္ဓာကိုယ်ကြောင့် မေသူ မေးလိုက်ခြင်းဖြစ်သည်။ ထိုအခါ အဖေနှင့် အတူပါလာသော လူငယ်သည် ကားသမားကို ကားခ ရှင်းပေးနေလေသည်။

"ကိုထွန်း"

ဦးထွန်းထွန်းနှင့် မေသူ့အနားကို ရောက်လာသူ ဒေါ်စန်းစန်းက ပြောထားသည့်ရက်ထက် ပိုစော၍ ပြန်ရောက်လာသော ဦးထွန်းထွန်းကိုကြည့်ပြီး အံ့ဩနေလေသည်။

"အစန်း ကိုထွန်း နေမကောင်းဘူး"

"ဟင်"

ထိုအခါ ဒေါ်စန်းစန်းသည် အဖျားအရှိန်ကြောင့် ခွေယိုင်ချင်နေသော ဦးထွန်းထွန်းကို ကူတွဲလိုက်သည်။

"အစ်မ ဆရာ့ကို ကျွန်တော်ခေါ်သွားမယ်။ ဒီမှာ ဆရာ့ကျောပိုးအိတ်"

ဦးထွန်းထွန်းနှင့်အတူပါလာသော လူငယ်က ကျောပိုးအိတ်ကို ဒေါ်စန်းစန်းထံပေး၍ ဦးထွန်းထွန်းကို အိမ်ထဲသို့ကူတွဲသွားလေသည်။

"ဟြော်. . . ဟုတ်ကဲ့ ဟုတ်ကဲ့"

ဒေါ်စန်းစန်းလည်း ဦးထွန်းထွန်းတို့ ဆရာတပည့်နောက်သို့ လိုက်လာကာ ဦးထွန်းထွန်းအတွက် အိပ်ရာပြင်ပေးလေသည်။ အိပ်ရာပြင်ပေးပြီးတော့ ဦးထွန်းထွန်းကို အိပ်ရာပေါ်အိပ်စေသည်။ ထိုအခါ အဖျားအရှိန်ကြောင့် မောပန်းနေသော ဦးထွန်းထွန်းကို ဒေါ်စန်းစန်းက စိတ်မသက်မသာဖြင့် ကြည့်နေသည်ကို မေသူတွေ့လိုက်ရလေသည်။

"ဘယ်လိုဖြစ်တာလဲ"

"မိုးရေလောင်ကန်ထဲက မိုးရေတွေ ဆရာချိုးမိသွားတာအစ်မ။ ကျွန်တော်တို့ဒေသမှာက လောင်ကန်ထဲက ရေကိုချိုးမိရင် ဖျားတတ်တယ်"

"ဖြစ်ရလေ ကိုထွန်းရယ်။ မနက်ဖြန် မြို့ပေါ်ဆေးခန်းသွားပြရအောင်။ ဒါနဲ့ မောင်လေးနာမည်က"

"ကျွန်တော့်နာမည် ကျော်ဝင်းပါအစ်မ"

"ဟြော်. . . အေး အေး။ မောင်လေးရဲ့ဆရာကို ခဏကြည့်ထားပေးနော်။ မင်းဆရာအတွက် အစ်မ ဆန်ပြုတ်လေး လုပ်လိုက်အုံးမယ်"

"ဟုတ်ကဲ့ အစ်မ"

"သမီး မေသူ အမေ့ဆီ ခဏလာအုံး"

"ဟုတ်ကဲ့အမေ"

ဒေါ်စန်းစန်းတစ်ယောက် မီးဖိုချောင်ထဲသို့ ဝင်ခဲ့ပြီး မေသူ့ကို လှမ်းခေါ်လိုက်၏။ မေသူ သူ့အနားကို ရောက်လေမှ-

"အိမ်နောက်ဖေးက ကြက်ခြံမှာ ကြက်ဥ ၁၀ လုံး သွားဝယ်ခဲ့သမီး"

"ဟုတ်ကဲ့ အမေ"

ကြက်ဥဝယ်ရန် ထွက်သွားသည့် သမီးကို ကြည့်ပြီး ဒေါ်စန်းစန်းတစ်ယောက် ခင်ပွန်းဖြစ်သူအတွက် ဆန်ပြုတ်ကျိုရလေသည်။ ထိုတစ်ညတော့ ခင်ပွန်းဖြစ်သူကို ဆန်ပြုတ်အနည်းငယ် ဝင်အောင်တိုက်ပြီး အဖျားပျောက်ဆေးတိုက်ကာ အိပ်စေခဲ့လေသည်။

(၃)

"သမီး ကျောင်းမနေချင်တော့ဘူးလား"

အဖေ နေမကောင်း၍ ကျောင်းတစ်ရက်ခွင့်ယူရန် ပြောနေလေသောမေသူ့ကို ဒေါ်စန်းစန်း မေးနေခြင်းဖြစ်သည်။ မေသူ မိခင်ရှေ့တွင် လက်ကလေးပိုက်ရင်း-

"မဟုတ်ပါဘူးအမေ။ သမီးက အဖေနေမကောင်းနေလို့ အဖေ့ကိုပြုစုချင်လို့ပါ"

"မေသူ ဒီကိုလာအုံး"

နေမကောင်းသော်လည်း အသံပြဲဗာအပြည့်ဖြင့် ထွက်ပေါ်လာသော အဖေ့ခေါ်သံကြောင့် မေသူ့ခန္ဓာကိုယ်လေး တုန်သွားရလေသည်။ အဖေခေါ်လေတော့လည်း မေသူသည် ကြောက်လန့်စိတ်ကို ဘေးဖယ်ကာ အဖေ့အနားကိုသွားပြီး ရှေ့တွင် ထိုင်လိုက်၏။

"ဘာလဲ နင်က ကျောင်းမတက်ဘဲ သူများခိုင်းဖတ် လုပ်ချင်လို့လား"

အဖေ့မေးခွန်းကြောင့် မေသူ ခေါင်းလေးသာ ငုံ့ထားမိလေသည်။ ခေါင်းငုံ့ထားသော သမီးကိုကြည့်ကာ ဦးထွန်းထွန်းသည် စိတ်အလိုမကျဖြစ်လာကာ-

"ခေါင်းကြီးငုံ့မထားနဲ့ ငါ့ကိုကြည့်ပြီးဖြေ"

အဖေ့ကို ကြောက်သည့်စိတ်ကြောင့် မေသူ အဖေ့ကို မရဲတရဲလေးကြည့်ပြီး-

"သမီး သမီး"

"ငါ မေးရင်ဖြေမှကြိုက်တာနော် မေသူ။ ကျောင်းမတက်ချင်ရင် သူများတွေလို မြို့ပေါ်မှာ အိမ်ဖော်သွားလုပ်မလား"

"သမီး မလုပ်ချင်ဘူးအဖေ။ သမီး ကျောင်းတက်ဆိုတက်ပါ့မယ်"

"ဒါဆို ကျောင်းသွားဖို့ပြင်တော့"

"ဟုတ်ကဲ့ အဖေ"

သူ့ရှေ့မှထွက်သွားသော သမီးကိုကြည့်ပြီး ဦးထွန်းထွန်း သက်ပြင်းချနိုင်လေတော့သည်။ သည်လောက်လိမ္မာရေးခြားရှိလွန်းသည့်သမီးကို တစ်ပါးသူ့အိမ်တွင် ခိုင်းစားရက်မည်တဲ့လား။ ကျောင်းစာသင်ချင်စိတ်ဖြစ်လေအောင် ခြောက်နေခြင်း သက်သက်သာဖြစ်သည်။

"အစန်း သမီးအတွက် ထမင်းချိုင့်နဲ့ ကျောင်းလွယ်အိတ်အဆင်သင့်လုပ်ထား"

"ဟုတ်ကဲ့ ကိုထွန်း"

ဒေါ်စန်းစန်းတစ်ယောက် သမီးနှင့်ပတ်သက်လာလျှင် ချော့တစ်ခါခြောက်တစ်လှည့် သွန်သင်ဆုံးမတတ်သော ခင်ပွန်းဖြစ်သူကို ပြုံး၍သာကြည့်နေမိလေသည်။ ဦးထွန်းထွန်းသည် တစ်ဦးတည်းသော သမီးလေးကို အလိုလိုက်သင့်သည့်နေရာမှာသာ အလိုလိုက်ပြီး အလိုမလိုက်သင့်သည့်နေရာတွင်တော့ ချော့တစ်ခါ ခြောက်တစ်လှည့် ဆုံးမတတ်သူဖြစ်လေသည်။

(၄)

တစ်လတစ်ကြိမ်ဖြေဆိုသော လပတ်စာမေးပွဲတွင် ရရှိသည့် အမှတ်စာရင်းကိုကြည့်ပြီး မေသူအလိုလို ဝမ်းနည်းလာရ၏။ စာမေးပွဲဖြေရာတွင် ခြောက်ဘာသာဖြေဆိုရာမှာ ငါးဘာသာအောင်မြင်ခဲ့ပြီး အင်္ဂလိပ်စာတစ်ဘာသာသည် ၁၈ မှတ်သာရရှိခဲ့၍ ကျရှုံးခဲ့လေသည်။ အတန်းပိုင်ဆရာမ ဒေါ်မာလာထံမှ အမှတ်စာရင်းများကို သိရကတည်းက မေသူ့ရင်ထဲဝယ် သိမ်ငယ်ရှက်ရွံ့ခြင်းများ ဝင်လာခဲ့လေသည်။ ဘယ်သောအခါကမှ စာမေးပွဲမကျခဲ့သော သူသည် ယခုတစ်ခါ စာမေးပွဲကျခြင်းက ရှက်ဖွယ်ရာအတိဖြစ်လေသည်။ စာသင်ခန်းအတွင်းမှ ကျောင်းသား၊ ကျောင်းသူတချို့၏အကြည့်တို့သည် သူ့ကိုပိုပို၍ သိမ်ငယ်ရှက်ရွံ့စေခဲ့လေသည်။

မေသူ အိမ်အပြန်လမ်းတစ်လျှောက် ကလေးငယ်လေးတစ်ယောက်လို ငိုရှိုက်နေမိလေသည်။ သူ မရှက်နိုင်တော့ပါဘူး။ အမြဲတမ်း အစမ်းစာမေးပွဲဖြေတိုင်း ဘာသာစုံအမှတ် ၄၀ စီပိုင် အောင်မြင်ခဲ့သည့် မေသူသည် ယခုစာမေးပွဲတွင်တော့ အင်္ဂလိပ်စာတစ်ဘာသာကို ၁၈ မှတ်ဖြင့် အောင်မှတ်ပင် အပြည့်မရခဲ့ပေ။ ကျောင်းကားပေါ်က ကျောင်းသားအများစုသည် မေသူ့ကို ဝိုင်းကြည့်နေကြလည်း မေသူမမှုနိုင်တော့ပေ။ သူ၏ရှုံးနိမ့်မှုအတွက်သာ နာကျင်စွာ ငိုရှိုက်နေ၏။ အိမ်ရှေ့ကျောင်းကားရပ်သည်နှင့် ကျောင်းကားပေါ်မှ သုတ်ပြေးဆင်းခဲ့လိုက်လေသည်။ အိမ်ထဲကို မျက်ရည်များဖြင့် ပြေးဝင်လာသော မေသူ့ကို ဦးထွန်းထွန်းမြင်လေတော့ ဖတ်နေသည့် သတင်းစာကို ရှေ့ကစားပွဲပေါ် တင်လိုက်ပြီး-

"ဘာဖြစ်လာတာလဲ သမီး"

မေသူ၏အားကိုးရာ အဖေ့ကို တွေ့လိုက်ရသည့်အခါ အဖေ့ရင်ခွင်ထဲတိုးဝင်ကာငိုမိ၏။ မေသူ့ငိုသံကြား၍ မီးဖိုထဲက ဒေါ်စန်းစန်းလည်း အိမ်ရှေ့ကို ပြေးထွက်လာခဲ့၏။ ဦးထွန်းထွန်းသည် သမီးဖြစ်သူကို ချော့မေးလိုက်၏။

"သမီး ဘာဖြစ်လာလဲ အဖေ့ကို ပြောစမ်းသမီး"

"သမီး ဘာဖြစ်လာတာလဲ"

ဦးထွန်းထွန်းနည်းတူ မေသူ့အနားသို့ ရောက်လာသော ဒေါ်စန်းစန်းကလည်း မေသူ့ကို မေးခွန်းထုတ်လာလေသည်။ မေသူလည်း အဖေနှင့် အမေကို တစ်လှည့်စီကြည့်လိုက်ပြီး-

"သမီး ဒီလပတ်စာမေးပွဲမှာ အင်္ဂလိပ်စာ ၁၈ မှတ်နဲ့ စာမေးပွဲကျတယ် အဖေနဲ့ အမေ"

ဝမ်းနည်းစွာပြောလိုက်လာသော မေသူ့စကားသံကြောင့် ဦးထွန်းထွန်း ပြုံးလိုက်၏။ ဦးထွန်းထွန်းသည် သူ့သမီးကို ပြုံးကာကြည့်လိုက်ပြီး-

"အဖေပြောတာ သမီး နားထောင်နော်"

"ဟုတ်ကဲ့ အဖေ"

"ကဲ ကဲ မျက်ရည်တွေသုတ်လိုက်တော့"

အဖေ့စကားကြောင့် မေသူမျက်ရည်များကို သုတ်လိုက်၏။

စာမျက်နှာ ၂၅သို့ ➤

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၀၇၆ ဧက စိုက်ပျိုးပြီးစီး



**လပွတ္တာ ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၀၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၆၀၇၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ စိုက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါငှက်ပျောများကို စနစ်တကျ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများ၏ စိုက်ကွက်များထိ ကွင်းဆင်းပြီး တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ လပွတ္တာမြို့နယ်အတွင်း ငှက်ပျော ၆၀၇၆ ဧက စိုက်ပျိုးထားပါတယ်။ ဒေသခံပြည်သူတွေ တစ်ဖက်တစ်လမ်းကနေ စီးပွားရေးအခွင့်အလမ်းတွေ ကောင်းလာစေဖို့ စိုက်ပျိုးတာဖြစ်ပါတယ်။ စိုက်ထားတဲ့ငှက်ပျောအမျိုးအစားကတော့ မျိုးစုံစိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ပျိုးပြီးသွားတဲ့ ငှက်ပျောတွေအားလုံးဟာ သုံးလကျော်ကျော်မှာ ပြန်လည်ခုတ်သိမ်းရောင်းချနိုင်မှာဖြစ်ပါတယ်။ ငှက်ပျောစိုက်ပျိုးတဲ့အခါ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ အသီးကောင်းစေဖို့ ဒေသခံတောင်သူတွေနဲ့ပူးပေါင်းပြီး ဆက်လက်ဆောင်ရွက်နေပါတယ်”ဟု လပွတ္တာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့်ငှက်ပျောသီးများကို နှစ်စဉ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါဒေသတွင် ရွှေငှက်ပျော၊ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်၊ ခွံ့ဝါ စသည့်ငှက်ပျောအမျိုးအစားများကို ဒေသခံတောင်သူများက အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဂွမြို့နယ် ရမ္မကျွန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စစ်ဆေး

**ဂွ ဇွန် ၂၇**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရမ္မကျွန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဇွန် ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရမ္မကျွန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျေးရွာ၌ လက်ရှိရေသုံးစွဲမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရမ္မကျွန်းကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အကျယ်ရှစ်ပေ၊ အနက်၂၅ ပေရှိ လက်တူးတွင်းနှစ်တွင်းတူးဖော်ခြင်းနှင့် ခြစ်ညီးရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တင်ဒါလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ပြောပြ၍ သိရသည်။

**ကိုသန်း**



➤ စာမျက်နှာ ၂၄မှအဆက်

မေသူမျက်ရည်များ သုတ်လိုက်တော့ ဒေါ်စန်းစန်းလည်း မေသူဘေးတွင် ဝင်ထိုင်လိုက်သည်။ ဒေါ်စန်းစန်းသည် သမီးဖြစ်သူ၏ လက်ကလေးတစ်ဖက်ကို ယုယစွာထွေးဆုပ်လာ၏။ ဦးထွန်းထွန်းသည်လည်း သမီးဖြစ်သူကို နွေးထွေးသောမျက်ဝန်းများဖြင့် ကြည့်လာပြီး-

“ကြက်တွေတောင် အစာကောက်တိုင်း အစာရနေရင် စလုတ်ကွဲပြီး သေကုန်မှာပေါ့ သမီးရယ်။ အဲဒီလိုပဲ လူတွေလဲ ကြိုးစားတိုင်း အောင်မြင်နေရင် ဘယ်မှာအရှုံးရှိတော့မှာလဲ သမီးရယ်”

အဖေပြောလာသည့်စကားက ဟုတ်နေသည်မို့ မေသူငြိမ်သက်စွာ နားထောင်နေ၏။ ဦးထွန်းထွန်း ရေနွေးကြမ်းကို မော့သောက်ပြီး စကားဆက်လာလေ၏။

“အရှုံးမရှိမှတော့ လူတွေက အောင်မြင်မှုဆိုတာကြီးကို လွယ်လွယ်ရသွားကြမှာပေါ့။ အဲဒါကြောင့် အဖေ့သမီးလဲ အခုကျရှုံးမှုကို ဒီအတိုင်း ပြိုလဲကျသွားမှာလား။ ကြိုးစားတိုင်း ရှေ့မှာအောင်မြင်ခဲ့ရင် အခုတစ်ခါကျရှုံးမှုကိုလဲ သမီးလက်ခံရမယ်လေ။ အဖေ့သမီးအသက်မငယ်တော့ပါဘူး။ အဖေဘာကိုဆိုလိုချင်တယ်ဆိုတာ သမီးကောင်းကောင်းသိမှာပါ။ အဖေ့သမီးကို စာမေးပွဲကျရုံနဲ့ ပြိုလဲနေတာမမြင်ချင်ဘူး။ ဘဝမှာ အရှုံးတွေအများကြီးကြုံရအုံးမယ်။ အဲဒီအရှုံးတွေအတွက် သမီးမှာ ခံနိုင်ရည်ရှိဖို့လိုတယ်။ တစ်ကြိမ်ကျရှုံးရုံနဲ့ ပြိုလဲလို့မရဘူး။ ဘဝမှာကြုံလာရမဲ့ အရှုံးတွေအတွက် အဖေ့သမီးစိတ်ဓာတ်တွေ မာကျောနေဖို့လိုတယ်”

အဖေပြောလာသည့် စကားများက ဟုတ်နေသည်မို့ မေသူတိတ်ဆိတ်နေမိ၏။ “စာထပ်ကြိုးစားမယ်။ စာမေးပွဲတိုင်းအောင်မြင်ရမယ်” ဆိုသည့် ခိုင်မာသောစိတ်ဓာတ်ခွန်အားတစ်ခု ရရှိလာသည်။

မေသူ ယခင်ကထက်ပို၍စာကြိုးစားသည်။ ဆရာ၊ ဆရာမများ သင်ကြားသည်ကို နားလည်နိုင်ရန် ပို၍အာရုံစိုက်သည်။ မေသူ ယခင်ကထက်ပို၍ ဝီရိယထားသည်။ နံနက်စောစောထပြီး သင်ခန်းစာများကို တစ်ခေါက်ပြန်နွှေးသည်။ ညပိုင်းတွင် ကျက်မှတ်ရမည့်စာများကို အပတ်တကုတ်ကြိုးစားကျက်မှတ်သည်။ ကျောင်းချိန်တွင်လည်း သင်ခန်းစာများကို နားလည်အောင် အားစိုက်နားထောင်မြဲဖြစ်သည်။ အဖေ၏ဆုံးမစကားများကို ပြန်ကြားယောင်လေတိုင်း အရှုံးကိုရင်ဆိုင်ကျော်ဖြတ်နိုင်မည့် သတ္တိများမွေးခဲ့သည်။ ဤသို့ဖြင့် စာမေးပွဲအောင်စာရင်းတွင် မေသူတစ်ယောက်ပါဝင်လာခဲ့လေပြီ။ မေသူသည် အဖေပေးသည့် စိတ်ဓာတ်ခွန်အားဖြင့် အောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့ပြီ။ မေသူ့ဘဝတွင် အဖေသည် လမ်းပြကြယ်တစ်ယောက်၊ ပဲ့ကိုင်ရှင်တစ်ယောက်ဖြစ်လာခဲ့လေသည်။

# စည်းကမ်းကျန လူ့အလှ

- လောကတွင်ရှင်သန်ကြား
  လူသားချင်းအတူတူ၊
  တန်ဖိုးချင်းကွာခြားမှု
  တွေးရှုပါမူ၊
  စည်းကမ်းရှိသူ
  တန်ဖိုးဟူသည်က၊
  စည်းကမ်းမဲ့သူများနှင့်
  ကွာခြားပါရဲ့။


- စည်းကမ်းသတ်မှတ်ပြဋ္ဌာန်းထား
  အချက်များဟူသည်၊
  စနစ်ကျဘေးကင်းမှု
  ရှေးရှုဦးတည်၊
  လိုအပ်ချက်အလီလီ
  တွေးဆရည်သုံးသပ်အား၊
  ပြုငြားကာထုတ်ပြန်ခြင်း
  ဆောင်ကြဉ်းချက်များ။

- ထိုသို့သောသုံးသပ်အားဖြင့်
  ထုတ်ပြန်ထားစည်းကမ်းတွေ၊
  တစ်သဝေမတိမ်းလိုက်နာအား
  ပွားများလျှင်လေ၊
  ဘေးကင်းကာမသွေ
  ဘဝအခြေတိုးတက်ရေး၊
  စည်းကမ်းရှိခြင်းအကျိုးကြောင့်
  ပိုတိုးမည်လေး။

- ထို့ကြောင့်သာပ
  လူ့ဘဝရှင်သန်ရာ၊
  ကိုယ်နှင့်ဆိုင်ရာစည်းကမ်းများ
  အလေးထားလိုက်နာ၊
  စည်းကမ်းရှိတာ
  ဂုဏ်ယူစရာဖြစ်ရုံမက၊
  ကောင်းမွန်သည့်လူ့အလှဟု
  ဆိုရမည်ပ။ ။

**မနော်သစ်(ပခုက္ကူ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# သက်သေခံပစ္စည်းအစစ်အမှန်ဆိုသည်မှာ

**စိန်လှိုင်ပိုလ်**

ရာဇဝတ်မှုတစ်ခုတွင် တရားရုံးက တရားခံကို ပြစ်မှုထင်ရှားစီရင်သည်။ ခိုးမှုဖြစ်၍ သက်သေခံပစ္စည်း ရွှေချောင်းပါဝင်သည်။ ထိုရွှေချောင်းသည် ခိုးယူခံရစဉ်က မူရင်းရွှေချောင်းမဟုတ်ပါ။ ပြန်လည်ဝယ်ယူအသွင်ပြောင်းထားသောပစ္စည်းဖြစ်သည်။ သို့ဖြစ်ရာ ထိုပစ္စည်းသည် ခိုးရာပါပစ္စည်းဟုတ်၊ မဟုတ်နှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ တရားရုံးချုပ် အထူးအယူခံခုံရုံးထိ ရောက်ရှိပြီးနောက် စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုကို အကြောင်းပြု၍ ဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ အစ်မဖြစ်သူ ဒေါ်ချစ်မေ အပ်နှံထားသော အလေးချိန် ၇ ကျပ် ၂ ရွေး၊ ၅ ကျပ် ၃ ပဲ ၅ ရွေးနှင့် ၂ ကျပ် ၁၅ ပဲ ၅ ရွေးရှိ မီးလင်းရွှေချောင်းသုံးချောင်းကို ဒေါ်မြတ်မွန်က သမီး မရွှေလီမြင့်၏ဗီရိုတွင် သိမ်းဆည်းထားခဲ့သည်။ မရွှေလီမြင့်၏ခင်ပွန်း မောင်မြင့်က ၎င်းရွှေများထဲမှ ၇ ကျပ် ၂ ရွေးနှင့် ၅ ကျပ် ၃ ပဲ ၅ ရွေးရှိ ရွှေချောင်းနှစ်ချောင်းကို ခိုးယူသွားပြီး လက်ပံလှရွာရှိ ဦးသိန်းဝင်း ပန်းတိမ်ဆိုင်နှင့် မန္တလေးမြို့တွင် ရောင်းချထားသဖြင့် အရေးယူပေးရန် ဒေါ်မြတ်မွန်က အမှုဖွင့်တိုင်ကြားခဲ့သည်။

စဥ့်ကူးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်-၇၀၀/၉၆ တွင် တရားခံမောင်မြင့်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၀ အရ အလုပ်နှင့်ထောင်တစ်နှစ်ကျခံစေရန်နှင့် သက်သေခံရွှေဝါတံဆိပ်ပါ အလေးချိန် ၇ ကျပ် ၂ ရွေးရှိ မီးလင်းရွှေတုံးတစ်တုံးအား အပ်နှံသူ ဦးအောင်ဆန်းဝင်းသို့လည်းကောင်း၊ ကျန်ရွှေထည်ပစ္စည်းများကို အပ်နှံသူ ဦးသိန်းဝင်းသို့လည်းကောင်း ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို တရားလို ဒေါ်မြတ်မွန်က မကျေနပ်၍ ပြစ်ဒဏ်တိုးမြှင့်ပေးရန်နှင့် သက်သေခံပစ္စည်းများ ၎င်းအား ပြန်လည်ပေးအပ်စေရန် မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်)သို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း ပလပ်ခြင်းခံရသည်။ ဒေါ်မြတ်မွန်သည် အမှုအတွင်း ကွယ်လွန်ခဲ့သည်။

မန္တလေးတိုင်းတရားရုံး (ပြင်ဦးလွင်ခရိုင်)၏ အမိန့်ကို မူလအမှုတရားလို ဒေါ်မြတ်မွန်(ကွယ်လွန်)၏ ခင်ပွန်း ဦးလှသော်က မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်)သို့ ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း မအောင်မြင်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ အထူးအယူခံဝင်ခွင့်ရရန် တင်သွင်းလျှောက်ထားခဲ့ရာ အထူးအယူခံခုံရုံးက-

(၁) တရားခံအား ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းခံရသည့် အခြေအနေတွင် ခိုးရာပါပစ္စည်းကိုရောင်းချ၍ ရရှိငွေဖြင့် ဝယ်ယူအပ်နှံသည့် သက်သေခံပစ္စည်းရွှေကို ပစ္စည်းသိမ်းခံရသူ ဦးအောင်ဆန်းဝင်းအား ပြန်ပေးရန် ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီ၊ မညီ။

(၂) တရားခံအား ပြစ်မှုထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ခြင်းခံရသည့် အခြေအနေတွင် ခိုးရာပါပစ္စည်းရွှေထည်ဖြင့် ပြုလုပ်ထားသည့် ရွှေထည်ပစ္စည်းများကို ပစ္စည်းသိမ်းခံရသူ ဦးသိန်းဝင်းအား ပြန်ပေးရန် ဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီ၊ မညီဟူသော ပြဿနာနှစ်ရပ်ကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

အယူခံတရားလို ဦးလှသော်သည်လည်း အမှုအတွင်း ကွယ်လွန်သွားသဖြင့် သားသမီးများဖြစ်ကြသော ဦးဘုန်းရှင်၊ ဦးသံလွင်မိုးနှင့် သမီး ဒေါ်ရွှေလီမြင့်တို့က အမှုကို ဆက်လက်ဆုံးဖြတ်ပေးရန် လျှောက်ထားခဲ့သည်။ ဦးအောင်ဆန်းဝင်းနှင့် ဦးသိန်းဝင်းတို့က ကန့်ကွက်သော်လည်း အထူးအယူခံခုံရုံးက ဦးဘုန်းရှင်တို့အား အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ပြုကြောင်း အမှုကို ကြားဖြတ်အမိန့်ချမှတ်ခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

မူလအမှုစစ်မြို့နယ်တရားရုံးက နှစ်ဖက်သက်သေများကို စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၈၀ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။ တရားခံမောင်မြင့်၏ထွက်ဆိုချက်များကို ဇနီးဖြစ်သူ မရွှေလီမြင့်ကပင်လျှင် ထောက်ခံခဲ့ခြင်းမရှိပေ။ ပြစ်ဒဏ်စီရင်ခြင်းခံရသူ မောင်မြင့်က အထက်အဆင့်တရားရုံးများသို့ ဝင်ရောက်ခဲ့ခြင်းလည်းမရှိသဖြင့် ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့်အမိန့်မှာ တည်မြဲလျက်ပင်ရှိနေကြောင်း စိစစ်ခဲ့သည်။

တရားခံအား ပြစ်မှုထင်ရှားစီရင်ထားသည့်အခြေအနေတွင် ခိုးယူခံရသော ရွှေချောင်းနှစ်ချောင်းကို မူရင်းအတိုင်း ရဲတပ်ဖွဲ့က ပြန်လည်သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ၊ မရှိ သို့မဟုတ် မူရင်းရွှေချောင်းမှ အသွင်းပြောင်းထားသော ပစ္စည်းအဖြစ်သိမ်းဆည်းနိုင်ခဲ့ခြင်းရှိ၊ မရှိ၊ ခိုးရာပါပစ္စည်းဟုတ်၊ မဟုတ်ကို အထူးအယူခံခုံရုံးက ဆက်လက်စိစစ်ခဲ့သည်။



နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေချုပ်ရုံးကမူ ဦးအောင်ဆန်းဝင်းထံမှ ခိုးရာပါပစ္စည်းကိုသော်လည်းကောင်း၊ ခိုးရာပါပစ္စည်းကို ပြန်လည်ရောင်းချ၍ရသောငွေကိုသော်လည်းကောင်း သိမ်းဆည်းခဲ့ခြင်းမရှိကြောင်း အစားထိုး၍ ရွှေထည်များကို ပေးအပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ထိုသို့ အစားထိုး၍ ပေးအပ်ခဲ့ရာတွင်လည်း **ခိုးရာပါပစ္စည်းကို ရောင်းချ၍ ရရှိသောငွေဖြင့် ပြန်လည်အစားထိုးဝယ်ပေးခြင်းဖြစ်သည်ဟူ၍ သံသယကင်းစွာ ကောက်ယူနိုင်မည့် ခိုင်မာသည့်သက်သေခံချက်မရှိကြောင်း** တင်ပြလျှောက်လဲခဲ့သည်။

တရားခံမောင်မြင့်အား ပြစ်မှုထင်ရှားစီရင်ထားပြီးဖြစ်သဖြင့် မူရင်းရွှေချောင်းနှစ်ချောင်းမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၁၀ အရ ခိုးရာပါပစ္စည်းများဖြစ်ကြသည်။ ထို့အတွက် ရွှေချောင်းများကို မူရင်းပစ္စည်းအတိုင်း သိမ်းဆည်းနိုင်ခဲ့လျှင် အဆိုပါခိုးရာပါပစ္စည်းကို သဘောရိုးနှင့် တန်ရာတန်ကြေးပေးအပ်၍ ဝယ်ယူသည့်တိုင် ဝယ်ယူသူတွင် ပိုင်ဆိုင်ခွင့်ရမည်မဟုတ်ကြောင်း၊ ၎င်းဥပဒေသဘောကို ဦးငယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၇၅ ခုနှစ်၊ မတစ စာ-၂၆၊ ဦးမောင်ကိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၇၅ ခုနှစ်၊ မတစ စာ-၇၇ များတွင် လမ်းညွှန်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း အထူးအယူခံခုံရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

ဤအမှုတွင် မောင်မြင့်ခိုးယူပြီး ရောင်းချခဲ့သော ရွှေချောင်းနှစ်ချောင်းကို မူရင်းအတိုင်း ပြန်လည်ရရှိခဲ့ခြင်းမဟုတ်ဘဲ ရွှေချောင်းနှစ်ချောင်းနှင့် အလေးချိန် ၇ ကျပ် ၂ ရွေးရှိ ရွှေချောင်းတစ်ချောင်းကို မောင်မြင့်ထံမှ ဝယ်ခဲ့သော ရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးအောင်ဆန်းဝင်းထံမှ ရဲတပ်ဖွဲ့က သိမ်းဆည်းရာ၌ **မောင်မြင့်ထံမှ ဝယ်ယူခဲ့သော ရွှေချောင်းကို ပြန်လည်ရောင်းချပြီးဖြစ်သဖြင့် ရွှေဝါရွှေဆိုင်မှ အလေးချိန်တူ ရွှေချောင်းတစ်ချောင်းကို အစားထိုးပြန်လည်ဝယ်ယူပေးအပ်ခဲ့ရကြောင်း ဦးအောင်ဆန်းဝင်းက ရုံးရှေ့ထွက်ဆိုထားသည်။**

မရွှေလီမြင့်(တရားခံ မောင်မြင့်၏ဇနီး)ကလည်း **သိမ်းဆည်းခဲ့သည့်ရွှေမှာ အစားထိုးဝယ်ပေးခဲ့သည့်ရွှေဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ရှာဖွေသက်သေ ဦးသန်းအောင်ကလည်း** ရုံးရှေ့တရားခံမောင်မြင့် ရွှေရောင်းချခဲ့ကြောင်းနှင့် အောင်အောင်ဆိုသူက ပေါက်ဈေးဖြင့်ဝယ်ယူခဲ့ကြောင်း ပြောသည်။ **သူတို့သွားရောက်ရှာဖွေရာတွင် ရောင်းချထားသည့်ရွှေကို ချက်ချင်းမရပါ။ အောင်အောင်ဆိုသူက အစားပေးပါမည်ဆိုကာ ခေါင့်ခိုင်းပါသည်။ ကျွန်တော်တို့သိမ်းဆည်းခဲ့သောရွှေမှာ ရွှေဝါတံဆိပ်ပါ အလေးချိန် ၇ ကျပ် ၂ ရွေး မီးလင်းရွှေတစ်တုံးဖြစ်ပြီး အစားပြန်ဝယ်ပေးမည်ဟု ပြောပြပေး၍ သိမ်းဆည်းခြင်းဖြစ်ပါသည်ဟု ထွက်ဆိုခဲ့သည်။**

အထက်ပါ သက်သေထွက်ဆိုချက်များအရ ဦးအောင်ဆန်းဝင်းထံမှ သိမ်းသောရွှေတုံးမှာ မူလခိုးရာပါပစ္စည်းရွှေချောင်းမဟုတ်ဘဲ အစားထိုးဝယ်ပေးသော ရွှေချောင်းဖြစ်သည်မှာ ထင်ရှားကြောင်း၊ တရားခံ မောင်မြင့်က ဦးအောင်ဆန်းဝင်းထံ ရွှေချောင်းလာရောင်းသည့်နေ့မှာ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၁ ရက်ဖြစ်ပြီး ဦးအောင်ဆန်းဝင်းက သက်ဆိုင်ရာမှ ၎င်းထံရောက်ရှိလာ၍ ပေါက်ဈေးဖြင့် ရွှေဝယ်ပြီး အပ်ပေးလိုက်ရသည့်နေ့မှာ ၁၉၉၆ ခုနှစ် ဇွန် ၁၉ ရက်ဖြစ်သဖြင့် ခြောက်လကျော်ကြာမြင့်ပြီးမှ အပ်ပေးရခြင်းဖြစ်၍ **မူလရွှေချောင်းကို ရောင်းရသောငွေဖြင့် ဝယ်ပေးသောရွှေမဖြစ်နိုင်သည်မှာ ပေါ်လွင်ထင်ရှားကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

အမှုတွဲပါသက်သေထွက်ဆိုချက်များအရ ဦးသိန်းဝင်းက သက်သေခံ(င) ရှာဖွေပုံစံဖြင့် ပေးအပ်လိုက်ရသော ရွှေထည်ပစ္စည်း ၁၀ မျိုးမှာ **ခိုးရာပါပစ္စည်းကို အသွင်ပြောင်းလဲထားသောပစ္စည်းမဟုတ်ဘဲ အစားထိုးပေးလိုက်ရသောပစ္စည်းသာဖြစ်ကြောင်း** ရှာဖွေပုံစံပါ ရေးသွင်းချက်များကို သက်သေခံပစ္စည်းစီမံခန့်ခွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်မှာ မှန်သော်လည်း ရှာဖွေပုံစံပါ ရေးသွင်းချက်များသည် မုချမှန်ကန်သည်ဟု လက်ခံနိုင်သောအခြေအနေမရှိပါက အမှုတွင် သက်သေထင်ရှားပေါ်ပေါက်သော အခြေအနေအရသာ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ပစ္စည်းသိမ်းဆည်းသူ ရဲအရာရှိနှင့် ရှာဖွေသက်သေတို့၏ ရုံးရှေ့ထွက်ဆိုချက်များကို အလေးပေးစဉ်းစားရမည်ဖြစ်ကြောင်း အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

ဦးအောင်ဆန်းဝင်းထံမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော ရွှေချောင်းတစ်ချောင်းသည်လည်းကောင်း၊ ဦးသိန်းဝင်းထံမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သော ရွှေထည်ပစ္စည်း ၁၀ မျိုးသည်လည်းကောင်း တရားခံမောင်မြင့် ခိုးယူခဲ့သော မူရင်းရွှေချောင်းနှစ်ချောင်းမဟုတ်သည့်အပြင် မူရင်းရွှေချောင်းမှ အသွင်ပြောင်းထားသော ပစ္စည်းများလည်းမဟုတ်ကြောင်း ပေါ်လွင်သည့်အပြင် မူရင်းရွှေချောင်းကို ရောင်းရသောငွေနှင့် ဝယ်ယူထားသောပစ္စည်းများဖြစ်သည်ဟုလည်း ပေါ်ပေါက်ခြင်းမရှိကြောင်း အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

ရွှေဆွဲကြိုးအခိုးခံရသောအမှုတွင် ရွှေဆွဲကြိုးသည်လည်းကောင်း၊ ရွှေဆွဲကြိုးအား အရည်ကျိုထားသော ရွှေခဲသည်လည်းကောင်း၊ ခိုးရာပါပစ္စည်းနှင့် ခိုးရာပါပစ္စည်းမှအသွင်ပြောင်းထားသောပစ္စည်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၁၀ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ ၏ ရှင်းလင်းချက်အရ တရားရုံးက စီမံခန့်ခွဲနိုင်သော်လည်း ခိုးရာပါပစ္စည်းရွှေချောင်းကို လက်ဝတ်လက်စားပြုလုပ်ပြီး ရောင်းချရငွေများမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၁၀ ပါ ခိုးရာပါပစ္စည်းမဟုတ်ကြောင်း **ခိုးရာပါပစ္စည်းမှ အခြားပစ္စည်းအဖြစ်သို့ ပြောင်းလဲသွားလျှင် ခိုးရာပါပစ္စည်းမဟုတ်တော့၍ တရားရုံးမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၇ အရ စီမံခန့်ခွဲခွင့်မရှိတော့ကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးကျော်လင်း အမှု ၁၉၆၅ ခုနှစ်၊ မတစ (ရုံးချုပ်)စာ-၃၁၇ တွင် အကျယ်တဝင့် ဆုံးဖြတ်လမ်းညွှန်ထားကြောင်း၊ တရားခံပြစ်မှုထင်ရှားစီရင်ခံရသည့်အတွက် ပစ္စည်းကို တရားလိုသို့ အစဉ်သဖြင့် ပြန်ပေးရန်သင့်သည်ဟူသော ယေဘုယျကောက်ချက်မှာ မှားယွင်းကြောင်း အထူးအယူခံခုံရုံးက အတိအလင်းဆုံးဖြတ်ခဲ့သည်။**

သို့ဖြစ်ရာ ခိုးရာပါပစ္စည်းမဟုတ်သည့်အခြေအနေတွင် ခိုးရာပါပစ္စည်းအဖြစ် လက်ခံစဉ်းစားခြင်းမပြုနိုင်သောကြောင့် မူလအမှုစစ်တရားရုံးက ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့သော ဦးအောင်ဆန်းဝင်းနှင့် ဦးသိန်းဝင်းတို့အား ပြန်လည်ပေးအပ်ခဲ့ခြင်းမှာ တရားဥပဒေတိမ်းစောင်းလောက်အောင် မှားယွင်းမှုမရှိကြောင်း၊ တရားရုံးချုပ်ကလည်း အတည်ပြုပြီးဖြစ်၍ ထိုသို့ချွတ်ချော်တိမ်းစောင်းမှုမရှိလျှင် အထက်တရားရုံးက ဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း ဦးကံသာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်(ဒေါ်ကြည်) အမှု ၁၉၈၃ ခုနှစ်၊ မတစ စာ-၇၃ တွင် လမ်းညွှန်ထားသည်ကို အထူးအယူခံခုံရုံးက ရည်ညွှန်းခဲ့သည်။

ထို့ကြောင့် သက်သေခံပစ္စည်းရွှေဝါတံဆိပ်ပါ အလေးချိန် ၇ ကျပ် ၂ ရွေးသား မီးလင်းရွှေတုံးတစ်တုံးအား အပ်နှံသူ ဦးအောင်ဆန်းဝင်းသို့လည်းကောင်း၊ ကျန်ရွှေထည်ပစ္စည်းများကို အပ်နှံသူ ဦးသိန်းဝင်းသို့လည်းကောင်း ပြန်လည်ပေးအပ်စေရန် ချမှတ်ထားသော စဥ့်ကူးမြို့နယ်တရားရုံးနှင့် ၎င်းအမိန့်ကို အတည်ပြုသော မန္တလေးတိုင်းတရားရုံး(ပြင်ဦးလွင်ခရိုင်)၏ အမိန့်နှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်အပေါ် တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်သဖြင့် အထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

တစ်ခါက ရွှေဆိုင်ပိုင်ရှင်များသည် အရှည်အရှည်မဖြစ်ချင်တော့၍ ရွှေအရည်အသွေးနည်းပါးသော ရွှေအတုံးအခဲများကို အသင့်ပြုလုပ်ထားပြီး ပေးအပ်ခဲ့ကြဖူးသည်။ ဤစီရင်ထုံးကို ဖတ်ရှုလေ့လာပြီးနောက် တရားခံတစ်ဦးက လာရောက်ရောင်းချသည်ကို ဝယ်ယူမိသည့်တိုင် ၎င်းပစ္စည်းကို ပြန်လည်ရောင်းချခဲ့ပြီးဖြစ်ပါက အမှုဖြင့်လာရောက်သိမ်းဆည်းခံရပါလျှင် သက်သေခံပစ္စည်းဖြစ်သည်ဟု အလွယ်တကူ မမှတ်ယူသင့်ကြောင်း ဆင်ခြင်သုံးသပ်နိုင်ကြရန် တင်ပြလိုက်ရပါသည်။

ဦးဘုန်းရှင်ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၄ ၁၉၉၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ်-၂၁ (မန္တလေး)စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိ



**မော်လမြိုင်ကျွန်း ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မော်လမြိုင်ကျွန်းမြို့ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့် မေလက ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိသာဈေးရရှိခဲ့ပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ငါးရှဉ့်များ ဈေးကောင်းရရှိလာခြင်းသည် ပြည်တွင်းမှငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့သည့်လုပ်ငန်းရှင်များ ပြန်လည်လုပ်ကိုင်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခုလ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ ဈေးသိသိသာသာကို ကောင်းလာတာ။ အရင်က ရပ်ထားခဲ့တဲ့ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပကငါးရှဉ့်ကို ဈေးကောင်းပေးဝယ်လာတာကြောင့် ငါးရှဉ့်ဈေးကောင်းလာတာပါ။ လက်ရှိပေါက်နေတဲ့ ငါးရှဉ့်ဈေးက ငါးရှဉ့်လုပ်ငန်းလုပ်ကိုင်သူတွေအတွက် အခွင့်အရေးတစ်ရပ် ဖြစ်စေပါတယ်။ အခုဒေသကနေ ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့် ဈေးကောင်းရလာတော့ ကာလရှည် အခက်အခဲရှိနေတဲ့ ငါးရှဉ့်လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့ရှိ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ပြည်တွင်းရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ဘားအံမြို့နယ် ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက် ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ဘားအံ ဇွန် ၂၇**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားအံမြို့နယ် ခြံကလေးကျေးရွာ၌ ခြံကလေး-သမင်ကုန်းကျေးရွာချင်းဆက် ကုန်ထုတ်တံတားတည်ဆောက်နေမှုလုပ်ငန်းအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ခြံကလေးကျေးရွာ၌ ကျေးရွာချင်းဆက် ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်ခင်ဇာဝင့်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ကျေးရွာမှတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ခြံကလေးကျေးရွာ၌ အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၀ ပေရှိ ကွန်ကရစ် ကုန်ထုတ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၆၄ သန်းဖြင့် ခနတိုးပွားကုမ္ပဏီက ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ခြံကလေးကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေဒေသခံတောင်သူများ၏ သွားလာရေးများ အဆင်ပြေချောမွေ့လာမည့်အပြင် စိုက်ဧက ၃၀၀ မှ ထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်သို့ လျင်မြန်လွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဘိုဘို**



## ရွှေကူမြို့နယ် ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက်ကွန်ကရစ်တံတားတည်ဆောက်နေမှု စစ်ဆေး

**ရွှေကူ ဇွန် ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ပန်းတင်-မြိုင်သာ-လမ်းကူး-ခေါလဲ-တာလီ-စင်းဖုတ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၅ သန်းဖြင့် ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ လုပ်ငန်းပြီးစီးပါက ပန်းတင်၊ မြိုင်သာ၊ လမ်းကူး၊ ခေါလဲ၊ တာလီ၊ စင်းဖုတ် ကျေးရွာခြောက်ရွာတို့မှ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမည့်အပြင် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## လဲချားမြို့နယ်တွင် ပန်းကြယ်သီးထိုးနည်း သင်တန်းဆင်းပွဲကျင်းပ

**လဲချား ဇွန် ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းကြယ်သီးထိုးနည်းသင်တန်းဆင်းပွဲကို ဇွန် ၂၆ ရက် နံနက်ပိုင်းက အဆိုပါ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပို့ချပေးခဲ့သော ပန်းကြယ်သီးပြုလုပ်နည်းဆိုင်ရာ အသိပညာဗဟုသုတများကို လက်တွေ့အသုံးချပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားစေလိုကြောင်း၊ မိမိတို့ကျေးရွာရှိ ကျေးရွာပြည်သူလူထုကိုလည်း ဆင့်ပွားမျှဝေပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လဲချားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးမြင့်ဝေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းမှ သင်ကြားပေးခဲ့သည့် ပန်းကြယ်သီးများကိုလည်းကောင်း၊ ဆုရရှိသည့် သင်တန်းသူများထံ ဂုဏ်ပြုဆုများကိုလည်းကောင်း အသီးသီးပေးအပ်သည်။

အဆိုပါသင်တန်းသို့ လဲချားမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူစုစုပေါင်းဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ပန်းကြယ်သီးပြုလုပ်နည်းအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၉ ရက်မှ ၂၆ ရက်ထိ ၁၈ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ လဲချားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးသူ**

## ဆင်ပေါင်ဝဲမြို့နယ်၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဆင်ပေါင်ဝဲ ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်မည့် ချောင်းကောက်ကျေးရွာအုပ်စု အင်းပက်လက်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်းပက်လက်ကျေးရွာကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာ၏ ပကတိလိုအပ်ချက်များ ဖော်ထုတ်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျထံမှ သိရသည်။

**ကျော်ဦး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အင်ဒို-ပစိဖိတ်ဒေသတွင် အင်အားတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသော ဖိလစ်ပိုင်

ယခုနှစ် ဇွန် ၃ ရက်တွင် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန်၊ ဂျပန်၊ ဩစတြေးလျနိုင်ငံတို့မှ ကာကွယ်ရေးဝန်ကြီးများသည် လေးနိုင်ငံဝန်ကြီးများအစည်းအဝေး ပြုလုပ်ခဲ့ပြီး လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဖြစ်ပေါ်လာရေးအတွက် အခိုင်အမာဆုံးဖြတ်ထားကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ၎င်းတို့လေးနိုင်ငံအနေဖြင့် Quad အသစ်ထပ်မံဖွဲ့စည်းသွားမလားဆိုသောအချက်မှာ မသေချာသေးသော်လည်း ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အင်ဒို-ပစိဖိတ်ဒေသတွင် အင်အားကြီးနိုင်ငံဖြစ်လာရေးအတွက် ၎င်း၏အမျိုးသားစွမ်းအားတန်ဖိုးမြှင့်တင်သွားမည် နောက်ဆုံးကြိုးပမ်းချက်ပင်ဖြစ်သည်။

ဖိလစ်ပိုင်၏လုံခြုံရေးဆိုင်ရာ အကြီးမားဆုံးသော စိုးရိမ်ပူပန်မှုသည် ဖိလစ်ပိုင်အနောက်ပင်လယ်ဟု သိရှိထားသည့် တောင်တရုတ်ပင်လယ်အကျပ်အတည်းပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ GDP သည် ဖိလစ်ပိုင်ထက် ၃ ဒသမ ၅ ဆခန့် ပိုမိုလျက်ရှိသည်။ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ ၁ ဒသမ ၁၅ ရာခိုင်နှုန်းခန့်သုံးစွဲခဲ့သော်လည်း တရုတ်နိုင်ငံသည် GDP ၏ ၁ ဒသမ ၇ ရာခိုင်နှုန်းထိ သုံးစွဲခဲ့သည်။ ပင်လယ်ရေကြောင်းစွမ်းအားမှာလည်း များစွာကွာခြားလျက်ရှိသည်။ တရုတ်ရေတပ်သည် ရေငုပ်သင်္ဘော ၅၉ စီးနှင့် ရေပြင်သွားတိုက်ရေယာဉ် ၉၂ စီးရှိသည်။ တရုတ်၏ရေတပ်နှင့်ကမ်းခြေစောင့်တပ်ဖွဲ့သည် ကင်းလှည့်နှင့်ကမ်းခြေစောင့်တိုက်ခိုက်ရေးစစ်ရေယာဉ်အစီးရေ ၇၀၀ ခန့်ရှိသည်။ ထို့ပြင် ပင်လယ်ရေကြောင်းဆိုင်ရာ ပြည်သူ့စစ်တပ်ဖွဲ့တွင်လည်း စစ်ရေယာဉ်အစီးရေ ၄၀၀ ခန့်ရှိနေသည်။ သို့သော် ဖိလစ်ပိုင်တွင် ဖရီးဂိတ်နှစ်စီးနှင့် ကမ်းခြေစောင့်စစ်ရေယာဉ် ၁၂၅ စီးသာ ပိုင်ဆိုင်ထားရှိသည်။

ထို့ကြောင့် ဖိလစ်ပိုင်သည် အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့ထံမှ စစ်ရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများရရှိစေရန် ၎င်း၏မဟာဗျူဟာမြောက်အနေအထားကို အသုံးချလျက်ရှိသည်။ ဖိလစ်ပိုင်သည် ယခင်ကကဲ့သို့ ပြည်ပအကူအညီ လက်ခံရုံသက်သက်မဟုတ်တော့ဘဲ အင်ဒို-ပစိဖိတ်ဒေသတွင် ၎င်း၏အကျိုးစီးပွားများ ကာကွယ်ရေးအတွက် စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းတစ်ရပ်တည်ဆောက်သွားရေးအတွက် အဆင့်တူမိတ်ဖက်နိုင်ငံများရှာဖွေလျက်ရှိသည်။

ဖိလစ်ပိုင်၏ အဓိကမဟာဗျူဟာသည် စစ်ပွဲဆိုင်ရာသမိုင်းကြောင်းမျှဝေခြင်း၊ ပြည်သူ့အချင်းချင်းချစ်ကြည်ရင်းနှီးမှုခိုင်မာအောင် တည်ဆောက်ခြင်းအားဖြင့် အမေရိကန်နှင့် မဟာမိတ်တည်ဆောက်သွားရန် ဖြစ်သည်။ နှစ်နိုင်ငံသည် တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတို့တွင် စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းတစ်ရပ်ထိန်းသိမ်းထားနိုင်ရန် မဟာဗျူဟာမြောက်ဦးတည်ချက်များကို မျှဝေသွားမည်ဖြစ်သည်။

ထို့ပြင် အမေရိကန်သည် ကိုယ်ပိုင်ရပ်တည်နိုင်ရေး ဖိလစ်ပိုင်နိုင်ငံ၏ စွမ်းဆောင်ရေးကို အာမခံချက်ပေးထားသည့် အပြန်အလှန်ကာကွယ်ရေးစာချုပ် (MDT)ကိုလည်း လက်မှတ်ရေးထိုးထားရှိသည်။ ယခင်က ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်မှစစ်ရေးအကူအညီများရရှိရေးအတွက် အပြန်အလှန်အားဖြင့် ၎င်း၏စစ်အခြေစိုက်စခန်းများ အသုံးပြုခွင့်ပေးခဲ့ရသည်။ ဖိလစ်ပိုင်သည် အမေရိကန်တပ်ဖွဲ့များ၏ ပြစ်မှုကျူးလွန်မှုများကိုသည်းခံခဲ့ရပြီး အမေရိကန်အနေဖြင့်လည်း ဖာဒီနန်မားကို့စ်စီနီယာ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မသိကျိုးကျွံပြုပေးခဲ့သည်။ လက်ရှိအချိန်တွင် မဟာမိတ်ဖွဲ့မှုကိုသာ တူညီမျှပုံစံဖြင့် ပြုပြင်ပြောင်းလဲဖော်ဆောင်လာခဲ့သည်။

မေလအတွင်းကလည်း နှစ်နိုင်ငံသည် အပြန်အလှန်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ မဟာမိတ်ညှိနှိုင်းမှုနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ဖိလစ်ပိုင်စစ်ဘက်ကို ခေတ်မီအောင်တည်ဆောက်ရာတွင် အထောက်အကူပြုရန်နှင့် သတင်းအချက်အလက် မျှဝေမှုတိုးချဲ့ရန် ညွှန်ကြားချက်များကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ပစိဖိတ်သမုဒ္ဒရာနှင့် တောင်တရုတ်ပင်လယ်တို့တွင် ဖိလစ်ပိုင်တပ်ဖွဲ့များ၊ ကမ်းခြေစောင့်တပ်ဖွဲ့၊ လေယာဉ် သို့မဟုတ် ပြည်သူ့ပိုင်ရေယာဉ်များကို တိုက်ခိုက်မှုမှန်သမျှကို MDT နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၌ ဖော်ပြထားသည်။

အခြားသော ပြုပြင်ပြောင်းလဲမှုအနေဖြင့် ဖိလစ်ပိုင်နှင့်အမေရိကန်တို့သည် မဟာမိတ်ဖွဲ့မှုကိုလုံခြုံရေးအပြင် မဟာဗျူဟာမြောက် အခြားသော ဦးစားပေးလုပ်ငန်းများကိုလည်း ဖြေရှင်းသွားရန်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ မေလအတွင်းက ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် အမေရိကန်သို့တရားဝင်သွားရောက်လည်ပတ်သည့်ခရီးစဉ်အတွင်း ကုန်သွယ်မှု၊ ဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံတို့ လွှမ်းခြုံပါဝင်သည့် စီးပွားရေးလုပ်ငန်းစဉ်များမူကြမ်းကိုလည်း အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့်အတူ ထုတ်ပြန်ကြေညာခဲ့သည်။ သမ္မတနှစ်ဦးအနေဖြင့် ပြည်သူ့အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေး၊ အလုပ်သမားအခွင့်အရေးများ၊ ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်အစားထိုး သုံးစွဲရေးအပြင် ကျန်းမာရေးစောင့်ရှောက်မှုတို့နှင့် ဆက်နွယ်သောလုပ်ငန်းများကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ဖိလစ်ပိုင်နှင့် အမေရိကန်တို့သည် ၂၀၁၄ ခုနှစ်တွင် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရေးသဘောတူညီချက် (EDCA) ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်အရ အမေရိကန်သည် ဖိလစ်ပိုင်စစ်အခြေစိုက်စခန်းငါးခု၌ တပ်ဖြန့်ချထားခွင့်ရရှိခဲ့သည်။ စင်စစ်အားဖြင့် စစ်အခြေစိုက်စခန်းများသည် မဟာမိတ်ဖွဲ့ထားမှု၏ အဓိကအစိတ်အပိုင်းပင်ဖြစ်သည်။ ၂၀၂၃ ခုနှစ်အတွင်း နှစ်နိုင်ငံသည် EDCA စခန်းများကို ကိုးခုထိ တိုးချဲ့သွားမည်ဖြစ်ပြီး ဘိုင်ဒင်အစိုးရအဖွဲ့သည် ယခုဘဏ္ဍာနှစ်ကုန်တွင် ဖိလစ်ပိုင်သို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အမေရိကန်၏မဟာမိတ်များဖြစ်သည့် ဂျပန်၊ ဩစတြေးလျနိုင်ငံတို့နှင့်လည်း နှစ်နိုင်ငံနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရန်စူးစမ်းလေ့လာလျက်ရှိသည်။ ဂျပန်နှင့်ဩစတြေးလျတို့အနေဖြင့်လည်း ၎င်းတို့၏ အင်ဒို-ပစိဖိတ်မဟာဗျူဟာကို ဖိလစ်ပိုင်၏ ပံ့ပိုးကူညီနိုင်မှုအပေါ် မူတည်၍ အသိအမှတ်ပြုသွားမည်ဖြစ်သည်။

ဩစတြေးလျသည် ဖိလစ်ပိုင်၏အနီးစပ်ဆုံးလုံခြုံရေးမိတ်ဖက်များအနက်မှ တစ်နိုင်ငံပင်ဖြစ်ပြီး ဖိလစ်ပိုင်သို့ တပ်ဖွဲ့ဝင်များ လာရောက်လည်ပတ်ခွင့်အတွက် သဘောတူညီခွင့်လည်းရရှိထားသည်။ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံသည် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရေးအစီအစဉ်မှတစ်ဆင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နက်ရှိုင်းအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံစလုံးတွင် ဖိလစ်ပိုင်တပ်ဖွဲ့များအတွက် လေ့ကျင့်ရန်အခွင့်အလမ်းများရရှိမည်ဖြစ်သည်။ ဩစတြေးလျသည် တိုင်ဖွန်းယိုလန်ဒါတိုက်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများတွင် အကူအညီပေးခြင်းနှင့် မာရာဝီတိုက်ပွဲကာလအတွင်း ထောက်လှမ်းရေးသတင်းအချက်အလက်များ မျှဝေပေးခြင်းအားဖြင့် ဖိလစ်ပိုင်နိုင်ငံကို လုံခြုံရေးဆိုင်ရာမိတ်ဖက်အဖြစ် သဘောထားလျက်ရှိသည်။



ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘန်နိစ်နှင့် သမ္မတမားကို့စ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး အဆင့်တိုးမြှင့်သွားရန် ၂၀၂၂ ခုနှစ်အတွင်း သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံသည် နှစ်စဉ်အစည်းအဝေးတစ်ခု ပြုလုပ်ခြင်းအားဖြင့် ကာကွယ်ရေးဆိုင်ရာဆက်ဆံရေးပုံမှန်အခြေအနေဖြစ်စေရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် သဘောတူညီခဲ့ကြသည်။ ထို့ပြင် မေလအတွင်းကလည်း ဘိုင်ဒင်နှင့် မားကို့စ်တို့သည် ဩစတြေးလျ၊ ဂျပန်တို့နှင့် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်သွားရန်ဆန္ဒရှိကြောင်း ပူးတွဲထုတ်ပြန်ကြေညာခဲ့သည်။

ဂျပန်နှင့်ဖိလစ်ပိုင်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုမှာလည်းတိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ယခုလအတွင်း ဖိလစ်ပိုင်၊ ဂျပန်နှင့် အမေရိကန်တို့သည် ပထမဆုံးသော သုံးနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ရာ ဩစတြေးလျနိုင်ငံသည် လေ့လာသူအဖြစ်တက်ရောက်ခဲ့သည်။ ဇွန် ၂၃ ရက်တွင် အဆိုပါသုံးနိုင်ငံမှ အမျိုးသားလုံခြုံရေးအကြံပေးများသည် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေးအတွက် အမြင်ချင်းဖလှယ်ခဲ့သည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဂျပန်သို့ မားကို့စ်၏တရားဝင်ချစ်ကြည်ရေးခရီးစဉ်ပြီးနောက် ဖိလစ်ပိုင်-ဂျပန်ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းလာခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံသည် လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာရေးလုပ်ငန်းများတွင် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများအပါအဝင် သဘောတူညီချက် ခုနစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်ကဲ့သို့ပင် ဖိလစ်ပိုင်နှင့်ဂျပန်နိုင်ငံ၏ ဆက်ဆံရေးသည်လည်း လုံခြုံရေးနယ်ပယ်မှသည် အခြားသောဦးစားပေးလုပ်ငန်းများ ဖြေရှင်းရေးထိ ကျယ်ပြန့်လာခဲ့သည်။ ၎င်းတို့နှစ်နိုင်ငံသည် အခြေခံအဆောက်အအုံ၊ စိုက်ပျိုးရေး၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာများတွင် သဘောတူညီချက်လက်မှတ်များရေးထိုးခဲ့သည်။ ဂျပန်နိုင်ငံသည် ဖိလစ်ပိုင်၏ အဓိကလှူဒါန်းပံ့ပိုးသူဖြစ်ပြီး အမေရိကန်ထက် ၁၀ ဆခန့် ပိုမိုပံ့ပိုးလှူဒါန်းထားရှိသည်။

ဩစတြေးလျနိုင်ငံသည် ဒရုန်းများ၊ လေ့ကျင့်ရေးနှင့် အခြားသောနည်းပညာများ လှူဒါန်းပံ့ပိုးခြင်းအားဖြင့် ဖိလစ်ပိုင်၏ပင်လယ်ရေကြောင်းလုံခြုံရေးတိုးတက်ရန် ပံ့ပိုးကူညီလျက်ရှိသည်။ အမေရိကန်သည် ဖိလစ်ပိုင်ကို အမေရိကန်ဒေါ်လာ ၁ ဘီလီယံတန်ဖိုးရှိသော လက်နက်များတင်ပို့ရောင်းချထားပြီး ပြည်ပစစ်ရေးအထောက်အပံ့အနေဖြင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထပ်မံကူညီပေးသွားမည်ဖြစ်သည်။ ယခုနှစ် ဧပြီလအတွင်းကပြုလုပ်ခဲ့သော အမေရိကန်-ဖိလစ်ပိုင် နှစ်နိုင်ငံ နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၌ လုံခြုံရေးကဏ္ဍပံ့ပိုးကူညီမှုလမ်းပြမြေပုံ ချမှတ်နိုင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်ကတည်းက ဖိလစ်ပိုင်သည် လေယာဉ်၊ ရေတပ်နှင့်ကမ်းခြေစောင့်စစ်ရေယာဉ်များ အပါအဝင် NATO အဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ ဩစတြေးလျနှင့်တောင်ကိုရီးယားနိုင်ငံတို့မှ လက်နက် ၇၀ ရာခိုင်နှုန်းခန့်ဝယ်ယူထားရှိပြီးဖြစ်သည်။ ထိုသို့ဝယ်ယူခြင်းအားဖြင့် ဖိလစ်ပိုင်ကို အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေလျက်ရှိသည်။ သာဓကအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်စေရန် ၎င်း၏စစ်သုံးပစ္စည်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ဖိလစ်ပိုင်၊ အမေရိကန်၊ ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့သည် ပြည်ပစစ်ရေးစွမ်းအား တည်ဆောက်မှုအပြင် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းနှင့် ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသားစွမ်းအားမြှင့်မားရေးနှင့် အင်ဒို-ပစိဖိတ်ဒေသတွင် တူညီသောမိတ်ဖက်အဖြစ်ရပ်တည်နိုင်ရေးအတွက် မဟာဗျူဟာမြောက်ဆက်ဆံရေးကို နက်ရှိုင်းအောင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကွန်ရက်အဖွဲ့သည် အင်ဒို-ပစိဖိတ်ဒေသ၏ မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ကို ထူထောင်နိုင်မည်ဖြစ်သော်လည်း ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်နှင့် အမေရိကန်တို့ကြား ဖွဲ့စည်းထားသည့် လေးနိုင်ငံလုံခြုံရေးအဖွဲ့ (Quad)ကို အစားထိုးသွားမည်မဟုတ်ချေ။ ဖိလစ်ပိုင်နှင့် ကွန်ရက်တည်ဆောက်မှုသည် Quad နှင့်မတူကွဲပြားလျက်ရှိသည်။ လက်ရှိလေးနိုင်ငံ မဟာမိတ်အဖွဲ့သည် ဆွေးနွေးညှိနှိုင်းမှုအန္တရာယ်ဖြစ်သည့်အပြင် အမေရိကန်နှင့် ၎င်း၏မဟာမိတ်သုံးနိုင်ငံသည် အင်အားချည့်နဲ့သောနိုင်ငံကို အင်အားတောင့်တင်းခိုင်မာအောင် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ ၎င်းကွန်ရက်သည် စစ်ဘက်အဆင့်မြှင့်တင်ခြင်း၊ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်ခြင်း၊ အခြားသော နယ်ပယ်များတွင် ချစ်ကြည်ရင်းနှီးမှုများအလေးထား ဆောင်ရွက်လျက်ရှိသောကြောင့် ငြိမ်းချမ်းချိန်နှင့် ပဋိပက္ခဖြစ်ပွားချိန်များတွင် သိသာထင်ရှားသော အောင်မြင်မှုများ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ဖိလစ်ပိုင်သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသတွင် အရှေ့တောင်အာရှ၏ လိုအပ်ချက်ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်သည်။

**ကိုးကား**

- **The Philippines Is Leveraging Its Strategic Value to Become an Indo-Pacific Power by The Diplomat**

**ဝင်းဇင်(သုတေသန)**

# ရွှေအိုးထမ်းလာနေသူ ကလေးများ

## ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာစကားပုံမှာ သားရွှေအိုးထမ်းဆိုတဲ့စကားပုံတစ်ခုရှိပါတယ်။ ဒီစကားပုံဟာ တကယ်တော့ ဗုဒ္ဓမြတ်စွာရဲ့ ဇာတ်တော်ကြီး ၁၀ ဘွဲ့ထဲက သုဝဏ္ဏသာမဇာတ်တော်ကလာတဲ့ စကားပုံဖြစ်ပါတယ်။ မိမိလဲ မျက်စိအလင်းရ၊ သားလဲအသက်ရှင်ကာ ရွှေအိုးရသည်ကိန်းဆိုက်သကဲ့သို့ လုပ်ငန်းနှစ်ခု ဆက်စပ်ကာ တစ်ပြိုင်တည်း အကျိုးဖြစ်ထွန်းတာကို ဆိုလိုတာဖြစ်ပါတယ်။ သားသမီးကို မချစ်တဲ့မိဘမရှိပါဘူး။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိပေမဲ့ သားဆိုး၊ သမီးဆိုးတွေကိုတော့ ဘယ်မိဘကမှ ပစ်ရိုးထုံးစံမရှိခဲ့ပါဘူး။

မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှာ နိုင်ငံရေးအပြောင်းအလဲတစ်ခုဖြစ်ခဲ့ပါတယ်။ အပြောင်းအလဲမဖြစ်ခင်ကတည်းက ရည်ရွယ်ချက်ရှိရှိနဲ့ တပ်မတော်ပြိုကွဲရေးကို တစိုက်မတ်မတ်လုပ်ဆောင်လာခဲ့တာကြာနေပါပြီ။ ပြောပါများတော့ နားယောင်ဆိုတဲ့အတိုင်း လူငယ်တွေကလွယ်လွယ်ကူကူ နားယောင်တတ်ကြပါတယ်။ လူငယ်တွေမှမဟုတ်ပါဘူး။ မျှမျှတတဘက်လိုက်မှုကင်းကင်းနဲ့ ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ခြင်းမရှိတဲ့ အချို့ လူရွယ်၊ လူကြီးတွေလဲအတူတူပါပဲ။ ဥသျှစ်ပင်အောက်မှာအိပ်နေတဲ့ ယုန်တစ်ကောင်ဟာ ဥသျှစ်သီးကြွေကာမြေပေါ်ကျလာတဲ့ အသံကိုကြားတာနဲ့ မြေပြိုပြီဆိုပြီး အော်ဟစ်ထွက်ပြေးတာကို ဆင်ခြင်ဉာဏ်ကင်းတဲ့သတ္တဝါတွေ ယုံကြည်မှားသလိုပါပဲ။ တပ်မတော်က အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အာဏာကို ထိန်းရတာ။ ထိန်းရတဲ့အကြောင်းအရာ ခိုင်ခိုင်မာမာရှိနေတာ။ ဒါတွေကိုမသိဘဲ ကောလာဟလတွေ အမျိုးမျိုးထုတ်လွှင့်ပြီး လူငယ်၊ လူရွယ်တွေကို လမ်းမှားရောက်သွားအောင် အဖျက်သမားတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ကြပါတယ်။

ဘယ်မိဘကမှ မိမိတို့ရဲ့သားသမီးတွေကို ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း တောကြီးမျက်မည်းထဲမှာ နေတာကိုကြိုက်မှာမဟုတ်ပါဘူး။ အထူးသဖြင့် သမီးမိန်းကလေးမွေးထားတဲ့ မိဘတွေက ပူပန်သောက ပိုလို့များပြားမှာပါပဲ။ သွေးထိုးလှုံ့ဆော်လိုက်တဲ့သူတွေက မြို့ကြီးပြကြီးတွေ၊ ပြည်ပနိုင်ငံတွေမှာ မျောက်ပြဆန်တောင်းလို့ရတဲ့ ငွေတွေနဲ့ ဇိမ်ကျကျနေတဲ့အချိန်မှာ မသိနားမလည်တဲ့ လူငယ်၊ လူရွယ်တွေကတော့ ထမင်းငတ်၊ ဟင်းပြတ်နဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ လက်အောက်မှာဖြစ်သလိုနေ၊ ဖြစ်သလိုစားနေရတဲ့ဘဝ။ ဒါ့ကြောင့်လဲ မိဘတွေရဲ့ပူပန်သောကကို ဖြေဖျောက်ပေးဖို့အတွက် နိုင်ငံတော်အစိုးရက ထုတ်ပြန်ချက်တွေအများကြီးထုတ်ပြန်ပြီး လမ်းမှားရောက်သူအားလုံး ပြန်လည်ခေါ်ယူပေးခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် အိမ်ကနေဆင်းသွားတဲ့သားသမီးတွေ အသိမှန်၊ အမြင်မှန်ရပြီး မိဘထံ ပြန်လာတဲ့အခါ မိဘတွေကဝမ်းသာအားရ ကြိုဆိုကြသလို ကြိုဆိုခဲ့ပါတယ်။ နောက်နောင် ဒီလိုမျိုးအမှားမလုပ်တော့ပါဘူး ဝန်ခံကတိပြုစေပြီး လုပ်ငန်းခွင်မှာ ပြန်လည်ဝင်ရောက်စေသလို ကျောင်းသားတွေလဲ ကျောင်းပြန်တက်ခွင့်ပြုခဲ့ကြပါတယ်။

ဒီလိုမျိုးလမ်းမှားရောက်နေတဲ့သူတွေ လမ်းမှားပြန်ရောက်သွားတဲ့မလိုလားတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေဟာ နည်းမျိုးစုံအကြောက်တရားနဲ့ လွှမ်းမိုးပြီး ဥပဒေဘောင်အတွင်း ပြန်ရောက်မသွားအောင် ထိန်းချုပ်ကြပြန်ပါတယ်။ သားသမီးတွေ ပြန်လာလို့ ဝမ်းသာအားရဖြစ်ကြရတဲ့မိဘတွေ ရှိနေကြသလို မိမိတို့ သားသမီးတွေပြန်မလာသေးလို့ စိတ်သောကရောက်နေကြရတဲ့မိဘတွေလဲ ရှိနေပါသေးတယ်။ အချို့က ငွေကြေးအခက်အခဲတွေရှိနေတယ်။ တကယ်လို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ရင် ၎င်းတို့ရဲ့ စားဝတ်နေရေးအခက်အခဲကို တွေးကြောက်နေသူတွေလဲ ရှိနေပါတယ်။

ဒီတစ်ခါမှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ သားရွှေအိုးထမ်းလာတာမျိုး မြင်တွေ့လိုတဲ့ မိဘပြည်သူတွေအတွက် ထူးထူးခြားခြား သတင်းတစ်ခုကိုထုတ်ပြန်ပေးခဲ့ပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်းဆိုပြီး သတင်းစာတွေမှာ ထင်ထင်ရှားရှားဖော်ပြပေးထားသလို ရုပ်မြင်သံကြား သတင်းတွေမှာလဲ ထုတ်လွှင့်ပေးခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နေတာဖြစ်ပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၁၂)ရပ်နဲ့ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။

**❖ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတွေအနေနဲ့ နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တွေ၊ တပ်စခန်းတွေနဲ့ ရဲစခန်းတို့သို့ ဆက်သွယ်သတင်းပို့ပြီး ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်ထားတာဟာဖြင့် နိုင်ငံတော်အစိုးရရဲ့ ကြီးမားတဲ့မေတ္တာ၊ စေတနာ၊ မှန်ကန်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်၊ လူရွယ်တွေဟာ အခုဆိုရင်ဥပဒေဘောင်အတွင်း ဝင်ရောက်လာနေကြပါပြီ။ နိုင်ငံတော်အစိုးရအနေနဲ့ သတ်မှတ်ထားတဲ့ ဆုကြေးငွေကို သတ်မှတ်နှုန်းထားအတိုင်းပေးနေတဲ့ အပြင် သီးခြားထောက်ပံ့ငွေနဲ့ ပစ္စည်းတွေလဲ ပေးအပ်နေပါတယ်။ ❖**

ဒီလိုဆောင်ရွက်နေချိန်မှာ ပြည်သူလူထုကိုနိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီးအလုံးစုံပျက်သုဉ်းရေးကိုဦးတည်ဆောင်ရွက်နေတဲ့ CRPH၊ NUGနဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက အပြစ်မဲ့ပြည်သူတွေကို အကြောက်တရားနဲ့ ဝါဒမှိုင်းတိုက်ကာ သူတို့ရဲ့အကြမ်းဖက်အဖွဲ့များသို့ ဝင်ရောက်စေခြင်း၊ လက်နက်ကိုင်အဖွဲ့တွေရှိတဲ့နေရာစေလွှတ်ပြီး ဖောက်ခွဲဖျက်ဆီးရေးသင်တန်းတက်စေခြင်းတို့ လုပ်ဆောင်စေပြီး လက်နက်ကိုင်အကြမ်းဖက်သတ်ဖြတ်မှုတွေ လုပ်ဆောင်စေခဲ့ပါတယ်။ သံဃာတော်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အပြစ်မဲ့ပြည်သူတွေ အမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဟန့်အတားဖြစ်ပေါ်စေခဲ့ပါတယ်။

ဒါ့ကြောင့် အကြောင်းအမျိုးမျိုးကြောင့် အကြမ်းဖက်အဖွဲ့အတွင်းရောက်နေသူတွေ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးမှာပါဝင်ဖို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ဖို့ ဖိတ်ခေါ်ခဲ့တာဖြစ်ပါတယ်။ ပြန်လည်ဝင်ရောက်လာသူတွေအနေနဲ့ လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှု စတဲ့ပြစ်မှုတစ်ခုခုကျူးလွန်ထားသူဖြစ်ခဲ့ရင် ဥပဒေအရ တရားရုံးမှာအမှုရင်ဆိုင်ရမှာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ ပြစ်မှုအတိုင်းအတာအပေါ် မူတည်၍ ဥပဒေကြောင်းအရ လိုအပ်တဲ့ဖြေလျှော့မှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်တဲ့ကူညီပံ့ပိုးမှုတွေဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဒါ့ပြင် ရိုင်ဖယ်အုပ်စုဝင် သေနတ်တစ်လက် ပါရှိပါက ငွေကျပ် သိန်း ၅၀၊ ပစ္စတိုအုပ်စုဝင်သေနတ်တစ်လက်ပါရှိပါက ငွေကျပ်သိန်း ၂၀၊ ပြောင်းချောသေနတ်တစ်လက်ပါရှိပါက ငွေကျပ်သိန်း ၃၀၊ စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သောလက်နက်များတစ်လက်ပါရှိပါက ငွေကျပ် ၇၅ သိန်း၊ လက်လုပ်ပြောင်းချော သေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် တစ်လက်ပါရှိပါက ငွေကျပ် ငါးသိန်း၊ လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ငွေကျပ်သုံးသိန်း၊ လက်နက်၊ ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ(ဥပမာ-စကားပြောစက်)ပါရှိပါက ငွေကျပ် နှစ်သိန်း၊ ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone တစ်စင်းပါရှိပါက ငွေကျပ်သိန်း ၅၀၊ လက်နက်၊ ခဲယမ်းပါရှိလာသူတွေကိုလဲ ပါရှိလာတဲ့လက်နက်၊ ခဲယမ်းအမျိုးအစားအလိုက် ဆုကြေးငွေထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း ခိုင်မာစွာသတင်းထုတ်ပြန်ပေးထားပါတယ်။ ဒီသတင်းထုတ်ပြန်ချက်ကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိစေဖို့ မေ ၉ ရက်မှ ၁၆ ရက်ထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ရဲ့ သတင်းထုတ်ပြန်ဖိတ်ခေါ်ချက်ဟာ မိဘပြည်သူတွေအတွက်တော့ သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့အခြေအနေကောင်းတစ်ရပ်ဖြစ်ပါတယ်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတွေအနေနဲ့ နီးစပ်ရာခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တွေ၊ တပ်စခန်းတွေနဲ့ ရဲစခန်းတို့သို့ ဆက်သွယ်သတင်းပို့ပြီး ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်ထားတာဟာဖြင့် နိုင်ငံတော်အစိုးရရဲ့ ကြီးမားတဲ့မေတ္တာ၊ စေတနာ၊ မှန်ကန်တဲ့ဆောင်ရွက်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့် လူငယ်၊ လူရွယ်တွေဟာ အခုဆိုရင်ဥပဒေဘောင်အတွင်း ဝင်ရောက်လာနေကြပါပြီ။ နိုင်ငံတော်အစိုးရအနေနဲ့ သတ်မှတ်ထားတဲ့ဆုကြေးငွေကို သတ်မှတ်နှုန်းထားအတိုင်းပေးနေတဲ့အပြင် သီးခြားထောက်ပံ့ငွေနဲ့ပစ္စည်းတွေလဲ ပေးအပ်နေပါတယ်။ လက်တွေ့ကျကျသတင်းတွေကို ဖော်ပြရမယ်ဆိုရင် အများကြီးရှိပါတယ်။ နေ့စဉ်ထုတ်သတင်းစာတွေမှာလဲ ဖော်ပြပေးထားသလို ရုပ်မြင်သံကြားကလဲ ထုတ်လွှင့်ပြသပေးလျက်ရှိပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်ပြီး ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်သူတွေကို လက်ခံကြိုဆိုနေရာမှာ ဇွန် ၁၄ ရက်က မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်နဲ့ ကလေးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၁၁ ယောက်တို့က မောင်းပြန်သေနတ် ငါးလက်၊ ပစ္စတိုသေနတ်တစ်လက်နဲ့အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါတယ်။ အဲဒီလို ဝင်ရောက်လာသူတွေကို မောင်းပြန်သေနတ်ပါတဲ့ ငါးယောက်ကို တစ်ယောက်ကို ငွေကျပ် သိန်း ၅၀၊ ပစ္စတိုသေနတ်ပါလာသူတစ်ယောက်ကို ငွေကျပ် ၂၅ သိန်းနဲ့ လက်နက်မဲ့ဝင်ရောက်လာသူ ငါးယောက်ကို တစ်ယောက်ကို ငွေကျပ်သိန်း ၂၀ ပေးခဲ့ပါတယ်။ ဝန်ခံကတိလက်မှတ်ရေးစေပြီး သူတို့ရဲ့မိဘအုပ်ထိန်းသူတွေထံ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

နိုင်ငံတော်အစိုးရက သတင်းထုတ်ပြန်ထားတဲ့အတိုင်း လက်တွေ့ကျကျ လုပ်ဆောင်ပေးနေတဲ့အတွက် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်ဖို့ ဆန္ဒရှိနေသူတွေ များလာနေပြီဖြစ်ပါတယ်။ ကျန်ရှိနေတဲ့မိဘတွေအနေနဲ့ လမ်းမှားရောက်နေတဲ့သားသမီးတွေနဲ့ဆက်သွယ်ပြီး အမြန်ဆုံးဥပဒေဘောင်အတွင်းဝင်ရောက်ဖို့ နည်းလမ်းမျိုးစုံနဲ့ဆက်သွယ်ပြောကြားကြပါ။ ကလေးတွေကိုသိအောင်၊ နားလည်အောင်ပြောပြပြီး နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တွေ၊ တပ်စခန်းတွေ၊ ရဲစခန်းတို့သို့ အမြန်ဆက်သွယ်သတင်းပေးပို့ကြစေချင်ပါတယ်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုတဲ့အတိုင်း နောင်တစ်နေ့မှာ မိမိတို့နိုင်ငံတော်ကြီးပွားတိုးတက်ရေးအတွက် တာဝန်ယူကြရမဲ့လူငယ်တွေအနေနဲ့ အသိမှန်၊ အမြင်မှန်ရှိစေချင်ပါတယ်။ မိမိတို့နိုင်ငံမှာ မိမိတို့ကို ကာကွယ်စောင့်ရှောက်ပေးမဲ့ တပ်မတော်တစ်ရပ်အင်အားတောင့်တင်းစွာရှိနေတာကို မိမိတို့ ကျေနပ်ကြရမှာပါ။ နိုင်ငံတိုင်းမှာ တပ်မတော်တစ်ရပ်ဆိုတာ မရှိမဖြစ်တဲ့အရာပါ။ အဲဒီအရာကိုတိုက်ခိုက်နေတာဟာ မိမိတို့ရဲ့ လူမှုစီးပွားအနာဂတ်တိုးတက်ရေးကို မိမိတို့ကိုယ်တိုင်ပြန်လည်ဟန့်တားနေသလိုပါပဲ။ အခုဆိုရင် လမ်းမှားကိုရောက်နေတဲ့လူငယ်များစွာဟာ အခက်အခဲမျိုးစုံကြုံနေရပြီး အကြမ်းဖက်အဖျက်သမားတွေရဲ့ နှိပ်စက်သမျှခံနေရတဲ့ဘဝမျိုးကနေ လွတ်မြောက်ဖို့လိုပါတယ်။ ဒါဆိုရင် မိဘတွေအတွက် သားရွှေအိုးထမ်းလာတဲ့ကိန်းမျိုး မြင်တွေ့ရအောင် ဥပဒေဘောင်အတွင်း ဝင်ရောက်ကြဖို့ပဲဖြစ်ပါတယ်။

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာဆိုတဲ့စကားအတိုင်း မိမိကိုယ်တိုင်လဲ စိတ်ချမ်းသာ၊ မိဘတွေ၊ ဆွေမျိုးညီအစ်ကိုမောင်နှမတွေလဲ စိတ်ချမ်းသာဖို့ဆိုရင် လမ်းမှားကနေဥပဒေဘောင်အတွင်းနေထိုင်ခြင်းပါပဲ။ စာရေးသူ ဤဆောင်းပါးကို ရေးသားနေချိန်မှာပဲ မြန်မာ့ရုပ်မြင်သံကြားက ဆွေးနွေးခန်းတစ်ခုမှာ CDM လုပ်ခဲ့ပြီး တောထဲရောက်သွားတဲ့ ကျောင်းဆရာမတစ်ဦးကို တောထဲမှာ အကြိမ်ကြိမ်အဓမ္မပြုကျင့်ခံရတဲ့အတွက် အဲဒီဆရာမက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ အကြောင်း ပြောကြားသွားခဲ့ပါတယ်။ ဒါက အားလုံးတော်တော်များများသိပြီးဖြစ်တဲ့ သတင်းလဲဖြစ်ပါတယ်။ ဒီလိုမျိုးအဖြစ်အပျက်တွေ များစွာရှိပါတယ်။ သမီးရှင်တွေဖြစ်တဲ့မိဘတွေအတွက် တကယ့်ရင်နာစရာ၊ နာကြည်းစရာကောင်းတဲ့ မကောင်းသတင်းတွေဖြစ်ပါတယ်။ (၁၈-၆-၂၃ ရုပ်သံဆွေးနွေးခန်း)

စာရေးသူက မိဘတစ်ဦးအနေဖြင့် ထပ်တူထပ်မျှကိုယ်ချင်းစာစိတ်နဲ့ ဒီဆောင်းပါးကိုရေးသားခြင်းဖြစ်ပါတယ်။ လမ်းမှားရောက်နေသူ ဆရာ၊ ဆရာမတွေ၊ ကျောင်းသား၊ ကျောင်းသူတွေ၊ လူရွယ်တွေအနေနဲ့ မေ ၉ ရက်မှ ၁၆ ရက်ထိ ထုတ်ပြန်ပေးထားတဲ့ သတင်းကိုသိရှိပြီး ဥပဒေဘောင်အတွင်းဝင်ရောက်ကြဖို့ဖိတ်ခေါ်ပါတယ်။ အကယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်မယ်လို့ဆုံးဖြတ်ပြီးရင် ရဲရဲဝံ့ဝံ့ ဝင်ရောက်လာပါ။ သင့်လက်ထဲမှာ ဘာလက်နက်မှ ပါမလာလဲ နိုင်ငံတော်က ငွေကျပ်သိန်း ၂၀ ချီးမြှင့်ပေးပါတယ်။ မိဘတိုင်းက မိမိတို့ရဲ့သားသမီးတွေ ရွှေအိုးထမ်းလာတာကိုပဲ မြင်ချင်နေကြမှာပါ။ အဲဒီတော့ ရွှေအိုးထမ်းလာနေသူကလေးတွေအဖြစ် ဥပဒေဘောင်အတွင်း ဝင်ရောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း


တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၄ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၄** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများအနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ယခုဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း တရုတ်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ကုန်သွယ်မှုပမာဏအများဆုံး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇွန် ၂၇**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ မေလကုန်ထိနှစ်လတာကာလအတွင်း ကုန်သွယ်မှုမိတ်ဖက်နိုင်ငံ ၁၀၄ နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး တရုတ်၊ တာဂျစ်ကစ္စတန် (TA-JIKISTAN)၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံပေါင်း ၂၃၈ နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများအနက် ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံ ၁၀၄ နိုင်ငံနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၀၇၉ ဒသမ ၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၃၂၄၃ ဒသမ ၁၂၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၃၂၂ ဒသမ ၉၂၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် တရုတ်နိုင်ငံနှင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၅၀၉ ဒသမ ၉၈၉ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၄၀ ဒသမ ၄၆၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၅၀ ဒသမ ၄၅၈ သန်းဖြင့် ကုန်သွယ်မှုပမာဏအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တာဂျစ်ကစ္စတန်နိုင်ငံ(TAJIKISTAN) နှင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၅၁၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၄၃၀ ဒသမ ၀၅၁ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၄၄ ဒသမ ၅၆၃ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံနှင့် ပို့ကုန်အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၉၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇၆၃ ဒသမ ၈၇၂ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၉၄ ဒသမ ၂၆၅ သန်းဖြင့် ကုန်သွယ်မှုပမာဏ တတိယအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မလေးရှားနိုင်ငံနှင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၄၈ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၂၃၆ ဒသမ ၆၇၈ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅၇ ဒသမ ၇၂၆ သန်းဖြင့် ကုန်သွယ်မှုပမာဏ စတုတ္ထအများဆုံးဆောင်ရွက်နိုင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၅၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၄၀ ဒသမ ၆၁၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၄၆ ဒသမ ၉၇ သန်းဖြင့် ကုန်သွယ်မှုပမာဏ ပဉ္စမအများဆုံး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

## ကျိုက်လတ်မြို့နယ်၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကျိုက်လတ် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကွမ်းချောင်းကြီးကျေးရွာအုပ်စု အိုင်သရဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ မွေ့ရုံအတွင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့်စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မိမိတို့ ကျေးရွာအတွက် တာဝန်ယူဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

ကျိုက်လတ်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ကျေးရွာ ၁၀ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက နည်းပညာပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က ပြောပြ၍ သိရသည်။ **ကိုလှိုင်**



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်








## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း(စားကြင်ဝ)၊ Grade-2 တွင် ပညာသင်ကြားနေသော ဦးမင်းမင်းဝင်း (၉/အမရ(နိုင်)၁၂၅၉၅၉)-ဒေါ်အိအိသွယ် (၉/အမရ(နိုင်)၁၄၁၈၃၈) တို့၏သမီး မနှင်းပွင့်အောင် အား မထူးထူးလွင် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မထူးထူးလွင်**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ Future Rays ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မသက်မှူးခင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးရဲမြင့်ဦး (၉/တသန(နိုင်)၁၃၀၄၈၃)ဖြစ်ပါကြောင်း။

**ဦးရဲမြင့်ဦး (၉/တသန(နိုင်)၁၃၀၄၈၃)**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၉၀/၁)၊ မြေကွက်အမှတ်(၂-က)၊ ဧရိယာ (၃. ၉၂၅)ဧကနှင့် မြေကွက်အမှတ် (၂-ခ)၊ ဧရိယာ (၁. ၆၀၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေပေါ်တွင် Mandalay Garden City Co.,Ltd မှ ဆောက်လုပ်ထားသော Garden City Apartment Complex ၏ တိုက်အမှတ်(၁၀)၊ (၄)လွှာ၊ အခန်းအမှတ်(၅)၊ (၆၀၅) စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် တိုက်ခန်းသွယ်တန်းတပ်ဆင်ထားသည့် ပစ္စည်းရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူ ဒေါ်မြတ်နိုးဇွန်(ဘ)ဦးအောင်ကျော်ဝင်း (၁၂/စခန(နိုင်)၀၇၃၄၃၃) ထံမှ ဦးနေထွန်းဝင်း (ဘ) ဦးဝင်း (၅/မရန(နိုင်)၁၂၉၃၃၆)က ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေထွန်းဝင်း (ဘ) ဦးဝင်း**
**(၅/မရန(နိုင်)၁၂၉၃၃၆)၊ 09-400425264**

## အရောင်းဝန်ထမ်း မ(၁၀)ဦး အလိုရှိသည်

(1) စားရိတ်ငြိမ်း မ (၅)ဦး
အခြေခံလစာ ၁၅၀၀၀၀ိ/- ကြိုးစားလျှင် +++++
(2) စားရိတ်မငြိမ်း မ (၅)ဦး
အခြေခံလစာ ၂၀၀၀၀၀ိ/- ကြိုးစားလျှင် +++++

- အသက် 25 နှစ်အောက်၊ ရိုးသားကြိုးစားသူ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ကွန်ပျူတာအခြေခံရှိသူ ဦးစားပေးမည်။
- Interview ချိန်- ညနေ ၄ နာရီမှ ၆ နာရီထိ
- CV Form နှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။
- ၃၅လမ်း၊ ၈၃×၈၄ လမ်းကြား(စက်အပိုပစ္စည်းဆိုင်)
- 09-2008067, 09-796888123

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်နေ ဦးကျော်ကျော်ဦး-ဒေါ်လှဲ့လှဲ့ဦးတို့၏သား **မောင်ကောင်းသူဟိန်း (၉/ပကခ(နိုင်)၀၃၇၅၇၉)**သည် မိဘညီအစ်ကိုမောင်နှမတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးကျော်ကျော်ဦး (၉/မရတ(နိုင်)၀၀၁၂၀၄)**
**ဒေါ်လှဲ့လှဲ့ဦး (၅/တဆန(နိုင်)၀၈၇၁၃၀)**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဓမ္မယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပျောက်ဆုံးကြောင်း

နွားထိုးကြီးမြို့၊ရေတွင်းကြီးရွာနေ ထွန်းနိုင်(ဘ)ဦးခင်ဝင်း (၉/နထက(နိုင်)၁၅၆၃၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-066063)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၈၄၄၉၆၁၀၀**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မပိုးသန္တာကျော်မြင့် (၉/ခအဇ(နိုင်)၀၄၀၂၄၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-715425)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၂၅၉၂၃၀၉၈၈**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၇)၊ အိမ်အမှတ်(၁၀၀)နေ မောင်ကောင်းဇော် (ဘ) ဦးဝင်းဗိုလ် (၉/မခန(နိုင်)၂၈၄၆၄၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-261063)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၇၈၄၀၇၇၂၄**

## ပျောက်ဆုံးကြောင်း

ဟိုင်းကြီးကျွန်းမြို့နေ ရွှေယဉ်မြိုး (ဘ) ဦးကြီးရွှေ (၁၄/ဟကက(နိုင်)၀၄၁၆၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-477458)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၀၁၃၉၇၆၁

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်နေ မဆည်းဆာ (ဘ) ဦးမျိုးဝင်း (၅/ယမပ(နိုင်)၁၃၄၇၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-307037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၂၄၄၂၆၇၉

ဥတု
ရာသီ
တောကိုမှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ မျှော်မှန်းသည့်ပန်းတိုင်ကို အချိန်တိုအတွင်း အောင်အောင်မြင်မြင်ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထိုပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း မိမိတို့တိုင်းရင်းသားအားလုံး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၅.၁.၂၀၂၃**



## ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

တက္ကသိုလ် လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဟူသော ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဆဋ္ဌမနေ့ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများတွင် ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

နံနက်ပိုင်းတွင် အုပ်စု(ဂ) ပွဲစဉ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❖



**ယခုဘဏ္ဍာနှစ် ဧပြီလမှ မေလအတွင်း တရုတ်၊ တာချစ်ကစ္စတန်၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံတို့နှင့် ကုန်သွယ်မှုပမာဏ အများဆုံးဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၃၀